# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်  ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္လာနေ့၊  အတွဲ [၅၅]၊ အမှတ် [၀၈၉]


**စည်းရုံးအောင်မြင်နည်း ကျင့်စဉ်လေးမျိုး**

- ✻ ပေးကမ်းထောက်ပံ့ခြင်း၊
- ✻ ချစ်ဖွယ်စကားပြောဆိုခြင်း၊
- ✻ သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊
- ✻ ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်း။

# အလောင်းတော်ကဿပသို့ အန္တရာယ်ကင်းရှင်းစွာ ဖူးမြော်နိုင်ရန် ရာသီလမ်းဖွင့်


သတင်းနှင့်ဓာတ်ပုံ
မင်းခန့်စိုး(ဇေယျာမြေ)

အလောင်းတော်ကဿပစံကျောင်းတော်သို့ ဘုရားဖူးများပို့ဆောင်ပေးသည့်ဆင်များကို တွေ့ရစဉ်။

ပုလဲ ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နှင့် ၄၁ မိုင်ကွာဝေးသော သဘာဝ သစ်ပင်သစ်တောကြီး၏ အလယ်တွင်ရှိသည့် အလောင်းတော်ကဿပဗုဒ္ဓပူဇနိယပွဲတော်နှင့် ကပိုင်-သပိတ်ဆေးဘုရား ရာသီလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ယင်းမာပင်မြို့နယ် ကပိုင်စံပြကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလောင်းတော်ကဿပနှင့် သပိတ်ဆေးဘုရားသည် ယင်းမာပင်မြို့နှင့် ၄၁ မိုင်ကွာဝေးပြီး ယင်းမာပင်-ဇီးတော-ကပိုင်လမ်းမှ လည်းကောင်း၊ မုံရွာမြို့နှင့် မိုင် ၅၀ ကျော်ကွာဝေးပြီး မုံရွာ-ယာကြီး-ကလေးဝလမ်းမှ လည်းကောင်း သွားလာနိုင်ပြီဖြစ်သည်။ယင်းမာပင်-ဇီးတော-ကပိုင်လမ်းသည် မိုင် ၂၀ ရှိ၍ မုံရွာ-ယာကြီး-ကလေးဝ လမ်းပိုင်းမှသွားမည်ဆိုလျှင် *စာမျက်နှာ ၈ ကော်လံ ၁* ■

# အစားအစာဘေးကင်းလုံခြုံရေးအတွက် အရေးတကြီးသတိထားရမည့် စားဖိုဆောင်ကဏ္ဍ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

နေပြည်တော် ဒီဇင်ဘာ ၂၇

"ပထမဆုံးစားမိတဲ့ ထမင်းလုတ်မှာတင် ပြဿနာနဲ့ တိုးတော့တာပဲ။ ကျွန်တော်သိတဲ့အချိန်မှာ ကျွန်တော်နဲ့အတူတူစားနေတဲ့ မိတ်ဆွေ့ဧည့်သည်တွေလည်း ကျွန်တော့်ပန်းကန်ကိုကြည့်ပြီး မျက်နှာပျက်သွားကြတယ်။ ယင်ကောင်အသေတစ်ကောင်ကြောင့် ကိုယ်ကညွှန်းဆိုပြီး ခေါ်သွားတဲ့ဆိုင်က မသန့်ရှင်းဘူးဆိုပြီး အသစ်စက်စက် လုပ်ငန်းဖက်စပ်လုပ်ကိုင်မယ့် သူငယ်ချင်းတွေ အထင်သေးတာကိုခံလိုက်ရသလိုပဲ။ ပိုဆိုးတာက ဆိုင်အလုပ်သမားကိုပြောတော့ နောက်ချဉ်ရည်ဟင်း အသစ်တစ်ပန်းကန်လဲပေးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တစ်ဝိုင်းလုံးထမင်းဆက်မစားနိုင်ခဲ့ဘူး"ဟု ရန်ကုန်မြို့ မြို့လယ်ကောင်ရှိ နာမည်ရ ထမင်းဆိုင်တစ်ခုတွင် ဝင်ရောက်စားသုံးမိခဲ့သူ ကိုမြင့်(အမည်လွှဲ)က ပြောသည်။

အစားအစာများကို ကျန်းမာရေးနှင့်အညီ စနစ်တကျ ချက်ပြုတ်တည်ခင်းမှုဆိုင်ရာ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻


အစားအစာဘေးကင်းရေးတွင် ဤသို့စနစ်ကျသန့်ရှင်းရေးမှာ အထူးအရေးကြီးသည်။

## ယနေ့ မာတိကာ


ငါးနှစ်နီးပါးကြာ ပြည်တွင်းစစ်အဆုံးသတ်နိုင်ရေး ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဇန်နဝါရီ ၂၅ ရက်စမည် — စာ ၄

၂၀၁၅ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ တူညီခိုင်မြဲသောခြေလှမ်းများမှသည် ၂၀၂၅ ဆီသို့ — စာ ၆

ဖွံ့ဖြိုးတိုးတက်နေသည့် ချောင်းသာနှင့်ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းများ — စာ ၉


## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ပူတာအိုမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| ခန္တီးမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |

## နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မြန်မာ့အလင်း)

## အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | အနိမ့်ဆုံး အပူချိန် စံချိန်သစ် | | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ခန္တီး | ၂. ၇ | ၃၆. ၉ | ၃. ၁ | ၃၇. ၆ | ၂၃-၁၂-၂၀၁၅ | ၅၁ |


MYANMAR KAIDO CO., LTD.
YOUR MOST RELIABLE PARTNER
Special Price SALES PROMOTION
ဒီဇင်ဘာ တစ်လတည်း
That's KOBELCO! Your First Choice
KOBELCO
CALL NOW !
09 517 0346 ( YGN )
09 259 959 633 ( MDY )
09 492 06340 ( YGN )


## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သာသနာစည်ပင်ဖွံ့ဖြိုးစေကြောင်း

မည်သည့်ဘာသာမဆို မိမိတို့ကိုးကွယ်ယုံကြည်သော ဘာသာရေးအဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်နိုင်ရေး အဓိက ရေသောက်မြစ်ဖြစ်သည့် သာသနာတော်အဓွန့်ရှည်စွာ စည်ပင်ပြန့်ပွားအောင်ဆောင်ရွက်ခြင်းဖြင့် သာသနာ၏အကျိုးကျေးဇူးကို ခံစားနိုင်ပြီး ဘာသာရေးအဆုံးအမများအောက်တွင် အေးချမ်းသော လူမှုအသိုက်အဝန်းကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။ ယနေ့တည်ငြိမ်အေးချမ်းသော ကမ္ဘာကြီးအဖြစ် တည်ဆောက်နိုင်ခြင်းမှာလည်း အသီးသီးသော ဘာသာရေးအဆုံးအမများကြောင့်ပင်ဖြစ်သည်ဟု အများစုက လက်ခံယုံကြည်ထားကြပါသည်။

ဗုဒ္ဓဘာသာတွင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ်ရှိပါသည်။ ဤသာသနာသုံးရပ် စည်ပင်ဖွံ့ဖြိုးခြင်းအဓိကအကြောင်းအရင်းမှာ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ ကျမ်းဂန်စာပေများ ရှင်သန်ပြန့်ပွားအောင် ဆောင်ရွက်ရသည့် ပရိယတ္တိသာသနာရှင်သန်ဖွံ့ဖြိုးရေးပင်ဖြစ်ပါသည်။ ရဟန်းသံဃာများအား ဗုဒ္ဓစာပေများသင်အံ့ကျက်မှတ်ခြင်းဖြင့် ပရိယတ္တိသာသနာကို ချီးမြှောက်အားပေးလျက်ရှိပါသည်။ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ (၂၁)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့ရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ဓမ္မာစရိယ(Ph.D)ဘွဲ့ရနှစ်ပါး၊ မဟာဓမ္မာစရိယ(M.A)ဘွဲ့ရ ၂၃ ပါး၊ ဓမ္မာစရိယ(B.A)ဘွဲ့ရ ၉၉ ပါး စုစုပေါင်း ၁၂၄ ပါးတို့ ဘွဲ့ခံယူတော်မူခဲ့ကြကြောင်း သိရပါသည်။ ထိုမတိုင်မီက အကြိမ်(၂၀)မြောက်အထိ ဓမ္မာစရိယ(B.A)ဘွဲ့ရ ၁၇၇၁ ပါး၊ မဟာဓမ္မာစရိယ(M.A)ဘွဲ့ရ ၃၅၆ ပါး၊ ဓမ္မပါရဂူ(Ph.D)ဘွဲ့ရ ခုနစ်ပါးအပါအဝင် ၂၁၃၄ ပါး စုပေါင်းဘွဲ့ခံယူတော်မူခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဘွဲ့ရပညာတတ်များ လိုအပ်ပါသည်။ ထို့အတူ သာသနာစည်ပင်ပြန့်ပွားစေရန် ပရိယတ္တိစာပေကျမ်းဂန်တတ်မြောက်သော ရဟန်းရှင်သာမဏေများပေါ်ထွန်းရေးပင် ဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေးသာသနာ့တက္ကသိုလ်ကြီးများက ဘွဲ့ရရဟန်းသံဃာတော် အရှင်သူမြတ်များအား မွေးထုတ်ပေးလျက်ရှိပါသည်။ ဤသာသနာ့တက္ကသိုလ်ကြီးများကို ဗဟိုမဏ္ဍိုင်ပြု၍ ပရိယတ္တိကျွမ်းကျင် အရှင်သူမြတ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။ ပရိယတ္တိသာသနာသည် သာသနာတော်ရှင်သန်ပြန့်ပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။

ပရိယတ္တိသာသနာကို ထွန်းကားအောင်ဆောင်ရွက်ခြင်းဖြင့် ပဋိပတ္တိနှင့် ပဋိဝေဓသာသနာတို့သည်လည်း အဓွန့်ရှည်စွာ စည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ သာသနာသုံးရပ်စလုံး အဓွန့်ရှည်စွာ စည်ပင်ဖွံ့ဖြိုးစေခြင်းဖြင့် တည်ငြိမ်အေးချမ်းသော လူ့အသိုက်အဝန်းကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာ၏ အခြေခံအုတ်မြစ်ဖြစ်သော ပရိယတ္တိသာသနာထွန်းကားပြန့်ပွားရေး ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အပေါင်းက ပိုမိုအလေးအနက်ထားကာ ချီးမြှောက်အားပေးကြရမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# မန္တလေး၌ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း အမှတ်စဉ် (၇/၂၀၁၅) လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်း ၃၂ × ၃၃ လမ်းကြား အသင်းရုံးတည်ရှိရာ ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးပိုမြင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်ဝင်းက အသင်းကြီး၏ စည်းရုံးလှုပ်ရှားဆောင်ရွက်နေမှုများနှင့် အသင်း၏ ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ရွေးချယ် စေလွှတ်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် တရုတ်နိုင်ငံ ဖူးကျင့်ပြည်နယ် ရှိမန်-ထုံးအန်မြို့မှ မစ္စတာ ဟွမ်ဆုကြုံဦးဆောင်သော အဖွဲ့နှင့် နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များဆွေးနွေးပြီး အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဌေးအောင်(မန်း)**

# သာကေတမြို့နယ်၌ အားကစားပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

သာကေတမြို့နယ်၌ အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က မြင်တော်သာလမ်းရှိ မြို့နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အဆိုပါ ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့် စနူကာ အားကစားနည်းပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့်အထက်တန်းကျောင်းများ၊ ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အနိုင်ရအသင်းများကို ဇန်နဝါရီ ၄ ရက်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်**

# ဝဏ္ဏသိဒ္ဓိကလေးကစားကွင်းနှင့် ပန်းခြံအတွင်း လျှပ်စစ်မီးများ ထွန်းပေးရန်မျှော်လင့်

**ထင်သာမြင်သာ ပြုပြင်စရာ**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ရတနာဒီပလမ်းနှင့် လှသူဇာလမ်းဆုံရာထောင့်ရှိ အများပြည်သူအပန်းဖြေနားနေရန်နှင့် ကလေးငယ်များ ဆော့ကစားရန် သက်ဆိုင်ရာက ပြုလုပ်ပေးထားသည့် ကစားကွင်းနှင့်တွဲလျက် ပန်းခြံငယ်သည် လမ်းမီးများရှိသော်လည်း ပန်းခြံအတွင်း လျှပ်စစ်မီး တပ်ဆင်ထားခြင်း မရှိသေးသည့်အတွက် ညဥ့်အခါ စိတ်အပန်းဖြေနားနေချင် သော် လည်း အမှောင်ထုကြောင့် သင့်လျော်ခြင်း မရှိကြောင်း အပန်းဖြေသူများက ဆိုသည်။



"ကလေး ကစားကွင်းနဲ့ ပန်းခြံကို သက်ဆိုင်ရာက မွမ်းမံပြင်ဆင်ပေးထားတဲ့အတွက် မနက်ခင်းနဲ့ ညနေခင်းမှာတော့ အဆင်ပြေပေမယ့် ညဘက်မီးမရှိတော့ အပန်းဖြေဖို့ မသင့်တော်ဘူး။ မကြာသေးမီကလည်း ပန်းခြံထဲမှာ အရက်သေစာသောက်စားပြီးထိုင်ခုံတွေကို ဖျက်ဆီးတာတွေ့ရဖူးတယ်။ လျှပ်စစ်မီးလင်းနေမယ်ဆိုရင် မြို့အင်္ဂါရပ်နဲ့လည်း ညီ၊ အကောင်အမွှားလည်း ကင်းဝေးပြီး ကလေး၊ လူကြီးများ ညပိုင်းအပန်းဖြေနားလို့ရပါတယ်။ ပန်းခြံရှေ့မှာအားကစားပစ္စည်းအစုံ တပ်ဆင် ပေးထားတဲ့အတွက်လည်း သက်ဆိုင်ရာကို ကျွန်မတို့ အထူးပဲ ကျေးဇူးတင်ပါတယ်" ဟု ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း နေထိုင်သူများက ပြောကြားသည်။ **ကိုပေါက်(ဥတ္တရမြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၈၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၆၆ |

ခင်ရတနာ-စုစည်းသည်။

# (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့သြဝါဒါစရိယဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာသင်တိုက်များမှ စာထောက်၊ စာမဆရာတော်ကြီးများ၊ စာပြန်၊ စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။ **(ယာပုံ)**

ရှေးဦးစွာ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် "တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ လွတ်လပ်ရေး၏ ဖွားဖက်တော်သဖွယ်မှတ်ယူခဲ့သော စာမေးပွဲကြီးဖြစ်ပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ ရှေးပြေးနိမိတ်အရုဏ်ဦး အလင်းဖြစ်ခဲ့ပါကြောင်း၊ ထိုစာမေးပွဲကြီးကို စတင်ကျင်းပစဉ်က ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့တည်ရှိရာ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ (၄၆)ကြိမ်အထိ ကျင်းပခဲ့ပြီး (၄၇)ကြိမ်မှစကာ ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီး ကျင်းပခဲ့သည့် နေရာဖြစ်သော မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သာသနာရေးဝန်ကြီးဌာနက နှစ်စဉ်မပြတ် တစ်နှစ်တစ်ကြိမ် ပျက်ကွက်မှုမရှိအောင် ကျင်းပခဲ့သည်မှာ ယခု (၆၈)ကြိမ် တိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၏ အလင်းပေးစနစ်၊ အလင်းရောင်အားဖြည့်စနစ်၊ အသံထိန်းနံရံများ၊ အသံစုပ်အားကောင်းအောင် အသစ်လဲလှယ်ပြင်ဆင်ခြင်း၊ ပရိဘောဂများအပါအဝင် လုပ်ငန်း ၁၈ ခုအတွက် ငွေကျပ်သိန်းပေါင်း ၃၂၀၀ ကျော်ကို စာဖြေသံဃာတော်များ အဆင်ပြေ ချောမွေ့စေရန်အတွက် ယခင်နှစ်များနှင့်မတူ ပြင်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့၏ ထေရဝါဒဗုဒ္ဓ သာသနာဂုဏ်ရောင် ထွန်းပြောင်စေခဲ့သည့် ဆဋ္ဌသင်္ဂါယနာ ပွဲတော်ကြီးနှင့်အတူ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတို့သည် ဆက်စပ်နေပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုကာလများကတည်းက လွတ်လပ်ရေးရပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ထိုသတင်းစကား ကြားသိကြသော ကျန်ထေရဝါဒနိုင်ငံများက "သင်္ဂါယနာတင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း"သဘောထားမျိုးဖြင့် ဝေဖန်ပြောဆိုချက်ကြောင့် ပိဋက အာဂုံဆောင် ပုဂ္ဂိုလ်ရရှိရေး ရည်ရွယ်လျက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအတွက် အခြေခံပဓာနကျလှသည့် ပရိယတ္တိသာသနာတော်၏ အလံတံခွန်သဖွယ်ဖြစ်သည့် တိပိဋကဓရ၊ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်အဖွဲ့အစည်းက နိုင်ငံတော်ကို ဦးဆောင်သည်ဖြစ်စေ အစဉ်အမြဲဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း"ဖြင့် လျှောက်ထားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တွဲဖက်အကျိုးတော်ဆောင် ကျောက်ဆည်မြို့ ရွှေစေတီပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကို ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၂၈ ရက်အထိ ၃၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အာဂုံဖြေဆိုမည့် သာသနာ့အာဇာနည် ၂၃၅ ပါးနှင့် ရေးဖြေဖြေဆိုရန် သာသနာ့အာဇာနည် ၁၅၂ ပါး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။



တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးစတင်ကျင်းပခဲ့သည်မှစ၍ ၁၉၉၈ ခုနှစ်အထိ နှစ်ပေါင်း ၅၀ ကာလအတွင်း ပိဋကသုံးပုံကို အာဂုံဆောင်နိုင်ပြီး ပါဠိတော်အပြင် အဋ္ဌကထာ ဋီကာနှင့်တကွ ခဲရာခဲဆစ် သဘောရေးဖြေကိုပါ အောင်မြင်တော်မူသည့် တိပိဋကကောဝိဒအောင် သာသနာ့အာဇာနည် အရှင်မြတ်ရှစ်ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကကောဝိဒ အောင်မြင်ပြီး၍ အနည်းဆုံးကာလ ငါးနှစ်သက်တမ်း ပြည့်မြောက်လျှင် ဆက်ကပ်သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ်တို့မှာလည်း ၂၀၁၅ ခုနှစ်အထိ ရှစ်ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

✻ ရှေ့ဖုံးမှ

အသုံးပြုသည့်အမယ်များကို စီမံခန့်ခွဲမှုအတတ်ပညာနှင့် သိုလှောင်ထားရှိမှု အခန်းကဏ္ဍတို့သည် တိုးတက်လာသည့် နိုင်ငံ့စီးပွားရေး၊ လူမှုရေးခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမြှင့်တင်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပြောကြားသည်။

"အစားအသောက်တွေကြောင့် ကင်ဆာဖြစ်ပွားမှုနှုန်းက မြင့်တက်ရသလို အသည်းရောဂါနဲ့အခြား ကူးစက်ရောဂါတချို့လည်း ဖြစ်နိုင်ပါတယ်။ အကောင်းဆုံးက သန့်ရှင်းလတ်ဆတ်တဲ့ ကုန်ကြမ်းဖြစ်ဖို့နဲ့ အထပ်ထပ်အခါခါသုံးနေတဲ့ ချက်ပြုတ်တဲ့အိုးတွေ သန့်ရှင်းမှုကို ဂရုပြုသင့်ပါတယ်။ အခုနောက်ပိုင်းမှာ နိုင်ငံတကာက နာမည်ကျော်ဆိုင်ကြီးတွေ ပြည်တွင်းမှာ ဖွင့်လာကြတယ်။ သူတို့နဲ့ ယှဉ်ပြိုင်ပြီး ရောင်းချရာမှာ ပြည်တွင်း အစားအသောက်ရောင်းချသူတွေ အမှီလိုက်နိုင်ဖို့လိုအပ်တယ်"ဟု ၎င်းကပြောကြားသည်။

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လည်း မူဝါဒဆိုင်ရာနှင့် ဥပဒေရေးရာများ အဆင်သင့်ဖြစ်နေသော်လည်း ပြည်သူများအတွက် လိုအပ်သည့် ဗဟုသုတများနှင့် နားလည်မှုဆိုင်ရာ လိုအပ်ချက်များကို မြင်တွေ့နေရကြောင်း၊ ထိုကဲ့သို့ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ပြည်သူများ အသိပညာတိုးပွားမှသာ ကျန်းမာရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် ရောင်းချသူများကို ဝေဖန်ထောက်ပြခြင်း၊ အကြံညာဏ်များပေးခြင်းတို့ ပြုလုပ်နိုင်ကာ အစားအသောက် အရောင်းဆိုင်များ၏ အရည်အသွေး မြင့်မားလာနိုင်ကြောင်း၊ ယခုအခါ နာမည်ကြီး စားသောက်ဆိုင်အချို့မှာပင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော စားဖိုဆောင်များကို မြင်တွေ့ ကြားသိနေရဆဲဖြစ်ကြောင်း ယူအင်န်အေအိုင်ဒီ၏ မြန်မာနိုင်ငံဆိုင်ရာတာဝန်ရှိသူ မစ္စတာ စတိပါကာက ပြောကြားသည်။

"အစားအသောက်သန့်ရှင်းမှုနဲ့ စားဖိုချောင်အရည်အသွေးက အစားအသောက်လုပ်ငန်းမှာ အခြေခံအရေးကြီးတဲ့ အစိတ်အပိုင်းပါ။ ကျွန်မအထင်ပြောရရင် စားသောက်ဆိုင်အများစုက ဝန်ဆောင်မှုကို ပိုမိုအားထုတ်ကြပြီး ကျန်းမာရေးအသိအားနည်းတာကိုတွေ့ရတယ်။ သန့်ရှင်းမှုဆိုတဲ့နေရာမှာ ဇွန်းတစ်ချောင်းကိုစွကနေ ကုန်ကြမ်းဝယ်ယူတဲ့ ခြင်းတောင်းကအစ အထူးဂရုစိုက်ရပါတယ်။ သုံးစွဲတဲ့ကုန်ကြမ်းတွေဆိုရင်လည်း အာမခံချက်ရှိတဲ့ ဆိုင်တွေ၊ လုပ်ငန်းတွေက ရောင်းချတာမျိုးကို ရွေးချယ်ဖို့လိုပါတယ်။ အရေးအကြီးဆုံးက စားဖိုမှူးတွေရဲ့ ကျန်းမာရေးအသိအမြင်ဖြစ်ပါတယ်။ လုပ်ငန်းခွင်မှာ ဖြစ်လေ့ဖြစ်ထရှိတာက စားဖိုမှူးကိုယ်တိုင်ကတော့ နိုင်ငံတကာအဆင့် မီကောင်းမီနိုင်တယ်။ အရည်အချင်းလည်းရှိသူတွေဖြစ်တယ်။ သို့သော် စားဖိုချောင်အကူအများစုကတော့ ပညာနိမ့်ပါးတတ်ပြီး သူတို့တွေကိုလည်း ကျန်းမာရေးအသိပညာတွေ ပေးထားဖို့လိုအပ်တယ်"ဟု အဲလီးဖန့် စားသောက်ဆိုင်ပိုင်ရှင် ဒေါ်ချယ်ရီအောင်ခင်က ပြောကြားသည်။

ထို့ပြင်အများပြည်သူများ သွားလာမှုများသည့် စေတီပုထိုးများ၊ ပန်းခြံများနှင့် ရုပ်ရှင်ရုံများ၊ ကားမှတ်တိုင်များနှင့် ဘုရားပွဲများတွင် ရောင်းချနေသည့် အစားအသောက်အများစုမှာ ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိသည့် အစားအသောက်များဖြစ်ပြီး ၇၀ ရာခိုင်နှုန်းသည် သန့်ရှင်းမှုအားနည်းနေသေးကြောင်း အစားအသောက်ထုတ်လုပ်မှုဆိုင်ရာ ဓာတုနည်းပညာဖြင့် ပါရဂူဘွဲ့ရရှိထားသူ ဒေါက်တာဒေဝီမျိုးသန့်က ပြောကြားသည်။

"ပွဲဈေးတန်းမှာ ရောင်းချတဲ့ ဒေသထွက်ကုန်တွေနဲ့ အသား၊ ငါးရောင်းချမှုတွေအများစုဟာ လတ်ဆတ်မှုမရှိတာရော၊ သန့်ရှင်းမှုမရှိတာတွေကြောင့် အရင်ကတည်းက မစားသင့်ပါဘူး။ ဒါပေမယ့်နောက်ပိုင်းမှာ ပိုပြီးဆိုးရွားတဲ့အခြေအနေတွေကို မြင်တွေ့ရတယ်။ ဥပမာ-ဆိုးဆေးတွေကို အဆမတန်သုံးထားတဲ့အပြင်၊ ဓာတုဗေဒဆေးဝါးတွေဖြစ်တဲ့ တာရှည်ခံတဲ့ ဆေးတွေ သုံးလာကြတာကို ကိုယ်တွေ့ကြုံခဲ့ရတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ယခုနောက်ပိုင်း ခေတ်စားလာခဲ့သည့် ပလတ်စတစ်အကြည် ရေသန့်ဘူးများကို ဆီပူပူထဲသို့ ထည့်သွင်းကာ အရည်ပျော်စေခြင်းဖြင့် အကြော်များသည် ပိုမိုကြွပ်ရွစေခြင်း၊ တာရှည်ခံခြင်းနှင့် အရသာလေးပင်ခြင်းတို့ ရရှိသဖြင့် အကြော်ခံအနေဖြင့် ထည့်သွင်းအသုံးပြုမှုများ ရှိနေသည်ကို မြင်တွေ့ရသည်။

"ကိုယ်တွေ့ အဖြစ်အပျက်ပါ အဲဒီဆိုင်က တပ်ကုန်းမြို့စွန်မှာရှိပါတယ်။ ခါဂျာမုန့်တွေကိုလည်း လက်ကားရောင်းချသလို ညနေပိုင်းမှာ အကြော်တွေလည်း အများကြီး လက်ကားပေးရောင်းတယ်။ တစ်နေကုန်လည်း စမူဆာ၊ ပလာတာနဲ့ အီကြာကွေးတွေကို ကြော်ရောင်းတယ်။ စားလို့ကောင်းတဲ့ဆိုင်တစ်ဆိုင်ဖြစ်ပေမယ့် သူတို့ကြော်နေတဲ့ အချိန်ရောက်သွားတော့ ရေသန့်ဘူးအသေးနှစ်လုံးကို မျက်စိရှေ့မှာတင် ဆီပွက်ပွက်ဆူတဲ့အထဲကို ထည့်ကြော်တာမြင်ခဲ့ရတယ်။ သူတို့က ဘေးထွက်ဆိုးကျိုးကို လုံးဝမသိကြဘူး။ စားကောင်းပြီး တစ်နေကုန်လို့ နောက်တစ်နေ့ကူးတဲ့အထိ အကြော်တွေက ကြွပ်ရွနေတာကြောင့် သုံးနေတယ်လို့ပြောပါတယ်"ဟု ကိုယ်တွေ့ကြုံခဲ့သူတစ်ဦးက ပြောသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ သတိပေးချက်အရ စားဖိုဆောင်တာဝန်ရှိသူများ၏ ကျန်းမာရေးအသိပညာ နည်းပါးမှုကြောင့် အသက်ဆုံးရှုံးမှုများသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ပိုမိုမြင့်တက်လာပြီး အများစုသော အိမ်ရှင်မများသည် ချက်ပြုတ်ခြင်းနှင့် မိသားစုကျန်းမာရေးအတွက် စနစ်တကျပြုစုဆောင်ရွက်မှုအပိုင်းတွင် လစ်ဟင်းကာ ဝင်ငွေရရှိရေးနှင့် မိသားစုအဆင့်အတန်းမြင့်မားရေးပိုင်းတွင်သာ အာရုံစိုက်လာကြောင်း သိရသည်။

"မိသားစုအတွက် ခံတွင်းတွေ့ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာ ပြင်ဆင်ပေးဖို့ အချိန်နည်းပါးနေပြီး အသင့်စား ရယ်ဒီမိတ်အသားဘူးတွေနဲ့ စတိုးဆိုင်တွေ၊ ရှော့ပင်းမောတွေကနေ ဝယ်ယူလို့ရတဲ့ အစားအသောက်တွေက နေရာယူလာကြပါပြီ။ သို့သော် သတိထားသင့်တဲ့အချက်က တစ်ခါက ရှော့ပင်းမောတစ်ခုက ဝယ်လာတဲ့ အသင့်စားချဉ်ပေါင်ကြော်တွေစားသုံးပြီး မိသားစုလေးဦးစလုံး အစာအဆိပ်ဖြစ်တာ ကြုံခဲ့ရတယ်။ အိမ်မှာက လူခွဲမရှိတော့ အသင့်စားတွေကို အားကိုးနေရပေမယ့် စနစ်တကျနဲ့ စစ်ဆေးမှုတွေတော့ လုပ်ပေးသင့်တယ်" ဟု အိမ်ရှင်မတစ်ဦးကပြောကြားသည်။

အစားအသောက်ထုတ်လုပ်သည့် နေရာမှာ သန့်ရှင်းမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အများပြည်သူကြိုက်နှစ်သက်စေမည့် အရသာဖြစ်လာစေရေးအတွက် စနစ်တကျ သုတေသန လုပ်ရသည့်အပြင် ထုတ်လုပ်ရာတွင်လည်း ဘေးဥပဒ် မဖြစ်စေမည့် ကုန်ကြမ်းများနှင့် လတ်ဆတ်သည့်ကုန်ကြမ်းများကို ရွေးချယ်ရကြောင်း၊ ဒေသထွက်ကုန်များဖြင့် ရယ်ဒီမိတ် အသင့်စား စားသောက်ကုန်မျိုးစုံကို လက်လီလက်ကား ရောင်းချလျက်ရှိသော မြန်မာပြည်သား မြန်မာ့အစားအစာလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဇေယျာကပြောကြားသည်။

"အစားအသောက်ရောင်းချတဲ့ နေရာမှာ အဓိကကတော့ စားသုံးသူတွေ အန္တရာယ်မဖြစ်စေဖို့နဲ့ ကုန်အမှတ်တံဆိပ်ရဲ့ အရည်အသွေးကို ထိန်းသိမ်းပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ အမယ်တွေ တိုးလာသလို ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေ အရည်အသွေးကိုလည်း အထူးထိန်းသိမ်းရပါတယ်။ မြန်မာပြည်ထွက် အစားအသောက်တွေ အနေနဲ့ ပြည်တွင်းမှာသာမက နိုင်ငံရပ်ခြားအထိ တင်ပို့နိုင်ဖို့ အရည်အသွေးက အဓိကကျတာကြောင့် အစားအသောက် ထုတ်လုပ်မှုတိုင်းမှာ သတိထားရမှာက စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးသာဖြစ်ပါတယ်"ဟု ဦးမျိုးဇေယျာက ပြောကြားသည်။

ဟိုတယ်အချို့နှင့် စားသောက်ဆိုင်အများစုမှာ စားဖိုချောင်သန့်ရှင်းရေးကို အဓိကထားဆောင်ရွက်မှုများ အားကောင်းလာသော်လည်း အများစုသော လမ်းဘေးအစားအစာ ရောင်းချသည့် ဆိုင်များ၏ သန့်ရှင်းမှုကို ဆောင်ရွက်ရန်အတွက်မှု ကြိုးပမ်းနေရသေးကြောင်း မြန်မာနိုင်ငံ စားသောက်ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦး ကပြောကြားသည်။

"သန့်ရှင်းမှုရှိဖို့အတွက် နေရာအခက်အခဲကလည်း ပြဿနာတစ်ရပ်ပါ။ လမ်းဘေးမှာ ဈေးရောင်းနေရလို့ ပုံကျဘဝတွေက သန့်ရှင်းမှုဆိုတာကိုသိပေမယ့် လက်တွေ့မလုပ်နိုင်တာတွေရှိပါတယ်။ ကျွန်တော်ကတော့ နေ့တိုင်းမရောင်းခင် သုံးစွဲမယ့် ပစ္စည်းတွေကို သန့်ရှင်းအောင် ပြင်ဆင်ထားပါတယ်။ ဒါမှလည်း ဖောက်သည်တွေရဲ့ယုံကြည်မှုကိုရမှာ" ဟု ဆူးလေဘုရားလမ်း ဆူးလေကားမှတ်တိုင်တွင် ညနေတိုင်း မုန့်ဟင်းခါးရောင်းချသူ ကိုတိုးကြီးက ဆိုသည်။

မည်သို့ပင်ဖြစ်စေ စားဖိုချောင်များ သန့်ရှင်းမှုဖြင့် လူထုကျန်းမာရေးကို မြှင့်တင်ပေးနိုင်ရေးအတွက် မိသားစု စားဖိုချောင်မှသည် ဟိုတယ်စားဖိုချောင်အထိ ပြင်ဆင်သွားရန်မှာ အထူးအရေးကြီးကြောင်း ယူအင်န်အေအိုင်ဒီ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ရှိသူ မစ္စတာ စတိပါကာက ပြောကြားသည်။

# အမေရိကန်တွင် လေဆင်နှာမောင်းများ ဆက်လက်တိုက်ခတ် ဒါးလက်တွင် ထိခိုက်မှုများပြီး သေဆုံးသူရှစ်ဦးရှိ

**ဒါးလက် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ ဒါးလက်၌ စနေနေ့က လေဆင်နှာမောင်းများတိုက်ခတ်ပြီး ရေကြီးခဲ့သဖြင့် လူရှစ်ဦးသေဆုံးကာ ယခုသီတင်းပတ်အတွင်း အမေရိကန်တောင်ပိုင်းပြည်နယ်များတွင် သေဆုံးသူ ၂၆ ဦးအထိ ရှိလာကြောင်း တာဝန်ရှိသူများနှင့် ဒေသမီဒီယာက ပြောသည်။

ဒါးလက်မြို့ ဆင်ခြေဖုံးမှ အရှေ့မြောက်ဘက် ၁၅ မိုင်အကွာတွင် လေဆင်နှာမောင်းတိုက်ခတ်ပြီး လူငါးဦးသေဆုံးသွားကြောင်း ဂါးလန်းအာဏာပိုင်တို့က အတည်ပြုပြောကြားသည်။ ယင်းလေဆင်နှာမောင်းကြောင့် နေအိမ်များ၊ အခန်းများနှင့် မော်တော်ကားများ လွင့်ပါပျက်စီးခဲ့ကြောင်း၊ သို့သော် လူပေါင်းမည်မျှ ထိခိုက်ဒဏ်ရာရသည်ကို အတည်မပြုနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ သေဆုံးသူငါးဦးသည် အဝေးပြေးလမ်းမကြီး အမှတ်(၁၉၀)အနီး တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းကြောင့် ကားများပျက်စီးနေမှုနှင့် ဆက်နွှယ်မှုရှိသည်ဟု ဆိုသည်။ အခြားနှစ်ဦးမှာ အဆိုပါမြို့ ဓာတ်ငွေ့အရောင်းဆိုင်တစ်ခုအနီး သေဆုံးလျက်တွေ့ရသည်ဟု ဆိုသည်။ ဘလူးရစ်တွင်လည်း ကလေးတစ်ဦး သေဆုံးခဲ့သည်။

ဒါးလက်တွင် တိုက်ခတ်သော လေဆင်နှာမောင်းများကြောင့် မြို့ကြီးအချို့ နေအိမ်များပျက်စီးပြီး ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသဌာနက အတည်ပြုပြောကြားသည်။

(ရိုက်တာ)



အမေရိကန်နိုင်ငံ အယ်လ်ဘားမားပြည်နယ် ဘာမင်ဂမ်အနီး လေဆင်နှာမောင်းတိုက်ခတ်၍ အပျက်အစီးများကို တွေ့ရစဉ်။



ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတက်ဖန်ဒီမစ်စတူရာ ရောမမြို့၌ ဆီးရီးယားအရေး ဆွေးနွေးစဉ်။

# ငါးနှစ်နီးပါးကြာ ပြည်တွင်းစစ်အဆုံးသတ်နိုင်ရေး ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဇန်နဝါရီ ၂၅ ရက်စမည်

**ကုလသမဂ္ဂ ဒီဇင်ဘာ ၂၇**

ဆီးရီးယား စစ်ပွဲအတွင်း ပါဝင်နေသော အုပ်စုများအနေဖြင့် ငါးနှစ်နီးပါးကြာ ပြည်တွင်းစစ်ဖြစ်ပွားမှုကိုအဆုံးသတ်ရန် ဂျီနီဗာ၌ လာမည့် ဇန်နဝါရီ ၂၅ ရက်တွင် အတူတကွ ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂက စနေနေ့တွင် ပြောကြားလိုက်သည်။

ဆီးရီးယားအစိုးရနှင့် အတိုက်အခံများ၊ အခြားသောအုပ်စုများ၏ ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးပွဲကျင်းပသွားရန် စီစဉ်ထားကြောင်း ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး စတက်ဖန်ဒီမစ်စတူရာ၏ ပြောရေးဆိုခွင့်ရှိသူ၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူအားလုံးအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။ ယင်းကြေညာချက်သည် ဒမတ်စကတ်မြို့စွန်၌ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ဆီးရီးယားသူပုန်ခေါင်းဆောင် ဇာရမ်အောလောက်ရှ် သေဆုံးခဲ့ပြီး တစ်ရက်အကြာတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာ ၁၈ ရက်တွင် ဆီးရီးယားငြိမ်းချမ်းရေး နိုင်ငံတကာလမ်းပြမြေပုံကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်ချလိုက်သည်။ ဆီးရီးယားအစိုးရနှင့် အတိုက်အခံများအကြား အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးကာ နှစ်နှစ်အတွင်း အစိုးရတစ်ရပ်ဖွဲ့စည်းလျက် ရွေးကောက်ပွဲများ ကျင်းပပေးသွားရမည်ဟု ဆိုသည်။

(ဆင်ဟွာ)

# ယီမင်မှပစ်သည့်စကတ်ဒုံးကျည် ဆော်ဒီကြားဖြတ်ပစ်ချလိုက်နိုင်

**ဒူဘိုင်း ဒီဇင်ဘာ ၂၇**

စနေနေ့တွင် ယီမင်ဘက်မှ ပစ်ခတ်လိုက်သော စကတ်ဒုံးကျည်ကို ကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း ဆော်ဒီအာရေဗျသတင်းအေဂျင်စီ အင်န်ပီအေက ပြောသည်။

ယင်းတိုက်ခိုက်မှုသည် လာမည့်လတွင် ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်မှုဖြင့်ပြုလုပ်မည့် အပစ်အခတ်ရပ်စဲရေးကို ခြိမ်းခြောက်နေသည်ဟု ဆိုသည်။

ဆာနားမှ ပစ်ခတ်လိုက်သော စကတ်ဒုံးကျည်တစ်စင်းကို ဆော်ဒီအာရေဗျလေတပ်က ယမန်နေ့ညပိုင်း ၁၁ နာရီခန့်တွင် ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း၊ နာရမ်းမြို့ကို ဦးတည်ပစ်ခတ်သော အဆိုပါဒုံးကျည်ကို ဆော်ဒီအာရေဗျလေတပ်မှ ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီကြေညာချက်တွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုမှာ ဆော်ဒီအမျိုးသားအစောင့်တပ်ကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယီမင်နိုင်ငံပိုင် သတင်းအေဂျင်စီက ပြောသည်။

ယင်းတိုက်ခိုက်မှုသည် အိမ်နီးချင်း ယီမင်မြောက်ပိုင်းမှ မကြာခဏ တိုက်ခိုက်မှုများ၏ နောက်ဆုံးအကြိမ်တိုက်ခိုက်မှုဖြစ်ပြီး ထိခိုက်သေဆုံးမှုမရှိဟု ဆိုသည်။

ဆော်ဒီအာရေဗျဦးဆောင်သော ပင်လယ်ကွေ့စစ်မဟာမိတ်နိုင်ငံများက မတ်လမှစတင်ကာ သမ္မတမန်ဆာဟာဒီ အာဏာပြန်ရရေးကြိုးပမ်းမှုတစ်ရပ်ဖြင့် အီရန်မဟာမိတ် ယီမင်ဟူသီလှုပ်ရှားမှုအဖွဲ့ကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

ယီမင်ပဋိပက္ခအတွင်း သေဆုံးသူ ၆၀၀၀ နီးပါး ရှိသွားပြီဖြစ်ရာ နိုင်ငံမှာ အဆိုးရွားဆုံးပျက်စီးနေပြီး လူသားချင်းစာနာမှု အကူအညီများလည်း လိုအပ်လျက်ရှိသည်။

(ရိုက်တာ)

# ဥရောပမြို့တော်များ၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်နိုင်သည်ဟု သတိပေး

**ဗီယင်နာ ဒီဇင်ဘာ ၂၇**

နှစ်သစ်ကူးမတိုင်မီ ဥရောပမြို့တော်များ၌ သေနတ်ပစ်ခတ်မှုသို့မဟုတ် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားနိုင်ကြောင်း၊ ထောက်လှမ်းရေးသတင်းများ ပိုမိုဖလှယ်ပြီး လုံခြုံရေးအစီအမံများ ဆောင်ရွက်သွားရန်လို အပ်ကြောင်း ဗီယင်နာရဲတပ်ဖွဲ့က စနေနေ့တွင် သတိပေးပြောကြားလိုက်သည်။

ထောက်လှမ်းရေးသတင်းအချက်အလက်များအရ တိုက်ခိုက်မှုများဖြစ်ပွားလာနိုင်ကြောင်း၊ လူပေါင်း၁၃၀ သေဆုံးခဲ့ရသည့် ပါရီတိုက်ခိုက်မှုအပြီး ခြောက်ပတ်ခန့်အကြာ ယင်းကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဗီယင်နာရဲအဖွဲ့က ပြောသည်။

ဩစတြီးယား နိုင်ငံသားများအနေဖြင့် လုံခြုံရေးသတိပြုကြရန်လိုကြောင်း ရဲအဖွဲ့က ပြောသည်။ ခရစ္စမတ်ကာလမှ နှစ်ကူးကာလအထိ ဥရောပမြို့တော်များ၌ သေနတ်ပစ်ခတ်မှုများအပါအဝင် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်လာနိုင်ကြောင်းဖြင့် ဗီယင်နာရဲတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

(ရိုက်တာ)

# တောင်အမေရိကတွင် နှစ် ၅၀ အတွင်း အဆိုးရွားဆုံးရေကြီး



**ဗျူနိုအေရိစ် ဒီဇင်ဘာ ၂၇**

ပါရာဂွေး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ ဘရာဇီးနိုင်ငံတို့၌ နှစ် ၅၀ အတွင်း အဆိုးရွားဆုံးရေကြီးမှုများဖြစ်ပွားလျက်ရှိရာ လူပေါင်း ၁၅၀၀၀၀ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

အယ်လ်နီညိုရာသီဥတုကြောင့် သည်းထန်သောမိုးများ ရက်ဆက်ရွာသွန်းခဲ့ရာ မြစ်ချောင်းအင်းအိုင်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ သေဆုံးမှုအနည်းဆုံး ခြောက်ဦးရှိကြောင်း အာဏာပိုင်များက ပြောသည်။

ပါရာဂွေးနိုင်ငံသည် အဆိုးရွားဆုံးဖြစ်ပြီး အရေးပေါ်အခြေအနေ ကြေညာထားရကာ လူပေါင်း ၁၃၀၀၀၀ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်ဟုဆိုသည်။ အာဂျင်တီးနားမြောက်ပိုင်းတွင်လည်း လူပေါင်း ၂၀၀၀၀ နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။

ခြောက်သွေ့ရာသီဥတုသည် ဘရာဇီး-ပါရာဂွေးနယ်စပ်၌ လာမည့်ရက်များအတွင်း ဖြစ်ပေါ်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ဆိုသော်လည်း ပါရာဂွေးနှင့် အာဂျင်တီးနား ရေမျက်နှာပြင်သည် ခန့်မှန်းထားသည်ထက် ဆက်လက်မြင့်တက်နေမည်ဟု ဆိုသည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မကြာခဏမိုးများကာ ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ပါရာဂွေးအမျိုးသားအေဂျင်စီရုံးများက ထုတ်ပြန်ထားသည်။

(ဆင်ဟွာ)

# ဒလမြို့နယ်၌ ကမ္ဘာလှည့်ခရီးသွားများထံမှ ဆိုင်ကယ်ကယ်ရီသမားနှင့် အနေးယာဉ်လုပ်သားတချို့မှ ကျသင့်ငွေကြေးထက် ပိုမိုတောင်းခံမှုများပြုလုပ်နေ

ရန်ကုန် ဒီဇင်ဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များထံမှ ဆိုင်ကယ်ကယ်ရီသမားနှင့် အနေးယာဉ် လုပ်သားတချို့က ကျသင့်ငွေကြေးထက် ပိုမိုတောင်းခံမှုများ ပြုလုပ်နေကြောင်း ကမ္ဘာလှည့်ခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။**

"ရန်ကုန်မြို့ကြီးနဲ့ အနီးဆုံးနေရာမှာရှိပြီး တစ်ဖက်ကမ်းကိုကူးလိုက်တာနဲ့ လူမှုဘဝနေထိုင်မှုတွေ ပြောင်းလဲသွားတယ်။ Life Style နှစ်ခု သိသိသာသာ ကွာခြားသွားတဲ့အတွက် ဒလဘက်ကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ စိတ်ဝင်တစား သွားရောက်လည်ပတ်ကြတယ်။ သွားတဲ့အခါမှာ ဆိုင်ကယ်ကယ်ရီတို့ ဆိုက်ကားတို့ကို အသုံးပြုပြီး လည်ပတ်ကြတယ်။ အဲဒီအခါမှာ လောဘသမားတချို့နဲ့တွေ့ပြီး ခရီးစဉ်အဆုံးမှာ မူလသဘောတူထားတဲ့ ဈေးနှုန်းထက် ငွေပိုတောင်းလို့ ခရီးသွားဧည့်သည်တွေ စိတ်ဆိုးသွားတာ ကြုံတွေ့ရတယ်။ ဒါမျိုးတွေ မဖြစ်သင့်ပါဘူး။ အခုနောက်ပိုင်း ပိုများလာလို့ သက်ဆိုင်ရာအနေနဲ့ ကြပ်မတ်သင့်ပါတယ်"ဟု ဧည့်လမ်းညွှန် ကိုမျိုးက ပြောသည်။

ထိုသို့ ငွေကြေးပိုမိုတောင်းခံနေမှုနှင့်ပတ်သက်၍ "နိုင်ငံခြားသား ခရီးသည်တွေထံက ငွေပိုတောင်းတဲ့ ဖြစ်ရပ်တွေ ကြားနေရတယ်။အဖွဲ့လိုက်လာတဲ့ ဧည့်သည်တွေမှာ မရှိပါဘူး။ တစ်ယောက်တည်း လာတဲ့သူတွေအနေနဲ့တော့သတိထားဖို့ လိုပါတယ်။ ဒီလိုကိစ္စတွေကတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ မလုပ်သင့်ပါဘူး။ ကျွန်တော်တို့လည်း ဧည့်လမ်းညွှန်တွေနဲ့ချိတ်ပြီး လိုက်ပို့ပေးနေကျပါ။ သတ်မှတ်ဈေးထက်ပိုရပြီး ဧည့်သည်တွေက မုန့်ဖိုးတောင်ပေးပါတယ်"ဟု ဒေသခံအနေးယာဉ် လုပ်သား ဦးတင့်က ဆိုသည်။



**ဒလမြို့နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ အဖွဲ့လိုက်လည်ပတ်လေ့လာနေသည်ကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

ကမ္ဘာလှည့် ခရီးသွားဧည့်သည်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဒလမြို့သို့ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ထိုသို့လာရောက်သူအများစုမှာ အနေးယာဉ်နှင့် ဆိုင်ကယ်ကယ်ရီတို့ကို အသုံးပြု၍ လည်ပတ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည့်အနက် ဧည့်လမ်းညွှန်မပါဘဲ တစ်ဦးတစ်ယောက်ချင်း လာရောက်လည်ပတ်သူ တချို့မှာ ဝိသမလောဘသားတို့၏ ငွေကြေးပိုမိုတောင်းခံခြင်းများကို အများဆုံးကြုံတွေ့နေရကြောင်း ဧည့်လမ်းညွှန်များနှင့် ဒေသခံ အနေးယာဉ်လုပ်သားများထံမှ သိရသည်။

"ကျွန်တော်တို့ အနေနဲ့တော့ အဖွဲ့လိုက်လာတာ များပါတယ်။ လာတဲ့အခါတိုင်းမှာလည်း ဧည့်သည်တွေကို အနေးယာဉ်တွေနဲ့ လိုက်ပို့ပေးတာကြောင့် အနေးယာဉ်လုပ်သားတွေနဲ့ ရင်းနှီးနေပြီ။ တချို့ ဧည့်သည်တွေကျတော့ ဧည့်လမ်းညွှန်မပါဘဲ တစ်ယောက်တည်း သွားတဲ့အခါမှာ အခက်တွေ့အောင်လုပ်ပြီး ငွေကြေးပိုတောင်းခံရတာတွေ ကြုံရတယ်။ အခုဆိုရင် လူမှုကွန်ရက်စာမျက်နှာနဲ့ ဧည့်သည်အချင်းချင်း သတင်းလွှင့်လို့ တဖြည်းဖြည်းသတင်းတွေ ပြန့်လာတယ်။ နောက်ပိုင်းဆို အဲဒီနေရာကို ဧည့်သည်အဝင်နည်းသွားပြီး မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းပုံရိပ်ကို ထိခိုက်လာနိုင်တယ်"ဟု GRAND CIRCLE CRUISE LINE ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန် ဒေးဗစ်(ခ) ကိုဇော်မင်းဦးက သုံးသပ်ပြောဆိုသည်။

ထိုသို့သော ဖြစ်ရပ်များနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် ဒလမြို့နယ် မြို့မရဲစခန်းသို့လာရောက်၍ အသိပေးတိုင်ကြားခြင်းနှင့် အမှုဖွင့်ထားခြင်းများမရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး(ပဏ္ဍိတ)**

# ဖေ့ဘွတ်တွင် လူပျောက်ကြော်ငြာထားသည့် အမျိုးသမီးငယ်နှစ်ဦးအား လွယ်ဂျယ်မြို့တွင် ပြန်လည်တွေ့ရှိ၍ ထိန်းသိမ်းစောင့်ရှောက်ထား

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် လွယ်ဂျယ်မြို့ ရပ်ကွက်(၅)နေ ဦးမောင်စီ(၃၇နှစ်)၏ နေအိမ်၌ အိမ်အကူအဖြစ် အလုပ်လုပ်ကိုင်နေသည့် မိန်းကလေးနှစ်ဦးမှာ အင်တာနက် လူမှုကွန်ရက်တွင် လူပျောက်ကြော်ငြာထားသည့် မိန်းကလေးများ ဖြစ်နိုင်ကြောင်း အိမ်ရှင်ဖြစ်သူ ဦးမောင်စီ၏ အကြောင်းကြားချက်အရ သတင်းရဲတပ်ဖွဲ့စိတ်(လွယ်ဂျယ်)နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(လွယ်ဂျယ်)မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက်နေ တက္ကသိုလ်ဝင်တန်းကျောင်းသူ မနေခြည်လင်း(ခ)ဂူးဂူး (၁၅နှစ်)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၈)ရပ်ကွက်နေ တက္ကသိုလ်ဝင်တန်းကျောင်းသူ မနှင်းသဇင်(ခ) ပုရှည်(၁၆နှစ်)တို့ဖြစ်ပြီး လူမှုကွန်ရက်စာမျက်နှာတွင် လူပျောက်ကြော်ငြာထားသည့် မိန်းကလေးနှစ်ဦးဖြစ်ကြောင်း သိရသည်။

စုံစမ်းမေးမြန်းချက်အရ ၎င်းတို့နှစ်ဦးသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(မြောက်ဒဂုံ) ၌ လပတ်စာမေးပွဲဖြေဆိုပြီး ကမ္ဘာအေးဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကြောင်း၊ စာမေးပွဲမဖြေဆိုနိုင်၍ နေအိမ်သို့ မပြန်လိုတော့သဖြင့် မြေနီကုန်းရှိ အပေါင်ဆိုင်တစ်ခုတွင် မနေခြည်လင်း(ခ)ဂူးဂူး၏ လက်စွပ်ကို ငွေကျပ် ၆၀၀၀၀ ဖြင့် ပေါင်နှံပြီး ရန်ကုန်မှ ပြင်ဦးလွင်သို့ မြတ်မန္တလာ ထွန်းခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြောင်း၊ ထို့နောက် ပြင်ဦးလွင်မြို့ ကားကြီးဝင်းအနီးရှိ ကုန်စုံဆိုင်တစ်ဆိုင်၌ ၎င်းတို့နှစ်ဦးမှာ ညီအစ်မအရင်းများဖြစ်ပြီး မိဘများမရှိတော့သဖြင့် အလုပ်လုပ်လိုကြောင်းနှင့် အလုပ်ရှိ/မရှိမေးမြန်းရာ ဆိုင်ရှင်က မမိုးဆိုသူနှင့် ဆက်သွယ်ပေးခဲ့ကြောင်း၊ မမိုးက ၎င်း၏အသိ ကြက်ဥဆိုင်တွင် တစ်လ ငွေကျပ် ၆၀၀၀၀ ဖြင့် အလုပ်လုပ်ကိုင်လိုက လုပ်ကိုင်နိုင်ကြောင်း ပြောဆိုခဲ့ရာ ၎င်းတို့နှစ်ဦးက မလုပ်လိုကြောင်းပြောဆို၍ မမိုး၏ နေအိမ်၌ တစ်ညအိပ်ခဲ့ကြောင်း၊ စက်တင်ဘာ ၇ ရက်တွင် မမိုးဆက်သွယ်ပေးသည့် မအားမေဆိုသူ၏နေအိမ်၌ တစ်ညအိပ်ခဲ့ပြီး ယင်းမှတစ်ဆင့် မအားမေ၏အစ်ကိုဖြစ်သူ လွယ်ဂျယ်မြို့ရှိ ဦးမောင်စီ၏ နေအိမ်၌ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ရန်ကုန်မြို့ရှိ ၎င်းတို့၏မိဘများထံသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ပြီး ၎င်းတို့နှစ်ဦးအား လွယ်ဂျယ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**ကိုရဲ**

*** ကျောဖုံးမှ**

လည်းကောင်း ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီခန့်မှစ၍ မြေစာများ ဖယ်ရှားရှင်းလင်းပြီး ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ မြေစာပုံများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများက ဘက်ဟိုးယာဉ် ခုနစ်စီးနှင့်အတူ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်

**(မြဝတီ)**

# ညောင်ဦးမြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန်အတွက် ကြီးကြပ်ရေးကော်မတီငါးဦး စတင်ရွေးချယ်

**ညောင်ဦး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သစ်ထောင်ကျေးရွာအုပ်စု၊ ကမ္ဘာနီကျေးရွာအုပ်စု၊ စည်သာကျေးရွာအုပ်စု၊ ယဉ်ဆန်းကျေးရွာအုပ်စုများသို့ မြို့နယ်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဦးစန်းယု ခေါင်းဆောင်သောအဖွဲ့သည် ယဉ်ဆန်းကျေးရွာ အလယ်တန်းကျောင်းခွဲ စာသင်ဆောင်၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ရပ်ကွက်ကျေးရွာကြီးကြပ်ရေးကော်မတီငါးဦး ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြီးကြပ်ရေးကော်မတီ ရွေးချယ်ပွဲတွင် ရှေးဦးစွာ အဖွဲ့ခေါင်းဆောင် ပညာရေးမှူးက ရပ်ကွက်/ကျေးရွာ ကြီးကြပ်ရေးကော်မတီငါးဦးကို သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ၊ ရပ်ရွာထဲမှ ကြည်ညိုလေးစား ဩဇာတိက္ကမရှိသောသူများကို တင်မြှောက်ပေးရန်နှင့် ရွေးချယ်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော ကျေးရွာသူ ကျေးရွာသား ၈၀ ခန့်က ကြီးကြပ်ရေးကော်မတီငါးဦးကို စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**



## နိုင်ငံတကာသတင်း

# လော့စ်အိန်ဂျလိစ်မြို့အပြင်ဘက်၌ တောမီး ဧက ၁၂၀၀ ကျော်လောင်ကျွမ်း၍ အဝေးပြေးလမ်းများပိတ်ခဲ့ရ

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၇**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အနောက်မြောက်ပိုင်းတွင် ဒီဇင်ဘာ ၂၆ ရက်က ဧက ၁၂၄၀ တောမီးလောင်ကျွမ်းခဲ့ရာ အဓိကအဝေးပြေးလမ်းမကြီး၏နေရာအချို့ကိုပိတ်ခဲ့ရပြီး လူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မီးသတ်အရာရှိများက ပြောသည်။

ဆိုလီမာကမ်းခြေတွင် လောင်ကျွမ်းနေသောတောမီးကို မီးသတ်သမားရာပေါင်းများစွာဖြင့် ကြိုးစားငြိမ်းသတ်ခဲ့ရကြောင်း၊ စနေနေ့ညနေ က ၆၀ ရာခိုင်နှုန်းဝန်းကျင် မီးလောင်ကျွမ်းခဲ့ပြီး မီးတားပြုလုပ်နိုင်ခဲ့ကြောင်း မီးသတ်ဌာနမှ သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် အမေရိကန် အဓိကအဝေးပြေးလမ်းမကြီး ၁၀၁ ၏ နေရာအချို့ကို ပိတ်ထားခဲ့ရကြောင်း၊ မြောက်ဘက်ပိုင်းလမ်းမကြီးနှင့် တောင်ဘက်ပိုင်းလမ်းမကြီးတို့ကို မွန်းလွဲပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း မီးသတ်ဌာနကပြောသည်။

■ ဘာသာပြန်-စန္ဒီ

မီးသတ်သမားနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ မသိရသေးကြောင်း၊ မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန် သုံးရက်ထက်မနည်း အချိန်ယူရမည်ဖြစ်ပြီး မီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အာဏာပိုင်များကပြောသည်။ အဝေးပြေးလမ်းမများကိုပြန်လည်ဖွင့်လှစ်ပေးခဲ့သော်လည်း တောမီးမှာ လျင်မြန်စွာကူးစက်လောင်ကျွမ်းနေသောကြောင့် အလုံးစုံငြိမ်းသတ်နိုင်ခြင်းမရှိသေးကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(ရိုက်တာ)**



**အဝေးပြေးလမ်းမအနီး တောမီးလောင်ကျွမ်းနေမှုကို တွေ့ရစဉ်။**

# ၂၀၁၅ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ တူညီခိုင်မြဲသောခြေလှမ်းများမှသည် ၂၀၂၅ ဆီသို့

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အရှေ့တောင်အာရှ နိုင်ငံများအသင်း ASEAN သို့ ဝင်ရောက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ အာဆီယံအသင်းကြီး၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အတူ လက်တွဲကာ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)၊ အာဆီယံဗဟိုပြုမှု (ASEAN Centrality)၊ အာဆီယံပေါင်းစည်း ဆက်သွယ်ရေး (ASEAN Connectivity)၊ အာဆီယံ အသိုက်အဝန်းများ (ASEAN Communities) အစရှိသည့်နည်းဗျူဟာလေးရပ် (4Cs) ကိုအခြေခံကာ ပူးပေါင်းဆက်ဆံရေးများအဆင့်ဆင့် တိုးတက်လာစေရန် စုစည်း ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါကြိုးပမ်းခဲ့မှုများ၏ ရလဒ်အဖြစ် အာဆီယံ၏သက်တမ်း (၄၆) နှစ်မြောက်နှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်သက်တမ်း (၁၈) နှစ်မြောက်ဖြစ်သည့် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ပထမဆုံးအကြိမ် ထမ်းဆောင်ခွင့် ရရှိခဲ့ပါသည်။

အာဆီယံ အသိုက်အဝန်းတစ်ရပ် စတင်ဖော်ဆောင်ရန်အတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ဘာလီကွန်ကော့ (Barli Concord II) ဘာလီကြေညာစာတမ်းကို သဘောတူချမှတ်ခဲ့ပါသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံများကို ရေးဆွဲကာ အာဆီယံ၏ ရည်မှန်းချက်ဖြစ်သော အာဆီယံအသိုက်အဝန်းဆီသို့ သွားရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

"အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ" ထူထောင်ရေးအတွက် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးတွင် သဘောတူညီခဲ့ပြီး "အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြုမြေပုံ" ကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးကြီးတွင် အတည်ပြုချမှတ်ခဲ့ပါသည်။



၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီကို ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကာ အာဆီယံဒေသတွင်းရှိ ပြည်သူများ၏ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းအဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန် အေးအတူပူအမျှခံစားမည့်လူမှုအသိုက်အဝန်း ထူထောင်ရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား စည်းလုံးညီညွတ်မှုရှိစေရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် တူညီသောအာဆီယံဒေသတစ်ခုအဖြစ်ထူထောင်ရန်၊ အာဆီယံပြည်သူများဖြင့် အာဆီယံအသိုက်အဝန်းထူထောင်ရေး ပံ့ပိုးပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် ဆက်စပ်ဝန်ကြီးဌာန ၁၇ ခုတို့သည် အပေးအယူမျှတစွာဖြင့် ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ်ကာလအတွင်း အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီသည် ဦးစားပေးနယ်ပယ်ရှစ်ရပ်ဖြစ်သော ရာသီဥတုပြောင်းလဲမှု (Climate Change)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု (Disaster Management)၊ ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ (Non-traditional Security Issues)၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ (Transnational Crimes)၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေး (Food and Energy Security)၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ခြင်း (Enhance the Development of small/ Medium Entrepreneurship)၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ မြှင့်တင်ခြင်း (Promote Human Rights Matters) နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း (Poverty Alleviation) လုပ်ငန်းများကို အောင်မြင်စေရန်အတွက် ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးတွင် အတည်ပြုချမှတ်ခဲ့သည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြုမြေပုံ၏ သွင်ပြင်လက္ခဏာ ခြောက်ရပ်ဖြစ်သောလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖူလုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးဆိုင်ရာ တရားမျှတမှုရှိရေးနှင့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး၊ အာဆီယံသွင်ပြင်လက္ခဏာ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်နည်းပါးရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ အခြေပြုမြေပုံအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို နှစ်ဝက်သုံးသပ်အကဲဖြတ်ချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ နှစ်ဝက်သုံးသပ်အကဲဖြတ်ချက် အစီရင်ခံစာ (Mid-Term Review/ MTR Report) ထုတ်ပြန်ပြီး အာဆီယံထိပ်သီး အစည်းအဝေးကြီး၌ အာဆီယံခေါင်းဆောင်များက အပြုသဘော အတည်ပြုပေးခြင်းဖြင့် တိုင်းတာပါသည်။ အဆိုပါ နှစ်ဝက်သုံးသပ်ချက်များမှ ထွက်ရှိလာသည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် Core Group ကို ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေပြည်တော်ကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်ဖြစ်သော နိုင်ငံရေးအရ ပေါင်းစည်းသော၊ စီးပွားရေးအရ စုစည်းသော၊ လူမှုရေးအရ တာဝန်ယူသော၊ ပြည်သူကိုဗဟိုပြုသော၊ စည်းမျဉ်းစည်းကမ်းကိုအခြေခံသော အာဆီယံဖြစ်လာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အာဆီယံနိုင်ငံ/အစိုးရအဖွဲ့အကြီးအကဲများက လက်မှတ်ရေးထိုးခဲ့သည့် "အာဆီယံအသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ ကွာလာလမ်ပူကြေညာချက်" အရ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းတို့ပါဝင်သည့် အာဆီယံအသိုက်အဝန်းကြီးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တည်ထောင်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်၏ ရှေ့ဆက်မျှော်မှန်းချက်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

အဆိုပါကာလများတွင် အထောက်အကူပြုအသိုက်အဝန်း မဏ္ဍိုင်ကြီးသုံးရပ်သည် တစ်ခုနှင့်တစ်ခုနီးကပ်စွာ ဆက်စပ်လျက်ရှိပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအခွန့်ရှည်စေရန်နှင့် ဒေသတွင်း သာယာဝပြောမှုကိုမျှဝေနိုင်စေရန် ရည်ရွယ်ကာ အချင်းချင်း အထောက်အကူပြုလျက် ရည်မှန်းချက်နေ့ရက်သို့ အရှိန်အဟုန်အပြည့်ဖြင့် ဆက်လက်ချီတက်နေဦးမည်သာ ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်းမဏ္ဍိုင်ကြီးသုံးရပ်အနက် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေသော မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းသည် ၂၀၀၉ ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်အတွင်းအာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်နားလည်မှုရှိစေရန်နှင့် အိမ်နီးချင်းကောင်း စိတ်ဓာတ်ရှိစေရန်

နှင်းမြတ်သူ(ယဉ်ကျေးမှု)

အတွက် တာဝန်ကိုမျှဝေယူလိုသည့် စိတ်ဓာတ်များရှိလာစေရေး ဆောင်ရွက်ပေးခဲ့ခြင်း၊ အာဆီယံဒေသတွင်း ရင်ဆိုင်ခဲ့ရသော အကျပ်အတည်းများအားခံနိုင်ရည်ရှိမှု၊ သဘောတူညီချက်များအား ထိန်းသိမ်းလိုက်နာမှု၊ စုပေါင်းတာဝန်ယူမှုများဖြင့် လူသားအရင်းအမြစ်နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ အခြေခံလွတ်လပ်ခွင့်များကို လေးစားရန်၊ ကျား/မ မခွဲခြားဘဲ တန်းတူအခွင့်အရေးရရှိစေရန်၊ လူ့အခွင့်အရေး ဖွံ့ဖြိုးတိုးတက်ရေးကာကွယ်စောင့်ရှောက်ရန်တို့အတွက် ဆောင်ရွက်ပေးခဲ့ခြင်း၊ ဒေသတွင်းရှိ ပြည်သူများ၏ ကွဲပြားသော ယဉ်ကျေးမှုများ၊ ဘာသာစကားများနှင့် ဘာသာတရားများကို လေးစားလိုက်နာကာ အာဆီယံ၏ကွဲပြားခြားနားမှုများ၊ ညီညွတ်မှုစိတ်ဓာတ်များ၊ အခွင့်အရေးများနှင့် စိန်ခေါ်မှုများအပေါ် အလေးထားဆောင်ရွက်ခဲ့ခြင်း စသည့် အဓိကလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ပြီး ဆက်လက်၍လည်း ထမ်းဆောင်သွားမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရပါလျှင် မြန်မာနိုင်ငံအာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (ASCC)၏ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကြီးလေးသောတာဝန်ဝတ္တရားများကို နေ့မအား၊ ညမနားသယ်ပိုးထမ်းဆောင်နိုင်ရေး၊ တာဝန်ထမ်းဆောင်မည့်ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြပြီး ရှေ့တွင်တင်ပြခဲ့သော အာဆီယံ၏ လူမှုရေး- ယဉ်ကျေးမှု ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ပိုမိုအောင်မြင်မှုရရှိစေရန် တာဝန်ယူဆောင်ရွက်လျက်ရှိကာ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးကို အဓိကထားပြီး ငြိမ်းချမ်းသာယာဝပြောသော အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းဆီသို့ ရှေ့သို့တူညီတက်လှမ်းချီလျက် ရှိပါကြောင်း၊ အာဆီယံအသိုက်အဝန်းကြီး တည်ထောင်သွားမည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။




# မြန်မာ့ပထဝီဝင်အသင်း ပထမအကြိမ်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာ့ပထဝီဝင်အသင်း ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ မြန်မာ့ပထဝီဝင်အသင်းဂုဏ်ထူးဆောင်နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ပါမောက္ခ ဦးလှထွန်းအောင်၊ ဗိုလ်ချုပ် ခင်မောင်မြင့်(ငြိမ်း)တို့က အမှာစကားပြောကြားပြီး မြန်မာ့ပထဝီဝင်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမောင်မောင်အေးက ပထဝီဝင်ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အထွေထွေအတွင်းရေးမှူး ဒေါက်တာသိန်းရွှေကအမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားပြီး ဘဏ္ဍာရေးမှူး ဒေါ်ပုလဲက ငွေစာရင်းရှင်းတမ်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြကာ အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရွှေတိဂုံပုံတူစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် သိမ်တော်ရေစက်ချပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာ တိုက်နယ် နောင်ဝယ်ကျေးရွာရှိ လှရတနာမြေဇင်းတောရ ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ဥဒယကေတု ရွှေတိဂုံစေတီတော် ပန္နက်တော်တင်၊ တွင်းတော်ဝန်းနှင့် သာသနပါလသိမ်တော် ရေစက်ချအလှူတော် မဟာမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက်က ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကျိုက်မရော ဘုရားကြီး ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါရိန္ဒထံမှ အလှူရှင်များ နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည် ကြသည်။

ယင်းနောက် နံနက် ၈ နာရီ ၅၃ မိနစ်တွင် မတည်အလှူ ရှင် Asia Express Group Co., Ltd. ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မဇောတိကဓဇ ဦးမောင်မောင်နှင့် ဇနီး ဒေါ်သက် သက်နိုင်နှင့် အလှူရှင်များက စေတီတော်ပန္နက်တော်တင် နှင့်တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကို သာသနာ ရေးဆိုင်ရာ ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်ကြသည်။

ထို့နောက် သာသနပါလသိမ်တော်ကြီးကို ဆရာတော် သံဃာတော်များက သိမ်သမုတ်ပေးတော်မူကြပြီး တစ်ဦး တည်းအလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးမောင်မောင်နှင့်ဇနီး ဒေါ်သက်သက်နိုင်နှင့် ဧည့်ပရိ သတ်များက သံဃာတော်အပါး ၄၀ ကို သိမ်ဆင်းလောင်း လှူတော်မူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**





# တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ထူးချွန်ဆရာများအား ကြိုဆိုပွဲနှင့်ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဆရာအတတ်ပညာဖြင့် အနာဂတ်ကို တည်ဆောက်ရန်ရည်ရွယ်၍ ပညာ တန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် အခြေခံပညာကဏ္ဍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထူးချွန်ဆရာ ဆရာမ များအား ကြိုဆိုပွဲနှင့် ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၆ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲသို့ ထူးချွန်ဆရာ ဆုရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့အဖွဲ့ဝင် ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဦးနှင့်အဖွဲ့ဝင်များ၊ ဘက်စုံလွှမ်းခြုံနိုင် သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)မှ အကြံပေး ပညာရှင်များ၊ ပညာရေးစေတနာရှင်အလှူရှင် တော်ဝင်ဖွံ့ဖြိုးရေး ဖောင်ဒေး ရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေး၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ ထူးချွန်ဆရာ ဆရာမများ တက်ရောက်ကြသည်။

အစီအစဉ်အရ ထူးချွန်ဆရာဆုရွေးချယ်ချီးမြှင့်ရေး ဦးစီးကော်မတီဝင်များ နှင့်တက်ရောက်လာကြသူများအား မိတ်ဆက်ပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထူးချွန်ဆရာ ဆရာမများက တစ်ဦးချင်း ပြန်လည်မိတ်ဆက်ကြ သည်။ ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌဒေါက်တာသန်းဦးက ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားပြီး တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ဂုဏ်ပြု စကားပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူးက ဗဟိုအဆင့် ကျင်းပမည့် ထူးချွန်ဆရာဆုရွေးချယ်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဂုဏ်ပြုညစာဖြင့် ထူးချွန်ဆရာ ဆရာမများအား တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြန်အောင်မြို့နယ် ဆည်ရွာကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**မြန်အောင် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း နိုင်ငံတော်မှထောက်ပံ့ ငွေဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်အောင်မြို့နယ် ဆည်ရွာကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေကျပ် သန်း ၂၀ ဖြင့် ၃၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် ၁၀၀ ကေဗွီအေထရန် စဖော်မာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးလင်းရေးလုပ်ငန်းများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သက်ရှည်၊ မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်း နှင့် အင်ဂျင်နီယာများက ဒီဇင်ဘာလ တတိယပတ်က လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **ဝင်းမိုလ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

# ဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွားများအတွက် စောင်ထည်များလှူဒါန်း



**ကသာ ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာဆောင်းကာလ အပူချိန် လျော့နည်း၍ အအေးဓာတ်ပိုလာခြင်း ကို အနွေးဓာတ်ပေးစွမ်းနိုင်ရန် ကသာ မြို့ရှိ မင်းပြည်သူဘိုးဘွားရိပ်သာ ကျောင်းရှိ သက်ကြီးဘိုးဘွားအား ဒီဇင်ဘာ၂၇ ရက် ညနေ ၃ နာရီက စောင်ထည်များ ပေးအပ်ခြင်းအခမ်း အနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကသာမြို့နယ် စေတနာရှင် အလှူရှင် များက ဝိုင်းဝန်းလှူဒါန်းပေးအပ်ခဲ့ သော စောင်ထည်များကို ကသာမြို့ နယ်ရှိ မိခင်နှင့် ကလေးအသင်းက ထောက်ပံ့ဖြည့်စွက်၍ စောင်တစ်ထည် လျှင် ငွေကျပ် ၁၈၀၀၀ ရှိ စောင် ၁၈ ထည်ကို သက်ကြီးဘိုးဘွားများထံ ပေးအပ်လှူဒါန်းခဲ့ရာ ဘိုးဘွားများက ကျေးဇူးတင် သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# ဒီဇင်ဘာလအားကစားလှုပ်ရှားမှု ပြိုင်ပွဲများကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးအောင်မြေသာစံမြို့နယ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ အထိမ်းအမှတ်အဖြစ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစား ဆပ်ကော်မတီနှင့် မြို့နယ်ပညာရေးတို့ပူးပေါင်း၍ အားကစားပြိုင်ပွဲများကို အောင်မြေမန္တလာအားကစားကွင်းနှင့် အားကစားခန်းမတို့၌ ဒီဇင်ဘာလ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပတ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများဖြစ်သည့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင်အသင်း ၁၄ သင်း၊ ကြက် တောင်ပြိုင်ပွဲတွင် အမျိုးသမီး ၃၀၊ အမျိုးသား ၁၅ ဦး၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ တွင် အမျိုးသား ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲသုံးမျိုးပေါင်းတွင် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းအသင်းက ပထမ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအသင်းက ဒုတိယနှင့် အမှတ်(၆)အခြေခံ ပညာအလယ်တန်းကျောင်းအသင်းက တတိယဆုရရှိကြရာ ခရိုင်အားကစား နှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်၊ မြို့နယ် အားကစားဦးစီးအရာရှိ ဦးကျော်ဇေယျနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့် ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ဒီဇင်ဘာလစတုတ္ထပတ် လူထုလမ်းလျှောက်ပွဲ ရွှေကူမြို့၌ ကျင်းပ

**ရွှေကူ ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၏ ဒီဇင်ဘာလူထုအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်(၄)ရပ်ကွက်မှ ဒေသခံ ပြည်သူများ စုစုပေါင်း ၄၅၀ ကျော်ခန့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အရှေ့မှ မြို့ပတ်လမ်းအတိုင်း လမ်းလျှောက်ဆင်နွှဲခဲ့ကြပြီး ပြည်သူ့အားကစားပြိုင်ပွဲကြီးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ဆင်နွှဲခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

အသင်းက ရန်ကုန်အကယ်ဒမီ အသင်းကို ၁၃ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိသည်။ ယခုပွဲအပြီးတွင် မန္တလေး အကယ်ဒမီ(က)အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဆီမီးတက်သွားပြီ ဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် သုံးမှတ်စီရရှိထားသည့် ဇွဲကပင် အကယ်ဒမီ(ခ)အသင်းနှင့် ရတနာပုံ အကယ်ဒမီအသင်းတို့ အပြိုင်ဖြစ်နေ ပြီး နောက်ဆုံးပွဲ၌ ထိပ်တိုက်တွေ့ဆုံ နေရာ အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ် ရှိနေသည်။ရန်ကုန်အကယ်ဒမီအသင်း မှာ အုပ်စုမှထွက်ခဲ့ရပြီဖြစ်သည်။အုပ်စု နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ကျင်းပမည် ဖြစ်သည်။



ဧရာဝတီအကယ်ဒမီအသင်းနှင့် မန္တလေးအကယ်ဒမီ(ခ)အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

(ဓာတ်ပုံ-ဖိုးသော်ဇင်)



အလောင်းတော်ကဿပ စံမြန်းရာ ဂူအဝင်ဝအား ဘုရားဖူးများ ရွှေသင်္ကန်းကပ်လှူနေစဉ်။

■ ရွှေဖုံးမှ

ချင်းတွင်းတံတား ( မုံရွာ )မှ တရော်ကျင်း-ညောင်ကိုင်း-ကပိုင်လမ်းအထိ ၃၂ မိုင် ကွာဝေးပြီး ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပ စံကျောင်းတော်သို့ ၂၀ မိုင် ကွာဝေးကြောင်း သိရသည်။

အဆိုပါ ဘုရားလမ်းသည် နှစ်စဉ် မိုးရာသီတွင် ပျက်စီးမှုများ ရှိခဲ့သည့်အတွက် အလောင်းတော်ကဿပဝန်ဆောင်မှုအဖွဲ့ ဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများ ပူးပေါင်း၍ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလဆန်းမှ စတင်ပြီး စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဖောက်လုပ်ခဲ့သည့်အတွက်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ အနေဖြင့် အလောင်းတော်ကဿပသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

# ထန်းတပင်မြို့၌ ကလျာဏဓမ္မဗိမာန်တော်ကြီးဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာမပဋ္ဌိပတ္တိ မဟာစည်ရိပ်သာ၌ ကလျာဏဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ အလှူရှင် ဦးမြတ်သွင်၊ ဒေါ်ခင်လှလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရွာမ ပဋ္ဌိပတ္တိ မဟာစည်ရိပ်သာ ထူးချောင်းဆရာတော် ဘဒ္ဒန္တဝိနယာစာရကရေစက်ချ တရားနာကြားသည်။ ယင်းကလျာဏ ဓမ္မဗိမာန်တော်ကြီးသည် ငွေကျပ်သိန်း ၂၀၀၀ ကျော်ကုန်ကျခံ တည်ဆောက်ထားကာ တရားစခန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ပြင်ဦးလွင်မြို့၌ အိမ်မွေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဒီဇင်ဘာမွေးမြူရေးခြံတွင် မွေးမြူရေးဆိုင်ရာ ပြပွဲနှင့် အိမ်မွေး တိရစ္ဆာန်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ ရက်က ကျင်းပခဲ့ပြီး ခွေးအမျိုးအစား ၁၈ မျိုးမှ ပြိုင်ပွဲဝင်ခွေးအကောင်ရေ ၅၄ ကောင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"ခွေးအမျိုးအစား ၁၈ မျိုးကို အုပ်စု ခြောက်စုခွဲပြီး အမျိုးအစားအလိုက် ယှဉ်ပြိုင်စေပါတယ်။ ဆုချီးမြှင့်မယ့် အစီအစဉ်အနေနဲ့ကတော့ ဆုအမျိုးအစားပေါင်း ၂၇ မျိုးချီးမြှင့်ပေးမယ့်အပြင် ပရိသတ်ကပေးမယ့် Poularity ဆုကိုလည်း ချီးမြှင့်ပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး အိမ်မွေးတိရစ္ဆာန်အသင်း ဥက္ကဋ္ဌ ဦးအောင်ခိုင်သန်းက ပြောသည်။

ပြိုင်ပွဲသို့ မန္တလေးမြို့မှ လာရောက်ယှဉ်ပြိုင်သည့် ကိုဝေလင်းအောင်ကလည်း "သူငယ်ချင်းတွေက ဒီပြိုင်ပွဲကိုဝင်ပြိုင်ဖို့ တိုက်တွန်းတဲ့အတွက် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ဒီခွေးကို အတော်ဂရုစိုက်ပြီး မွေးမြူခဲ့ရတာပါ။ ကျွန်တော့်ခွေးက အရောင်ကလည်း အတော်ရှားတဲ့အတွက် ဆုရရှိခဲ့တာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုပြိုင်ပွဲသည် (၅)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး အိမ်မွေးတိရစ္ဆာန်မွေးမြူသူအချင်းချင်းရင်းနှီးချစ်ကြည်မှုများ တိုးတက်ရရှိစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# တောင်သူများဆောင်းသီးနှံစိုက်ပျိုးရာတွင် စွန့်ပစ်စပါးခွံမှရရှိသောပြာမှုန်များကို မြေဩဇာအဖြစ် ပြန်လည်အသုံးပြု

**မော်လူး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး၌ တောင်သူများက တလင်းတက်ချိန်လယ်ယာများတွင် ဆောင်းသီးနှံအဖြစ်စိုက်ပျိုးရန် ပြင်ဆင်လာကြရာ သဘာဝဓာတ်မြေဩဇာအဖြစ် စွန့်ပစ်စပါးခွံမှ မီးလောင်ကျွမ်းသော ပြာမှုန်များကို အသုံးပြုလာကြသည်။

"ကျွန်တော်တို့လယ်ပြီးချိန် တလင်းတက်ပြီးတဲ့အခါ ဆောင်းသီးနှံအဖြစ် မြေပဲ၊ မုန်ညင်း၊ ခရမ်းချဉ်ပင်နဲ့ ဖရဲပင်တွေကို တစ်နိုင်တစ်ပိုင်စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ ဓာတ်မြေဩဇာဝယ်ယူဖို့ ငွေကြေးအရင်းအနှီးမလုံလောက်လို့ သဘာဝဓာတ်မြေဩဇာဖြစ်တဲ့ နွားချေး၊ စပါးခွံနဲ့ စပါးခွံမီးလောင်ထားတဲ့ ပြာမှုန်တွေကို အဓိကထားသုံးစွဲပါတယ်။ အခကြေးငွေမပေးရဘဲ လိုသလောက်ရနိုင်ပါတယ်"ဟု မော်လူးကွက်သစ်မှ ဆောင်းသီးနှံများစိုက်ပျိုးသော တောင်သူတစ်ဦးကပြောပြသည်။ ယခုအခါ လယ်ယာစိုက်ပျိုးပြီးချိန်တွင် တောင်သူများ မနော်စပါးတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၊ ကောက်ညှင်းစပါးတစ်တင်းလျှင် ငွေကျပ် ၆၅၀၀ ဖြင့် ရောင်းရကြောင်း၊ စပါးအဝယ်ဒိုင်များနှင့် ဆန်စက်ပိုင်လုပ်ငန်းရှင်များက အပြိုင်အဆိုင်ဈေး ကောင်းပေးကာဝယ်ယူကြိတ်ခွဲကြပြီးကသာ၊ ဗန်းမော်နှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြကြောင်း၊ ထိုကဲ့သို့ကြိတ်ခွဲပြီးစွန့်ပစ်စပါးခွံများကို လယ်မြေများနှင့် မော်လူး-ရွှေလေးတန်ကားလမ်းဘေးဝဲယာတို့တွင် စွန့်ပစ်ထားရာမှ အချို့တောင်သူများက မီးရှို့ပြီးပြာမှုန်များကို မြေဩဇာအဖြစ် အပြိုင်အဆိုင် အသုံးပြုလာကြကြောင်း မော်လူးမှတောင်သူတစ်ဦးကပြောပြသည်။

**နီတိုး**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြိတ် ဒီဇင်ဘာ ၂၇

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာ ကွယ်ရေးဟောပြော သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့သစ်(၅) ရပ်ကွက်ရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၌ ဆောင်ရွက်ခဲ့ကြသည်။**

ရှေးဦးစွာ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးနှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲမှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပြီး အမြှုပ်ဆေးရည်ဖြင့် ဆီမီး ငြိမ်းသတ် လက်တွေ့သရုပ်ပြခြင်းကို မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့် ဌာနခွဲမှဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။


ထို့နောက် Tank Fire Fighting ဆီသိုလှောင်ကန် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို **(ယာပုံ)** မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် မီးငြိမ်းသတ်ရေးအဆင့် ၃ အတွက် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ကြရာ တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ခရိုင် မီးသတ်ဦးစီးဌာနက ပြည်သူများ ပူးပေါင်းပါဝင်သော မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်ခြင်းကို အပတ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(မြိတ်)**



# ဖွံ့ဖြိုးတိုးတက်နေသည့် ချောင်းသာနှင့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းများ



ချောင်းသာကမ်းခြေအလှ ပင်လယ်ရေအကျတွင် မြင်တွေ့ရစဉ်။

၁၉၆၉ ခုနှစ်၊ ၁၉၇၀ ပြည့်နှစ်များက နိုင်ငံ့တာဝန်(တပ်မတော်)တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ဧရာဝတီတိုင်းဒေသကြီးအတွင်းက ပုသိမ်မြို့နယ် ငဝန်မြစ်တစ်ဖက်ကမ်း၌ရှိကြသည့် ရှော်ပြာ၊ ကလော၊ ဝါးဘိုး၊ ကျောက်ကြီး၊ ဆိတ်ကြီးနှင့် ဥတိုစသည့်ကျေးရွာများ၊ ဥတိုမှ စက်လှေဖြင့် ယခုအခါ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအဖြစ် ပြည်တွင်း ပြည်ပခရီးသွားများဖြင့် အလွန်စည်ကားနေသည့်ချောင်းသာနှင့် ငွေဆောင် (ယခင်ဆိပ်မကမ်းခြေရွာ)များသို့ ရောက်ရှိခဲ့ဖူးသည်။

ထိုဒေသများသည် တစ်ချိန်က နယ်မြေဒေသလုံခြုံမှုမရှိသေး၊ လမ်းပန်းဆက်သွယ်ရေးကလည်း မဖွံ့ဖြိုးသေး၍ ကျေးလက်ဒေသများမှ ပြည်သူများသွားလာမှု အလွန်ခက်ခဲခဲ့သည်။ ရန်ကုန်မြို့ မပြောနှင့် တိုင်းမြို့တော် ပုသိမ်မြို့ကိုပင် သွားလာရန် မလွယ်ကူခဲ့ပေ။ ရှော်ပြာကျေးရွာမှ ဥတိုကျေးရွာအထိ သစ်ထုတ်လုပ်ရေးအတွက် တောင်ပေါ်မြေသား ကားလမ်းဖောက်လုပ်လျက် သစ်ထုတ်လုပ်ရေးမှ ကားကြီးများ သွားလာခဲ့သည်။ နိုင်ငံ့တာဝန်ဖြင့် သွားလာလိုသူများ သစ်ထုတ်လုပ်ရေးမှ ကားကြီးများနှင့် တပ်မတော်လုံခြုံရေး အကူအညီရယူလျက် ရှော်ပြာကျေးရွာမှ ဥတိုကျေးရွာအထိ အခက်အခဲများစွာဖြင့် သွားလာခဲ့ရသည်။ မိုးတွင်း၌ ကားလမ်းပေါ် သစ်ပင်များ လဲကျခြင်းနှင့် တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းပျက်သွားသဖြင့် ခြေကျင်ခရီးဆက်ခဲ့ရသည်များလည်း ကြုံခဲ့ရသည်။

ယခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်ရက်များက ပုသိမ်-ရှော်ပြာမြစ်ကူးတံတားနှင့် ဥတို-ချောင်းသာ ချောင်းကူးတံတားများပေါ်မှ ကားဖြင့်ဖြတ်သန်းပြီး ချောင်းသာနှင့် ငွေဆောင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဆီသို့ ရောက်ရှိခဲ့ရာ ချောင်းသာနှင့် ငွေဆောင်ဒေသများဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ချောင်းသာနှင့်ငွေဆောင်ကို အခြေခံပြီး ပတ်ဝန်းကျင်ကျေးရွာများသည်လည်း လမ်းပန်းဆက်သွယ်ရေး၊ အဆောက်အအုံ၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်နေသည်များကို တွေ့ရှိခဲ့ရသည်။

ဒေသခံချောင်းသာမှ အုန်းခြံပိုင်ရှင်တစ်ဦးက ကမ်းခြေအပန်းဖြေစခန်းမဖြစ်ခင်က ဒေသကထွက်ရှိသည့်အုန်းသီးနှင့် ရေထွက်ကုန်ပစ္စည်းများ ဈေးကောင်းမရရှိခဲ့၍ စီးပွားရေးမဖွံ့ဖြိုးခဲ့ကြောင်း၊ ကမ်းခြေအပန်းဖြေ စခန်းဖြစ်လာတော့ အမြင်ကျယ်လာပြီး ဘက်စုံဖွံ့ဖြိုးလာကြောင်း၊ အဓိကကတော့ ပုသိမ်မြို့နှင့် ရန်ကုန်မြို့များသို့ နေ့ချင်းပြန်ခရီးသွားရောက်နိုင်ပြီး ဖုန်းဆက်သွယ်မှု ကောင်းမွန်သဖြင့် အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ကြောင်း ပြောပြသည်။

တစ်ချိန်က ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီအပန်းဖြေစခန်းသို့ ပြည်တွင်းပြည်ပ ခရီးသွားများများပြားခဲ့သော်လည်း ရန်ကုန်မြို့နှင့်အလှမ်းကွာဝေးသဖြင့် အချိန်ကာလကြန့်ကြာခြင်း၊ သွားလာနေထိုင်မှုနှင့် စားသောက်စရိတ်များ များစွာ ကုန်ကျသဖြင့် ယခုအခါ ရန်ကုန်မြို့နှင့်မနီးမဝေးတွင် တည်ရှိနေပြီး ပုသိမ်မြို့မှ ၃၅ မိုင်ကျော်သာ ကွာဝေးသည့် ချောင်းသာနှင့် ငွေဆောင်အပန်းဖြေစခန်းများဆီသို့ ပြည်တွင်းပြည်ပ ခရီးသွားများ များပြားစွာ လာရောက်အပန်းဖြေနေသည်များကို တွေ့မြင်ခဲ့ရသည်။

ချောင်းသာအပန်းဖြေစခန်းတွင် လူတစ်ဦး တည်းခိုခန်းခ ရေမီးအစုံအနည်းဆုံး ငွေကျပ်တစ်သောင်းမှ အထက်ရှိနေပြီး စားသောက်မှုအတွက်မြန်မာ့အစားအစာ၊ ပင်လယ်စာနှင့် တရုတ်အစားအစာဈေးနှုန်းများချိုသာသည်။ ပင်လယ်ထွက်ပစ္စည်းများဖြစ်သည့် ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးပိနှင့် ဒေသထွက် အမှတ်တရ ပစ္စည်းများ ဝယ်ယူရရှိနိုင်သည်။ ကမ်းခြေပတ်ဝန်းကျင် လှေ့လာရန် စက်ဘီး၊ ဆိုင်ကယ်နှင့် မြင်းစီးလိုသူများအတွက် ငှားရမ်းသူများအသင့်ရှိနေသည်။

ချောင်းသာအပန်းဖြေစခန်းနှင့် မလှမ်းမကမ်းတွင်ရှိနေကြသည့် ဖိုးကုလားကျွန်း၊ သဲဖြူကျွန်း၊ ငှက်ကျွန်း၊ ကျောက်မောင်နှမ၊ ငါးအလှမွေးပြခန်း၊ ဒီပါအေးမြမဟာနဂါးရုံမြတ်စွာဘုရားစသည့် လေ့လာကြည့်ရှုစရာများအပြင် ချောင်းသာအပန်းဖြေစခန်းမှ ငွေဆောင်အပန်းဖြေစခန်းနှင့်ချစ်သူများကျွန်းဆီသို့ ဆိုင်ကယ်နှင့်စက်လှေများဖြင့် နေ့ချင်းပြန်သွားရောက်အပန်းဖြေလည်ပတ်နိုင်သည်။

ချောင်းသာနှင့်ငွေဆောင်ကမ်းခြေများသို့ သွားရောက်အပန်းဖြေလည်ပတ်မည်ဆိုပါက သောကြာ၊ စနေနှင့်တနင်္ဂနွေနေ့ /ညများတွင် အပန်းဖြေသူ များပြားလျက်ရှိပြီး အခြားနေ့များတွင် လူနည်းတတ်ကြောင်းနှင့် နှစ်စဉ်သင်္ကြန်အပြီးတွင် လှိုင်းလေထန်သဖြင့် စက်လှေနှင့် သွားရောက်လေ့လာရမည့်နေရာများ ပိတ်သိမ်းကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တစ်ချိန်က တိုင်းမြို့တော် ပုသိမ်နှင့် မိုးတွင်းတွင် အဆက်အသွယ်ပြတ်တောက်ပြီး ပွင့်လင်းရာသီတွင်ပင် ခက်ခဲစွာသွားလာခဲ့ရသည့် ပင်လယ်ကမ်းခြေဒေသများ ယခုအခါ နိုင်ငံတော်က တံတားကြီးငယ် အသွယ်သွယ်တည်ဆောက်ပေးပြီး ကတ္တရာလမ်း၊ ကျောက်လမ်းနှင့် မြေသားလမ်းများဖောက်လုပ်ပေးထားသဖြင့် ခရီးဝေးသော်လည်း အလှမ်းမဝေးတော့သည့်အပြင် ကျေးရွာအဆင့်မှ ချောင်းသာမြို့နယ်ခွဲ၊ ငွေဆောင်မြို့နယ်ခွဲ၊ ရွှေသောင်ယံမြို့နယ်ခွဲနှင့် ငရုတ်ကောင်းမြို့နယ်ခွဲစသည်ဖြင့် မြို့ပြအဆင့်တိုးမြှင့်ပေးထား၍ ဒေသခံပြည်သူတို့အတွက် ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာတို့ပါ ဖွံ့ဖြိုးလာပြီး ယခင်နှင့် ယခုမျက်မြင်အခြေအနေများသည်ကား ပြောမယုံကြုံဖူးမှသိ ဆိုသကဲ့သို့ အိပ်မက်လေလားဟုပင် တွေးမှတ်မှားလောက်ပေသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကသာမြို့နယ်ထွက် ငါးရံ့ခြောက်များ အရောင်းသွက်လာသဖြင့် ရောင်းဝယ်ဖောက်ကားမှုအဆင်ပြေ

စစ်ကိုင်း ဒီဇင်ဘာ ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ဧရာဝတီမြစ်ကို အမှီပြု၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မိသားစုဝင်ငွေတိုးပွားစေရန် ရေထွက်ကုန်ပစ္စည်းဖြစ်သည့် ငါးခြောက်ငါးအမျိုးမျိုး ငါးဆားနယ်တို့ကို ငါးပွဲရုံလုပ်ငန်းရှင်များထံမှ ဝယ်ယူ၍ ဈေးကွက်စီးပွားရေး အဆင်ပြေစေရန်အတွက် ရွှေ့ပြောင်းငါးရောင်းဝယ်သူများ အဝယ်လိုက်လာလျက်ရှိခြင်းကြောင့် ကသာမြို့ရှိ ငါးပွဲရုံများ တွက်ခြေကိုက်ကြကြောင်း သိရသည်။**

ကသာမြို့သည် ဧရာဝတီမြစ်ကို အမှီပြု၍ ငါးအင်းလုပ်သားများစွာ တည်ရှိသောမြို့ဖြစ်သည့်အတွက် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ အင်းတော်၊ ဗန်းမောက်မြို့များသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့သည့်အပြင် ဖားကန့်၊ ဆိုင်းတောင်၊ တာမခံ၊ လုံးခင်း၊ တောမှော်၊ ဝေခါ၊ ဆည်ဆင်း စသောကျောက်စိမ်းမှော်များ ရွှေများထွက်ရှိရာ ရွှေမှော်ဒေသကြီးများသို့ တင်ပို့ရောင်းချသူများ ပေါများလျက်ရှိကြောင်း သိရသည်။



ကသာမြို့နယ်ထွက် ငါးရံ့ခြောက်များ။

ထို့အပြင် ငါးခြောက်များဖြစ်သည့် ငါးရံ့ခြောက်၊ ငါးနုသန်းခြောက်၊ ငါးပြက်ခြောက်နှင့် ငါးဆားနယ်များကိုလည်း ကချင်ပြည်နယ်အထက်ပိုင်းမိုးညှင်း၊ ဟိုပင်၊ နန်းမား၊ ပင်းဘော၊ မိုးကောင်းနှင့် မြစ်ကြီးနားသို့လည်းတင်ပို့ကြသည်။ ကသာဒေသထွက်ငါးရံ့ခြောက်သည် ကသာမြို့၏ အထင်ကရ ထွက်ကုန်ဖြစ်လေသည်။ ကသာငါးချဉ်ကိုလည်း ကသာခရိုင် ခုနစ်မြို့နယ်အပြင် ကချင်ပြည်နယ်အထက်ပိုင်း ဖားကန့်ကျောက်စိမ်းမှော်များသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ တချို့ဖောက်သည်များက တယ်လီဖုန်းဖြင့်မှာယူကာ ကုန်ဖိုးငွေကို ငွေလွှဲပေးပို့ကြသကဲ့သို့ အချို့မှာ လူကိုယ်တိုင် သွားရောက်၍ ငွေတောင်းရသည်လည်း ရှိသည်ဖြစ်ကြောင်း အမှတ် (၁)ရပ်ကွက် ဘုရားသုံးဆူလမ်းမှ ငါးခြောက်ငါးချဉ်ပွဲရုံပိုင်ရှင် ဦးထွန်းထွန်းဦးက ပြောပြခဲ့သည်။

ကသာမြို့၏ နာမည်ကြီးရေထွက်ပစ္စည်းတစ်မျိုးမှာ ကသာငါးရံ့ခြောက်ဖြစ်သည်။ ငါးရံ့အချိုခြောက်သည် ဧရာဝတီမြစ်ရိုးရှိ အင်းအိုင်များမှ ဖမ်းယူရရှိသော ရေချိုငါးခြောက်ဖြစ်သဖြင့် စားရသည်မှာ အလွန်အရသာရှိလေသည်။ အခြားမြို့နယ်မှ ရောက်ရှိလာသူများသည် ကသာပြန်လက်ဆောင်ပေးလျှင် ကသာငါးရံ့ခြောက်နှင့် ကသာငါးချဉ်ကို ဝယ်ယူပေးလေ့ရှိသည်မှာ ထုံးစံတစ်ခုပင်ဖြစ်နေသည်။ ငါးရံ့ခြောက်တစ်ပိသာကို အရွယ်အစား အသေးအကြီးအလိုက် ငွေကျပ် ၁၅၀၀၀ မှ ၃၀၀၀၀ ဖြစ်ပြီး ယခုလိုဆောင်းရာသီတွင် ယခင်အချိန်ထက် ပိုမိုအရောင်းသွက်ကြောင်း ပွဲရုံပိုင်ရှင် ဦးထွန်းထွန်းဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များမှ ထွက်ရှိလာသော ငါးအားလုံးသည် ဆောင်းရာသီအချိန်၌ လှိုင်လှိုင်ပေါ်များကာ အရောင်းသွက်လှသဖြင့် ရောင်းဝယ်ဖောက်ကားကြသူများ စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း သိရသည်။

**ကိုညီ(ကသာ)**

# ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော ရန်ကုန်မြို့ MIPL ဆိပ်ကမ်းသို့ရောက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်းသည် ဝန်ကြီးဌာနမှခရီးသွားလုပ်ငန်းလိုင်စင်ရယူ ဆောင်ရွက်လျက်ရှိသော Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ MIPL ဆိပ်ကမ်းသို့ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော၊ MV.Silver Shadow သို့သွားရောက်ပြီး သင်္ဘော၊ ကပ္ပတိန်နှင့် ခရီးသွားဧည့်သည်များအား ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါသင်္ဘောသည် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ညနေ ၄ နာရီခွဲခန့်တွင်ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောအမှုထမ်း ၂၉၀ နှင့် ဧည့်သည် ၃၃၀ ပါဝင်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း အချို့ဧည့်သည်များသည် ပုဂံ၊ မန္တလေးဒေသများသို့ လည်းကောင်း၊ အချို့ခရီးသည်များသည် ရန်ကုန်၊ ပဲခူးနှင့်သန်လျင်တစ်ဝိုက် ဒေသများသို့ လည်းကောင်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ ယင်းသင်္ဘောသည် ဒီဇင်ဘာ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ ပို့တ်ဘလဲဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ကြီးမြို့နယ် ဝါးခမောက်လုပ်ငန်း နှီးဝါးစိတ်များ ရောင်းဝယ်မှု ပုံမှန်ဝင်ငွေရရှိနေ

**ကျောက်ကြီး ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မြို့ပေါ်နှင့် အနီးတစ်ဝိုက် ကျေးရွာများတွင် ဒေသကုန်ထုတ်လုပ်မှုဖြစ်သော ဝါးခမောက်ချုပ်လုပ်ငန်းအတွက် လိုအပ်သော နှီးဝါးစိတ်ခုတ်ယူရောင်းချနေသူများ နေ့စဉ် ပုံမှန်ဝင်ငွေရရှိနေသည်ဟု သိရသည်။


အရှေ့ရိုးမတောင်၌ တည်ရှိသော ကျောက်ကြီးမြို့နယ်သည် သစ်တောဝါးတောများနှင့် ဆက်စပ်နေပြီး ဝါးခမောက်ချုပ်လုပ်ငန်းအတွက် နှီးဝါးစိပ်များကို မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်ခုတ်ယူသယ်ဆောင် ရောင်းချလျက်ရှိကြသည်။

"အခုရာသီမှာ ဒီလုပ်ငန်းက လုပ်ရတာ အဆင်အပြေဆုံးပါပဲ။ အဓိကကတော့ ကျောက်ကြီးဒေသအတွက် လုပ်ကိုင်ကြတယ်။ တခြားမြို့ကလည်း လာဝယ်ကြတာတွေရှိတယ်။ တစ်နေ့အတွက် ဝင်ငွေ ကျပ် ၆၀၀၀ လောက် ပုံမှန်ရပါတယ်။ မနက်သွား ညနေပြန်ပါပဲ" ဟု နှီးဝါးစိတ်ခုတ် ရောင်းချနေသူတစ်ဦးက ပြောသည်။

နှစ်စဉ် နှီးဝါးစိတ်လုပ်ငန်းကို တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် လုပ်ကိုင်ကြလျက်ရှိရာ နှီးဝါးစိတ်တစ်လက်မအရွယ် လေးပေခွဲတစ်စိတ်လျှင် ၁၂ ကျပ်မှ ၁၄ ကျပ်၊ သုံးပေခွဲတစ်စိတ်လျှင် ၁၀ ကျပ် မှ ၁၂ ကျပ်အထိ ရောင်းချကြရပြီး မော်တော်ဆိုင်ကယ်တစ်စီးလျှင် နှီးဝါးစိတ် ၅၀၀ ကျော်အထိ တင်ဆောင်နိုင်ကြောင်း သိရသည်။

"ဝါးခမောက်လုပ်ငန်းအတွက် တန်ဆောင်မုန်းနဲ့ နတ်တော်လမှာ ဝယ်ယူရတာက ဒီရာသီမှာ ဝါးက နုလည်း နုတယ်။ ပိုးလည်းမထိုးတော့ သုံးရတာ အဆင်ပြေတယ်။ နှစ်တိုင်း ဒီအချိန်မှာ ဝယ်ယူနေကျပါပဲ။ မနှစ်ကနဲ့ ဒီနှစ်ဝယ်ယူဈေး အတက်အကျသိပ်မရှိပါဘူး။ တစ်နှစ်လုံးအတွက် နှီးဝါးစိတ်ငါးသိန်းကျော်ဖိုးအထိ ဝယ်ယူသိုလှောင်ထားရပါတယ်" ဟု ဝါးခမောက်ချုပ်လုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။

ကျောက်ကြီးမြို့နယ်၌ ဝါးခမောက်ချုပ်လုပ်ငန်းမှာ အိမ်တွင်းလုပ်ငန်းများအဖြစ် မိသားစုဝင်ငွေရရှိနေကြပြီး နှီးဝါးစိတ်လုပ်ကိုင်လျက်ရှိသော မော်တော်ဆိုင်ကယ် ၁၀ စီးကျော်မှာလည်း စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ (ဝင်း)



# ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပမည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲများကို မတ် ၂၄ ရက်မှ ဧပြီ ၆ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့မှ တပေါင်းလပြည့်ကျော် ၁၀ ရက် စနေနေ့အထိ (၂၀၁၆ ခုနှစ် မတ် ၂၄ ရက်မှ ဧပြီ ၂ ရက်)အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် ကြာသပတေးနေ့မှ တပေါင်းလပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့ (၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်) အထိလည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများကျင်းပမည့် အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဆက်သွယ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




## နေရောင်လရိပ်


၂၇-၁၂-၂၀၁၅




စာရေးဆရာ ရွှေသဥ္ဇာ ရေးသားသည့် နေရောင်လရိပ် လုံးချင်းဝတ္ထု ထွက်ရှိလာသည်။


နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဖတ်ရှုလေ့လာမှုသည် အရေးကြီးကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် စွမ်းဆောင်ပေးနိုင်သူများက အစွမ်းကုန်ဆောင်ရွက်ပေးသင့်ကြောင်း၊ ကျေးရွာတစ်ရွာတွင် ဘုန်းတော်ကြီး၊ ရွာလူကြီး၊ ကျောင်းအုပ်ကြီး စသည့်ကြီးသုံးကြီး၏ခွန်အားသည် များစွာအရေးကြီးတန်ဖိုးရှိကြောင်းနှင့် အောင်မြင်မှုများအတွက် အဓိကကျကြောင်းတို့ကို တစ်ခေတ်တစ်ခါက မိုးခေါင်ရေရှားရပ်ဝန်းဒေသဟု အခေါ်အသုံးရှိခဲ့သော အညာဒေသကျေးတောရွာတစ်ရွာကို အခြေပြုဇာတ်လမ်းဖွဲ့ထားသည့် ရသမြောက်လုံးချင်းဝတ္ထုဖြစ်သည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်သည်။

## ဘဝ၏ အုတ်မြစ်




ဆရာတော် ဦးဉာဏဇ ရေးသားသည့် "ဘဝ၏အုတ်မြစ်" စာအုပ်ထွက်ရှိလာသည်။ မိမိတို့၏ ယခုဘဝနှင့်သံသရာခရီး ဖြောင့်ဖြူးလှပအဆင်ပြေလိုလျှင် ဘဝ၏ အုတ်မြစ်သဖွယ်ဖြစ်သော ငါးပါးသီလလုံခြုံရန် အရေးကြီးပုံ၊ သီလနှင့် သစ္စာစွမ်းအင်ကြောင့် ရောဂါဝေဒနာပျောက်ကင်းသက်သာရပုံ ငါးပါးသီလလုံခြုံလျှင် ရရှိမည့်အကျိုးကျေးဇူးများနှင့် ဖောက်ဖျက်လျှင် ခံစားရမည့်ဆိုးကျိုးတို့ကို လူအများဆင်ခြင်ရှောင်ရှားနိုင်ရန် ရေးသားထားသည်။

## ဗုဒ္ဓဘာသာဝေါဟာရ မြန်မာ-အင်္ဂလိပ် စွယ်စုံအဘိဓာန်




ဆရာတော် ဒေါက်တာ ဦးဉာဏဝရရေးသားသော "ဗုဒ္ဓဘာသာဝေါဟာရမြန်မာ- အင်္ဂလိပ် စွယ်စုံအဘိဓာန်" ထွက်ရှိလာရာ ထိုကျမ်းစာထဲ၌ သိသင့်သိထိုက်သောထေရဝါဒ(မြန်မာ) ဗုဒ္ဓဘာသာ ဝေါဟာရများနှင့် အချက်အလက်များကို အင်္ဂလိပ်စာလေ့လာလိုသူများနှင့် မြန်မာဘာသာသက်သက် တတ်ကျွမ်းသူများလည်း လေ့လာဖတ်ရှုနိုင်သည်။ တတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ရိုက်နှိပ်ခြင်းဖြစ်ပြီး သင်းစာပေက ထုတ်ဝေခြင်းဖြစ်သည်။

## လှူကြ၊ တန်းကြ မန္တလေးမြို့က ကျောင်းအမများ




စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်ရေးသားသော "လှူကြ၊ တန်းကြ မန္တလေးမြို့က ကျောင်းအမများ" စာအုပ်ထွက်ရှိလာသည်။ မန္တလေးမြို့မှဘာသာရေး၊ သာသနာရေး၊ ပရဟိတလုပ်ငန်းများတွင် သဒ္ဓါတရားထက်သန်စွာ ကျပ်သိန်းသောင်းချီ လှူဒါန်းခဲ့ကြသော မန္တလေးမြို့ပေါ်ရှိ ဂုဏ်သရေရှိ မြို့မိမြို့ဖများ၊ ကျောင်းအမများ၏ အလှူဒါနများအကြောင်း၊ ၎င်းတို့၏ ဘိုးဘွားမိဘစဉ်ဆက် သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ကြီးပွားတိုးတက်လာပြီး အလှူကြီးများ လှူဒါန်းနိုင်ခဲ့ကြပုံကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။ ၎င်းတို့၏ဘဝဖြတ်သန်းမှုများကို တိုးတက်ကြီးပွားလိုစိတ်ရှိသူလူငယ်များ အားကျအတုယူလုပ်ဆောင်နိုင်ရန် ရေးသားထားသည်။ ဇင်ရတနာစော စာပေကထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။ **(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ် ၁၇ မြို့နယ်လုံးရှိ ကလေးပေါင်း လေးသိန်းကျော်ကို အိမ်တိုင်ရာရောက် ကောက်သင်းကောက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီ

**သတင်းဆောင်းပါး- လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဉာဏစော**

ရခိုင်ပြည်နယ်အတွင်း မြို့နယ်ပေါင်း ၁၇ မြို့နယ်လုံးရှိ ကလေးပေါင်းလေးသိန်းကျော်အား ဒီဇင်ဘာ ၂၆ ရက်မှစ၍ ပိုလီယိုကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် ကောက်သင်းကောက် စနစ်ဖြင့် တိုက်ကျွေးပေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပိုလီယိုရောဂါကင်းစင်သော ဒေသဖြစ်ခဲ့သော်လည်း ၂၀၁၅ခု ဧပြီလနှင့် အောက်တိုဘာလတို့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် အတွင်းရှိ ကလေးငယ်နှစ်ဦးတွင် ကာကွယ်ဆေးမှအသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုး (CVDPV) တစ်မျိုး တွေ့ရှိခဲ့ရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှဒေသတစ်ခုလုံးသည် ပိုလီယိုမကင်းစင်သော ဒေသအဖြစ်သို့ ဆိုက်ရောက်သွားရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယင်းအသွင်ပြောင်းပိုလီယိုရောဂါပိုး (CVDPV) အခြားဒေသများသို့ ပျံ့နှံ့မသွားရန်နှင့် အမြစ်ပြတ်ချုပ်ငြိမ်းသွားနိုင်ရန်အတွက် ပိုလီယိုကာကွယ်ဆေးများကို ဒီဇင်ဘာလတွင် နှစ်ကြိမ်နှင့် ၂၀၁၆ ဇန်နဝါရီလတွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် စနစ်ဖြင့် တိုက်ကျွေးပေးနေခြင်းဖြစ်သည်။

ပထမအကြိမ်အဖြစ် ၂၀၁၅ ခု ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ တိုက်ကျွေးရန် စီစဉ်သော်လည်း ရခိုင်မြို့နယ် ၁၀ မြို့နယ်၌ ဒီဇင်ဘာ ၈ ရက်ထိ တစ်ရက်ထပ်တိုးကာ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် တိုက်ကျွေးပေးနိုင်ခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခု ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၆ ခု ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိလည်းကောင်း တိုက်ကျွေးပေးရန် စီစဉ်ထားပြီးဖြစ်သည်။

**၁၀မြို့နယ်မှ ၁၇ မြို့နယ်လုံးသို့**

ရခိုင်ပြည်နယ်တွင် ပထမအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်စဉ်က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ မြို့နယ်များရှိ မွေးစမှ အသက်ငါးနှစ်ထိ ကလေးများအား တိုက်ကျွေးပေးခဲ့သည်။ ထို့အပြင် ချင်းပြည်နယ်မှ ပလက်ဝနှင့် ကန်ပက်လက်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ရေကြည်မြို့နယ်၊ မကွေးတိုင်းဒေသကြီးမှ ငဖဲမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးမှ ပန်းတောင်းမြို့နယ် တို့တွင်လည်း တိုက်ကျွေးပေးခဲ့သည်။

ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သောင်းလှိုင်က "ကျွန်တော်တို့အနေနဲ့ အခု ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယို



ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနေစဉ်။

ကာကွယ်ဆေး တိုက်ကျွေးခြင်းကို အဆင့်သုံးဆင့်ခွဲပြီး တိုက်ကျွေးပေးသွားမှာ ဖြစ်ပါတယ်။ အဆင့်တစ်အနေနဲ့ မောင်တောနဲ့ဘူးသီးတောင်မြို့နယ်တွေကို Out break Townships ခေါ်တဲ့ အဓိကရောဂါဖြစ်ပွားရာဒေသအဖြစ် သတ်မှတ်ပြီးတော့ အသက် ၁၀ နှစ်အောက်ထိ ကလေးတိုင်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးပါမယ်။ အဆင့်နှစ်အနေနဲ့ ရခိုင်ပြည်နယ် ၁၇ မြို့နယ်လုံးမှာရှိတဲ့ မွေးစမှအသက်ငါးနှစ်အထိ ကလေးတိုင်းကို တိုက်ကျွေးပေးပါမယ်။ အဆင့်သုံးအနေနဲ့တော့ မောင်တောနဲ့ ဘူးသီးတောင်မြို့နယ်တွေမှာ New Born လို့ ခေါ်တဲ့ မွေးကင်းစကလေးတိုင်းကို ဆေးတိုက်ကျွေးသွားပါမယ်။ ရခိုင်တစ်ပြည်နယ်လုံးဆိုရင်တော့ ကလေးပေါင်းလေးသိန်းကျော် ရှိမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ အခုလို အရေးတကြီးနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းကို ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ကြရင် ပိုပြီးအောင်မြင်မှာပါ။ ဆိုလိုတာကတော့ ဆေးတိုက်အဖွဲ့တွေ ဆေးတိုက်လာတဲ့အခါ အားလုံးက ကျန်းမာရေးအသိရှိရှိနဲ့ ဆေးတိုက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု ပြောသည်။

**တစ်ကမ္ဘာလုံး၏ကျန်းမာရေးပြဿနာ**

ကမ္ဘာကြီးတွင် ကူးစက်ရောဂါပိုးမည်သည့်နေရာဒေသတွင်ရှိနေသည်ဖြစ်စေ ကမ္ဘာကြီးကိုခြိမ်းခြောက်နေမည်ဖြစ်သည်။ ယခုရခိုင်ပြည်နယ်တွင် အသွင်ပြောင်းပိုလီယိုရောဂါပိုး တွေ့ရှိနေခြင်းသည်လည်း တစ်ကမ္ဘာလုံး၏ ကျန်းမာရေးပြဿနာဖြစ်၍ ရခိုင်ပြည်နယ်ကိုသာမက ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေခြင်းဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ မောင်တောမြို့နယ်တွင်တွေ့ရသော ပိုလီယိုပိုးမှာ Circulating Vaccine Derived Polio Virus(CVDPV) Type II ဟုခေါ်သော ကူးစက်မြန်အသွင်ပြောင်း ပိုလီယိုရောဂါပိုးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး၊ မြန်မာတစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံး၏ ကျန်းမာရေးပြဿနာ (Public Health Emergency of International Concern-PHEIC) ဖြစ်လာနိုင်ကြောင်း၊ ထိုရောဂါပိုးကူးစက်မှုလုံးဝရပ်တန့်သွားအောင် အမြန်ဆုံးနည်းဖြင့် ချေမှုန်းရမည်ဖြစ်ကြောင်း၊ ဆေးတိုက်ကျွေးပေးမည့် ကလေးတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရန် ဂရုပြုရမည်ဖြစ်ကြောင်း၊ ရာနှုန်းပြည့်တိုက်နိုင်လေ ပိုကောင်းလေ ဖြစ်ကြောင်းစသည်ဖြင့် ဒေါက်တာသောင်းလှိုင်က ဆက်၍ပြောပြသည်။

**လူကုန်ဆေးတိုက်စနစ်ဖြင့် တိုက်ကျွေးပေးနေ**

မောင်တောမြို့နယ်သည် အသွင်ပြောင်းပိုလီယိုပိုး တွေ့ရသောနယ်မြေဖြစ်သဖြင့် ယင်းနှင့်နီးစပ်သော ဘူးသီးတောင်မြို့နယ် အပါအဝင် နှစ်မြို့နယ်၌ အသက်အရွယ်အားလုံး (မွေးကင်းစမှ သက်ကြီးများထိ) လူကုန်ဆေးတိုက်စနစ်ဖြင့် မြို့နယ်တွင်း နေထိုင်သူအားလုံးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တစ်ဖက်နိုင်ငံ (ဘင်္ဂလားဒေ့ရှ်)သို့ သွားရောက်မည့်သူများကိုလည်း နယ်စပ်ဂိတ်များမှနေပြီး အသက်အရွယ်မရွေး ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံတွင်းသို့ လာရောက်လည်ပတ်မည့် သူများကိုလည်း တိုက်ကျွေးရန် စီစဉ်ထားကြောင်း သိရသည်။

**အမြစ်ဖြတ်ချေမှုန်းဖို့ ပြည်သူအားလုံး ဝိုင်းဝန်းစို့**

ကူးစက်မြန်အသွင်ပြောင်းပိုလီယိုရောဂါပိုး (CVDPV၊ Type II) သည် မောင်တောမြို့နယ်တွင် တွေ့ရသော်လည်း ယင်းနေရာတွင် ရပ်တန့်မနေပေ။ ပိုးတွေ့ရသောကလေးတစ်ဦးနှင့်တစ်ဦးသည် အကွာအဝေးအားဖြင့် ငါးမိုင်ခန့်ရှိခြင်း၊ တွေ့ရှိရသော ပိုးအမျိုးအစားသည်လည်း တူညီနေသဖြင့် အထူးဂရုစိုက်ရန်လိုအပ်ပေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလေးထားပြီး ဆောင်ရွက်ပေးနေရာ ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးအသိရှိရှိဖြင့် ဝိုင်းဝန်းကူညီရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့် အချိန်တိုအတွင်း ပိုလီယိုရောဂါပိုးကို အမြစ်ဖြတ်ချေမှုန်းနိုင်လေ ပိုကောင်းလေဖြစ်သည်။ သို့ဖြစ်၍ အားလုံးလက်တွဲညီညီ အသိကိုယ်စီဖြင့် ပူးပေါင်းလက်တွဲကာ ပိုလီယိုရောဂါဆိုးကြီးကို ဤကမ္ဘာမြေပေါ်မှ လုံးဝကင်းစင်အောင် ဝိုင်းဝန်းဆောင်ရွက်တွန်းလှန်တိုက်ဖျက် ပေးကြပါစို့ တိုက်တွန်းရေးသားလိုက်ရပေသည်။

**သတင်းတိုများ**

## လူထုစုပေါင်းလမ်းလျှောက်ပွဲပျော်ရွှင်စွာဆင်နွှဲ

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်တိုးတက်မြင့်မားစေရန် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလစတုတ္ထပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှစတင်ကာ မြို့နယ်အားကစားဝင်းအတွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ ထို့နောက် မြို့နယ်အားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်ကော်မတီတို့ပူးပေါင်းပြီး (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်၊ ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို တောင်စွန်းကျေးရွာ ဘဝမျက်ရှုစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ကျေးရွာစာကြည့်တိုက်အသင်းဝင် ကျောင်းသားကျောင်းသူ ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် တစ်ပွဲချင်းစီအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အသက် ၁၃နှစ်အောက် ဘောလုံးပြိုင်ပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် Township Sports Development Programme အရ အားကစားနှင့်ကာယပညာကော်မတီအားကစားပြိုင်ပွဲများအဖြစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၃ နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က မြို့မအားကစားကွင်း၌ ကျင်းပသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ဘောလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ယင်းပြိုင်ပွဲအား ဇန်နဝါရီ ၆ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သောက်သုံးရေရရှိရေးဆောင်ရွက်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် လုပ်ငန်းအမျိုးအစားခုနစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော စခန်းသာအုပ်စု ပိန္နဲကုန်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာသို့ ကျောက်မဲခရိုင် ဦးစီးမှူး ဦးမျိုးမင်းစိုး မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ခရိုင်ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ရီရီစန်းနှင့်အဖွဲ့က စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြသသည်။

**စိုင်း(သီပေါ)**

# တိုင်ထောင်ခရမ်းချဉ်များ စီးပွားဖြစ်စိုက်ပျိုးလာ

**ကသာ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ မြေနိမ့်ရေဝင်ပိုင်းဒေသများဖြစ်သော မြေနုကျွန်းပေါ်ဒေသနှင့် ကိုင်းကျွန်းမြေများပေါ်တွင် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မြစ်ရေလျော့ကျချိန်၌ တိုင်ထောင်ခရမ်းချဉ်များကို အများအပြား စိုက်ပျိုးလာကြကြောင်း သိရသည်။

အဆိုပါ တိုင်ထောင်ခရမ်းချဉ်များကို ကသာမြို့နယ် သစ်ဖြူကုန်းကျေးရွာ၊ ပုလွေရွှေကျေးရွာ၊ ဒုံးအော့ကျေးရွာ၊ ရှမ်းကျွန်းနှင့်ကျောင်းကုန်းကျေးရွာတို့တွင် စီးပွားဖြစ် ပို၍စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးချိန်တွင် တိုင်ထောင်ခရမ်းချဉ်သီးမျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၈၅၀၀ မှ ၉၀၀၀ အထိ ပေးဝယ်ရပြီးမျိုးစေ့ကို "ပလတ်စတစ်အိတ်ငယ်များတွင် မြေဆီမြေဆွေး ထည့်၍ပျိုးရကြောင်း ပျိုးသက် ၂၀ ရက်သားဝန်းကျင်ခန့်တွင် ထယ်ရေးပြင်ထားသောစိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း သိရသည်။

"တိုင်ထောင်ခရမ်းချဉ်မျိုးစေ့က နိုင်ငံခြားကနေ တင်သွင်းလာတဲ့မျိုးဆိုတော့ အရင်းအနှီးကုန်ကျစရိတ်များတယ်၊ ပထမ အပင်ဖြစ်အောင် ဂရုစိုက်ရတယ်။ ဈေးကွက်ဝင်အသီးအရွယ်အစားတွေရောက်မှ ညှိုးသေလို့ ရှုံးတဲ့အခါလည်း ရှိခဲ့ဖူးတယ်။ မနှစ်ကတော့ တစ်ပိဿာ ငွေကျပ် ၁၅၀ နဲ့ ထားတွက်ပြီး ပျိုးပင်ပေါင်း ၁၀၀၀၀ ခန့် စိုက်တယ်၊ ဈေးကွက်ထဲရောက်ချိန်မှာ တစ်ပိဿာပျမ်းမျှ ငွေကျပ် ၃၀၀လောက်ရောင်းရတယ်။ ဒီနှစ်က မနှစ်ကထက် ပျိုးပင်ပိုပြီးစိုက်တယ်။ ဒီနှစ်လည်း ခရမ်းချဉ်သီးဈေးက မဆိုးပါဘူး"ဟု ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။



**မောင်ငြိမ်းဝင့်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ကျုံးအနောက်ဘက်အတိုင်း ပတ်၍ ရွှေမန်းတောင်ဂေါက်ကွင်းမှ မန္တလေးတောင်အဆင်းလမ်းအတိုင်း တောင်ပေါ်သို့ ယှဉ်ပြိုင်စီးနင်းကာ မန္တလေးတောင် ခတ်လှေကား အနီးရှိနေရာတွင် ပန်းဝင်ခဲ့ကြသည်။

မန္တလေးပြည်သူများ အားကစားလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရန် စက်ဘီးစီးခြင်း၏ အကျိုးရလဒ်များကို သိရှိစေရန်နှင့် ယာဉ်အစီးရေတိုးတက်များပြားလာသော မန္တလေးမြို့တော်တွင် စက်ဘီးစီးသူများပြားလာခြင်းဖြင့်ယာဉ်လမ်းကျပ်တည်းမှုများနှင့်လေထုညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်နိုင်မှုများ လျော့ပါးသက်သာစေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲကို ၂၅ နှစ်အောက်၊ ၃၅ နှစ်အောက်၊ ၄၅နှစ်အောက်နှင့် ၆၀ နှင့်အထက် အလွတ်တန်းဟူ၍ ပြိုင်ပွဲအမျိုးအစားအလိုက်ကျင်းပပေးခြင်းဖြစ်ပြီးပြိုင်ပွဲသို့ MFR စက်ဘီးအဖွဲ့ဝင်များနှင့် မြို့ခံစက်ဘီး အားကစားသမားများသာမက နိုင်ငံတကာမှဧည့်သည်များပါ စိတ်အားထက်သန်စွာ ပါဝင်ဆင်နွှဲခဲ့ကြရာ စုစုပေါင်းစက်ဘီးအစီးရေ ၃၂၇ စီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မန္တလေး Free rider အဖွဲ့မှ မန်နေဂျာ ကိုအောင်ဝင်းထွန်းကပြောသည်။

"နိုင်ငံတကာမှာ သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့ အတွေ့အကြုံအရ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးချင်တဲ့ဆန္ဒတွေနဲ့ဒီ MFR အသင်းကို ဖွဲ့စည်းပြီး ၂၀၁၂ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့တာပါ။ ကျင်းပခဲ့စဉ်က ပြိုင်ပွဲဝင်ဦးရေ ၁၀၀ မကျော်ပေမယ့် တစ်နှစ်ထက်တစ်နှစ် များပြားလာ ပြီး ဒီနှစ်မှာတော့ ၃၀၆ ဦးကျော်တဲ့အထိ တိုးတက်လာတာကို ဝမ်းမြောက်စွာ တွေ့ရပါတယ်။ ဒီပြိုင်ပွဲမှာ ထူးခြားချက်တွေအနေနဲ့ကတော့ မန္တလေးကို လာရောက်လည်ပတ်ကြတဲ့ ကနေဒါ၊ အိုင်ယာလန်နဲ့အင်္ဂလန်နိုင်ငံတွေက ဧည့်သည်တွေပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့အပြင် အငယ်ဆုံးအသက် ကိုးနှစ်ကနေ အကြီးဆုံးအသက် ၇၈ နှစ်ရှိတဲ့ သူတွေပါ အားတက်သရော ဝင်ပြိုင်ကြတာကို တွေ့ရပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် အသက် ၆၀ နှင့် အထက် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကနေဒါနိုင်ငံသားတစ်ဦးကလည်း "ပြိုင်ပွဲကျင်းပဖို့ကြေညာထားတဲ့ပိုစတာကို ဖတ်မိပြီး ဝင်ပြိုင်တာပါ။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်လာပြီး မန္တလေးမြို့မှာ ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလို့ အလွန်လည်းပျော်ပြီး အမှတ်တရလည်း ဖြစ်သွားပါတယ်။ နောက်နှစ်တွေလည်းဒီပြိုင်ပွဲကို ယှဉ်ပြိုင်နိုင်ဖို့ လာခဲ့ပါဦးမယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ထို့နောက် နံနက် ၉ နာရီတွင် Down Hill ပြိုင်ပွဲကို နိုင်ငံတကာ အဆင့်မီကျင်းပနိုင်ရန် စီစဉ်ဖောက်လုပ်ထားသည့် မီတာ ၁၅၀၀ အရှည်ရှိ အားကစားကွင်းတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ခြင်းကို နံနက် ၁၁ နာရီတွင် ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် အစောဆုံးပန်းဝင်သူ ၁၀ ဦးကို ရွေးချယ်၍ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆုကျပ်တစ်သိန်း၊ စတုတ္ထဆု ကျပ်ခုနစ်သောင်း၊ ပဉ္စမဆုကျပ်ငါးသောင်း အသီးသီးချီးမြှင့်၍ ကျန်ရှိသည့် ပြိုင်ပွဲဝင် ငါးဦးအား နှစ်သိမ့်ဆုအဖြစ် ကျပ်ငွေသုံးသောင်းဆီချီးမြှင့်ခဲ့ပြီး အသက် ၆၀ နှစ်အထက် ပြိုင်ပွဲဝင် ၁၇ ဦးနှင့် အမျိုးသမီးပြိုင်ပွဲဝင် ၁၃ ဦးတို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် MFR တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ပြီး**(အပေါ်ပုံ)** ပြိုင်ပွဲဝင်အားလုံးအား ကျပ် ၂၀ သိန်းတန် BMW စက်ဘီးအပါအဝင် ပစ္စည်းအမျိုးပေါင်း ၂၀၀ ကျော်ဖြင့် ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။



**စတုတ္ထကြိမ်မြောက် မန္တလေးတောင် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)






**စတုတ္ထကြိမ်မြောက် မန္တလေးတောင် ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲတွင် ဝင်ရောက်ဆင်နွှဲကြသည့် နိုင်ငံခြားသားများကို တွေ့ရစဉ်။**
ဓာတ်ပုံ-မင်းထက်အောင်(မန်းကိုယ်ပွား)

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင်. . .

ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန်ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၃၁၆၅၉၇ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း(ဒေါ်ထားထားဝင်း) | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးငွေးကို | ၀၉-၇၃၀၇၆၀၀၁၊ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မို(စထမာ) | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးဉာဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သယ်န်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း(ဒေါ်ကြည်မြ) | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၁-၅၂၅၅၁၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဦး | ၀၉-၃၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၂၁၅၇၀၃၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ငွေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးခင်မောင်အေး | ၀၉-၂၆၃၉၉၈၈၂၃ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

# ဘုရင့်နောင်အမှတ်(၂) တံတားပေါ်၌ ယာဉ်တိုက်မှုဖြစ်



**ရန်ကုန် ဒီဇင်ဘာ ၂၇**

လှိုင်သာယာမြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီခွဲက ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၂)ဘုရင့်နောင်တံတားပေါ်ရှိ ဘုရင့်နောင်ဘက်ခြမ်း တစ်လမ်းမောင်း ကုန်းအဆင်းတွင် ယာဉ်တစ်စီးဖြတ်သန်းမောင်းနှင်စဉ် ကားလမ်းဘေး ဘလောက်တုံး ၁၁ တုံးကိုတိုက်မိပြီး ယာဉ်ဘေးစောင်းလဲကျခဲ့ကြောင်း သိရသည်။

"ဘလောက်တုံး ၁၁ တုံးပျက်စီးသွားတယ်။ ဒီနေ့ညနေ ၄ နာရီ ၁၅ မိနစ်မှာပြန့်နေတဲ့ ဘလောက်တုံးတွေကို ပြန်စီဖို့ အလုပ်သမားတွေသွားပါပြီ။ ယာဉ်တိုက်မှုဖြစ်တဲ့ ယာဉ်မောင်းက လျော်ရမှာပါ။ အခုထိခိုက်မိတဲ့ ဘလောက်တုံးတွေပဲ ပြန်စီပြီးတော့ လျော်ကြေးပေးပြီးရင် အသစ်တွေပြန်လဲမှာပါ"ဟု ဘုရင့်နောင်အမှတ်(၂) တံတားတိုးဂိတ်တာဝန်ခံဦးတင့်ဝေကပြောသည်။

ဖြစ်စဉ်မှာ လှိုင်သာယာကိုကာကိုလာကုမ္ပဏီမှ SORENTO (KIA) ဝက်ဂွန်အမျိုးအစား အနက်ရောင်ကိုယ်ပိုင်ကားသည် အမျိုးသမီးတစ်ဦးအပါအဝင် လူသုံးဦးလိုက်ပါလာပြီး အဆိုပါကုန်းအဆင်းအကွေ့တွင် ဖုန်းဝင်လာ၍ ဖုန်းပြောရန် အာရုံပြောင်းသွားစဉ် လမ်းနံဘေးရှိ တစ်လမ်းမောင်းအဖြစ် ကာရံထားသော အစွန်းထွက်ပေါ်နေသည့် ဘလောက်တုံးသုံးတုံးကို စတင်တိုက်မိရာမှ ကျန်ဘလောက်တုံးများကို တိုက်မိကာ ယာဉ်တိမ်းစောင်းခဲ့ပြီး သုံးဦးလုံး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိခဲ့ကြောင်း သိရသည်။

"ဘုရင့်နောင်စခန်းမှာ အမှုဖွင့်ထားတယ်။ ယာဉ်မောင်း ကိုယဉ်ထွေး(၃၄နှစ်)ပါတယ်"ဟု (၅၁)လမ်းရုံးမှ ရဲအုပ် မျိုးမြင့်ထွန်းက ပြောသည်။

ပျက်စီးသွားသော ဘလောက်တုံး ၁၁ တုံးအတွက် တစ်တုံးလျှင် ကျပ်သုံးသိန်းဖြင့် ၃၃ သိန်းလျော်ရမည်ဖြစ်ကြောင်း သိရပြီး ထိုတံတားပေါ်တွင် ညပိုင်းယာဉ်နှင့် ဆိုင်ကယ်များ တစ်လမ်းမောင်းမှ ဖြတ်သန်းစဉ် လမ်းတစ်ဝက်မှ ဘလောက်တုံးနှင့် သံပန်းအကာများကို ရွှေ့ပြောင်း၍ ပြန်လည်ကွေ့ကာမောင်းနှင်သည့်အတွက် တံတားပေါ်အရှိန်ဖြင့် မောင်းနှင်သောယာဉ်များ အန္တရာယ်ကြုံတွေ့ရတတ်ကြောင်း၊ အဆိုပါတံတားပေါ်တွင် ယာဉ်တိုက်မှုသည် နေ့ပိုင်းထက် ညပိုင်းတွင် အဖြစ်များသောကြောင့် CCTV တပ်ဆင်၍ တံတားလုံခြုံရေး ရှစ်ဦးထားရှိကာ အချိန်ခွဲ တာဝန်ထမ်းဆောင်ပါက ယာဉ်ဖြတ်သန်းသွားလာမှုအန္တရာယ်ကင်းရှင်းသွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးက ပြောဆိုသည်။

ယင်းနေ့ညနေ ၆ နာရီက တံတားပေါ်တွင် ၃၉ လိုင်းကားက ဟိုက်ဂျက်ယာဉ်ကိုတိုက်မိပြီး ဟိုက်ဂျက်ယာဉ်က တံတားပေါ်တွင် စက်ပျက်၍ ရပ်ထားသော ကုန်တင်ထားသည့် ဒိုင်နာယာဉ်ကို ထပ်မံတိုက်မိသောကြောင့် ဟိုက်ဂျက်ယာဉ်မောင်း ခြေထောက်ထိခိုက်မိကာ ယာဉ်ကြောသုံးခုတွင် နှစ်ခု ပိတ်ဆို့ခဲ့၍ ယာဉ်ထိန်းတပ်ဖွဲ့က ရှင်းလင်းပေးခဲ့ရာ ည ၇ နာရီ ၁၅ မိနစ်တွင် ယာဉ်ကြောပြန်လည်ပွင့်ခဲ့ကြောင်း သိရသည်။

**(၁၆၄)**

# ဆိုင်ကယ် အရှိန်လွန်ချောက်ထဲထိုးကျ၊ အမျိုးသားတစ်ဦးသေဆုံး

**ပခုက္ကူ ဒီဇင်ဘာ ၂၇**

ပခုက္ကူခရိုင် ပခုက္ကူ-မုံရွာကားလမ်းတွင် ဆိုင်ကယ်တစ်စီးအရှိန်လွန်ချောက်ထဲ ထိုးကျတိမ်းမှောက်ခဲ့၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ပခုက္ကူ-မုံရွာကား လမ်းမိုင်တိုင်အမှတ်(၂၆/၅ နှင့် ၂၆/၆)ကြား မောင်ဘို(၃၇ နှစ်) ဖူလုံကျေးရွာ ရေစကြိုမြို့နယ်နေသူသည် အရက်သေစာသောက်စား မူးယစ်ပြီး တစ်ရွာတည်းနေဦးဂျစ်(၅၂ နှစ်)ကို တင်ဆောင်၍ နံပါတ်မပါဆိုင်ကယ်ကို မောင်းနှင်လာရာ မြေဖြူ-မုံညင်း ကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့၍ အောင်ဘိုတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးဂျစ်တွင် ဒဏ်ရာများ(စိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ရေစကြိုမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကျော်ဇေယျ**

# အမျိုးသမီးနှစ်ဦး လမ်းဘေးရပ်စကားပြောနေစဉ် ဆိုင်ကယ်နှင့်တိုက်မိ

**မြိုင် ဒီဇင်ဘာ ၂၇**

ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၁)ရပ်ကွက်တွင် လမ်းဘေးရပ်စကားပြောနေသည့် အမျိုးသမီးနှစ်ဦးအား ဆိုင်ကယ်အတိုက်ခံရ၍ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲက မြိုင်မြို့ အမှတ်(၁) ရပ်ကွက် မြိုင်-လင်းကတောကားလမ်း မိုင်တိုင်အမှတ် (၀/၁)နှင့် (၀/၂) အကြား ရွှေလာလက်ဖက်ရည်ဆိုင်အနီးတွင် ဒေါ်မာမာမြင့် (၄၂နှစ်)နှင့် ဒေါ်သီတာဦး(၅၅ နှစ်)တို့ နှစ်ဦးသည် လမ်းဘေးတွင် ရပ်၍ စကားပြောနေစဉ် မြိုင်ဆေးရုံဘက်မှ မြို့မဈေးဘက်သို့ မျိုးမင်းဇော်(၃၂နှစ်)မောင်းနှင်လာသည့် နံပါတ်မပါ ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ဒေါ်မာမာမြင့်တွင် ဒဏ်ရာ(စိုးရိမ်ရ)နှင့် ဒေါ်သီတာဦးတို့တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား မြိုင်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကသာမြို့နယ်၌ တရားမဝင် နွားခြောက်ကောင်ဖမ်းမိ

**ကသာ ဒီဇင်ဘာ ၂၇**

ရဲစခန်း၏မြောက်ဘက်တစ်မိုင်ခန့်အကွာ ကသာမြို့နယ် မိသလင်းကျေးရွာအနီးရှိ တရုတ်ဆီးသီးခြံအနီး ဒီဇင်ဘာ ၂၆ ရက်က သတင်းအရသက်ဆိုင်ရာက ရှာဖွေစဉ် နွားခြောက်ကောင် ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်နှင့်အတူ လူနှစ်ဦးအားတွေ့ရှိရ၍ စစ်ဆေးမည်ပြုစဉ် အဆိုပါလူနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်သွားသူနှစ်ဦးနှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ ကသာမြို့ အမှတ်(၉)ရပ်ကွက် အပိုင်း(၂)နေ ညဏ်လင်း(ခ)ဟူစိန်နှင့်ညီဖြစ်သူ ခင်မောင်လင်းတို့ဖြစ်ကြောင်း သိရပြီး ကျန်ရှိနေသည့် နွားခြောက်ကောင်အား ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သက်သေများရှေ့တွင် ရှာဖွေသိမ်းဆည်းခဲ့ပြီး ကသာမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# သေဒဏ်ချမှတ်ခဲ့သော အစွပ်စွဲခံရမြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးအား လုံခြုံရေးပိုမိုတင်းကျပ်သည့် အကျဉ်းထောင်သို့ပြောင်းရွှေ့

**ကော့စမွေ ဒီဇင်ဘာ ၂၇**

ကော့စမွေခရိုင် တရားရုံးတော်မှ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက သေဒဏ်ချမှတ်ခဲ့သော အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦးဖြစ်စဉ်နှင့် စပ်လျဉ်း၍ ၎င်းတို့အား ဥပဒေအရ ရေကုန်၊ ရေခန်းရလဒ်ကောင်းပြန်ရသည့် တိုင်အောင် ထိုင်းရှေ့နေများကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံဘုရင်မင်းမြတ်အပေါ် စော်ကားမှုမပြုကြရန်နှင့် ထိုင်းနိုင်ငံတော်အလံအား စော်ကားမှုမပြုရန်အတွက်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမျိုးချစ်မြန်မာများက အကြမ်းဖက်မှုမပါသော တောင်းဆိုခြင်းဖြင့် အယူခံမှုများကို အားဖြည့်ပေးပါရန် အနူးအညွတ်တောင်းပန်မေတ္တာရပ်ခံထားကြောင်း ဗန်ကောက်မြန်မာသံရုံးအထူးစုံစမ်းရေးကော်မတီအဖွဲ့မှ သိရသည်။

မြန်မာ အလုပ်သမားအရေး ဆောင်ရွက်နေသော မြန်မာအလုပ်သမား ကိုစောမောင်က "ထိုင်းနိုင်ငံမှာရှိနေကြတဲ့ မြန်မာအလုပ်သမားတွေရဲ့အခြေအနေကတော့ ခုထိအေးဆေးပါပဲ၊ ဘာမှရှုပ်ထွေးမှုမရှိပါဘူး။ သူတို့နှစ်ယောက်ကို ထောင်ရွှေ့ပြောင်းလိုက်တဲ့ အခုဖြစ်စဉ်ကလည်း ထိုင်းနိုင်ငံဥပဒေအရ ပုံမှန်လုပ်ထုံး လုပ်နည်းပါပဲ။ ပြစ်ဒဏ်အမိန့်ချလိုက်ပြီဆိုတော့ ထောင်ပြောင်းရွှေ့လိုက်တာပဲလေ၊ ဘာမှတော့ အထွေအထူးမရှိပါဘူး။ ဒါပေမယ့် အခုရွှေ့ပြောင်းလိုက်တဲ့ထောင်မှာတော့ သူတို့ရဲ့မိသားစုဝင်တွေနဲ့ ရှေ့နေတွေလောက်ပဲ သူတို့တွေ့ဆုံခွင့်ရတော့မှာပါ" ဟုဆိုသည်။

**စိုးဝင်း(SP)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# အရက်မူးပြီး ရထားကို ခဲဖြင့်ပစ်ပေါက်သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အမှတ်(၅)အဆန် ရန်ကုန်-မန္တလေးရထားသည် နေပြည်တော် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဘူတာနှင့် ရွာတော်ဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ်(၂၂၅/၁၅-၁၆)ငလိုက်ချောင်းတံတားမြောက်ဘက်ထိပ်အရောက်တွင် ဒီဇင်ဘာ ၂၅ ရက် ည ၁၁ နာရီ ၃၅ မိနစ်က ရထား၏ အရှေ့ဘက်ခြမ်းမှ ခဲဖြင့်ပစ်ပေါက်ခံရ၍ အထက်တန်းတွဲ(၂)ရှိ (A-3, B-3) ပြတင်းပေါက်မှန်နှစ်ချပ် ကွဲကြေပျက်စီးသွားခဲ့သဖြင့် ရထားလုံခြုံရေးလိုက်ပါဆောင်ရွက်နေသည့် ရထားရဲတပ်ဖွဲ့ အမှတ်(၁၂)တပ်ခွဲ တပ်စု(၂)တိုးကြောင်ကလေးမှ တပ်ဖွဲ့ဝင်များက အမှတ်(၉)တပ်ခွဲ တပ်စု(၂)ပျဉ်းမနားသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ယင်းသို့ အကြောင်းကြားချက်အရ တပ်စု(၂)ပျဉ်းမနားမှတပ်ဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ပြစ်မှုကျူးလွန်သူအား သွားရောက်စုံစမ်းရှာဖွေစဉ် အခင်းဖြစ်နေရာအနီး၌ ပျဉ်းမနားမြို့



ရွာကောက်ရပ်ကွက်နေ ငြိမ်းချမ်း(ခ)ငြိမ်းချမ်းစိုး(၁၉နှစ်)၊ လှိုင်မျိုးဦး၊ ဟိန်းကိုကိုနှင့် ကျော်ထူးစံတို့လေးဦးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရာ ၎င်းတို့ လေးဦးအနက် ငြိမ်းချမ်း(ခ)ငြိမ်းချမ်းစိုးက အရက်မူးပြီး ရထားကို အကြောင်းမဲ့ ခဲဖြင့် ပစ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ငြိမ်းချမ်း(ခ)ငြိမ်းချမ်းစိုးအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။


**ကိုရဲ**

# လင်းခေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လင်းခေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက်က လင်းခေးမြို့ မြို့မ အနောက်ရပ်ကွက်ရှိ တင်အေး(ခ)လုံးဝိ ၏ တောင်ယာတဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၊ တူမီးသေနတ်နှစ်လက်နှင့် တူမီးသေနတ် ပစ်ခတ်ရာတွင် အသုံးပြုသည့်ခဲသီး ၁၀ လုံးတို့ကို သိမ်းဆည်းရမိသဖြင့် တင်အေး(ခ)လုံးဝိ (၆၂ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**





# မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့က နှစ်စဉ်ဦးစီးကျင်းပခဲ့သော (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ဒီဇင်ဘာ ၂၆ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ အခုကျင်းပတဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲဟာ အခုကြိမ်နဲ့ဆိုရင်(၁၂)ကြိမ်မြောက်ရှိပါပြီ၊ ပြိုင်ပွဲ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဉာဏ်ရည်ဖွံ့ဖြိုးလာအောင်၊ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းလာအောင်နဲ့ သူတို့တတွေ စိတ်ဓာတ်မြင့်မားလာအောင် ကျင်းပပေးတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို ၂၀၀၄ခုနှစ်မှ နှစ်စဉ်ကျင်းပခဲ့ကာ ပြိုင်ပွဲဝင်ဆောင်ပုဒ်နဲ့အညီ အမြဲတမ်းလေ့ကျင့်နေရမယ်၊ အမြဲတမ်း ယှဉ်ပြိုင်နေရမယ်၊ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ သူတို့တွေကို ပါဝင်ယှဉ်ပြိုင်အနိုင်ယူခွင့်ပြုပါဆိုသည့်အတိုင်း နှစ်စဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အမျိုးအစားများအနေဖြင့် အပြေးမီတာ ၅၀၊ မီတာ ၁၀၀ နှင့် မီတာ ၂၀၀၊ လမ်းလျှောက်မီတာ ၁၀၀၊ အလျားခုန်၊ Bocce နှင့် Saftball အားကစားတို့ကို ထည့်သွင်းကျင်းပခဲ့သည်။ ပြိုင်ပွဲကိုရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီနှင့် ရှမ်းပြည်နယ် ဉာဏ်ရည်မမီကျောင်းများမှ အင်အား ၃၀၀ ကျော် လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးဆုကို ရန်ကုန်တိုင်းဒေသကြီး ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့က ရရှိသွားခဲ့သည်။ **(မြန်မာ့အလင်း)**

**သတင်း**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

# အာဆင်နယ်တို့အဝေးကွင်း၌ ဆောက်သမ်တန်ကို ဂိုးပြတ်ရှုံးနိမ့်

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၁၈)၏ နောက်ဆုံးပွဲဖြစ်သည့် ဆောက်သမ်တန်နှင့် အာဆင်နယ်တို့ဒီဇင်ဘာ ၂၇ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်တို့ လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

ပွဲစဉ် (၁၈)၏ လီဗာပူးနှင့် လက်စတာတို့ပွဲတွင် ဇယားထိပ်မှ လက်စတာတို့ လီဗာပူးကိုရှုံးနိမ့်ခဲ့၍ဒုတိယနေရာမှ အာဆင်နယ်တို့ ဆောက်သမ်တန်ကို အနိုင်ရပါက ဇယားထိပ်မှ ဦးဆောင်နိုင်မည့်အခွင့်အရေးမှာပျက်ပြယ်ခဲ့ရသည်။

ဆောက်သမ်တန်တို့အနေဖြင့် ရှုံးပွဲများနေ၍ ယခုပွဲ အနိုင်ရရေး ခံစစ်လုံလုံဖြင့် တန်ပြန်တိုက်စစ်ကစားနိုင်မှုကြောင့် အနိုင်ရရှိခဲ့သည်။ ဆောက်သမ်တန်အတွက် အဖွင့်ဂိုးကို ကွင်းလယ်ကစားသမား မာတီနာက ပွဲချိန် ၁၉မိနစ်တွင် ပယ်နယ်တီစည်းအပြင်ဘက်မှ လှလှပပ ဝေ့ဝိုက်ကန်သွင်းခဲ့သည်။ အာဆင်နယ်တို့ ဂိုးပေးလိုက်ရ၍ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဆောက်သမ်တန်တို့က အချိတ်အဆက်မိမိဖြင့် ခုခံကစားနိုင်ခဲ့သည်။ ပထမပိုင်းအပြီး အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဒုတိယပိုင်း ၅၅ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ရှိန်းလောင်းက ခေါင်းတိုက်၍**(အောက်ပုံ)** ဆောက်သမ်တန်အတွက် ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ နှစ်ဂိုးပေးလိုက်ရချိန်တွင်ချေပဂိုးရရှိရေး တိုက်စစ်ဆင်မှုကို ဆောက်သမ်တန်တို့ ကာကွယ်ဟန့်တားနိုင်ပြီး ၆၉ မိနစ်တွင် ဖွန်တီက ဆောက်သမ်တန်အတွက် တတိယဂိုးသွင်းယူခဲ့သည်။ အဆိုပါ တတိယဂိုးသွင်းယူခြင်းခံရပြီးနောက် အာဆင်နယ်တို့ ဇယားထိပ်မှ ရပ်တည်နိုင်ရေး မျှော်လင့်ချက်မှာ မှေးမှိန်ခဲ့သည်။

ပွဲပြီးခါနီးမိနစ် ၉၀ တွင် ရှိန်းလောင်းက ဆောက်သမ်တန်အတွက် စတုတ္ထဂိုး ထပ်မံသွင်းယူပြီးနောက် အာဆင်နယ်တို့အဝေးကွင်း၌ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ ယခုပွဲအနိုင်ကြောင့် ဆောက်သမ်တန်တို့ ၂၄ မှတ်ဖြင့် အဆင့် ၁၂ ၌ ရပ်တည်နေသည်။

ပွဲစဉ်(၁၈)အပြီးတွင် လက်စတာတို့က ၃၈ မှတ်ဖြင့် ဇယားထိပ်၌ရပ်တည်နေပြီး အာဆင်နယ်က ၃၆ မှတ်၊ မန်စီးတီးက ၃၅ မှတ်နှင့် စပါးက ၃၂ မှတ်ဖြင့် အစဉ်လိုက်ရပ်တည်နေသည်။

ပွဲစဉ်(၁၉)ပွဲများကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အာဆင်နယ်နှင့် ဘုန်းမောက်၊ ဝက်စ်ဟမ်းနှင့် ဆောက်သမ်တန် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**



**ပိုင်ဇေ**
စာသင်ဝိုင်း
၂၄၊မဟာဗေယျလမ်း၊ရေကျော်၊ပုဇွန်တောင်။
၀၉-၇၃၁၇၇၈၁၆, ၀၉-၇၉၅၈၈၈၇၇၃
၈ တန်း — သချာ် - အင်္ဂလိပ်စာ
၁၀ တန်း — ဘာသာစုံ
ဝါရင့် ကျွမ်းကျင်သော ဆရာ/မများမှ နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။
၂၀၁၆-၁၇ပညာသင်နှစ်အတွက်စာရင်းပေးသွင်းခြင်း၊ အိမ်သင်ဝိုင်းစာသင်ချိန်ရယူခြင်းများလက်ခံပါပြီ။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၄၉၀၆၀၊ HONDA WAVE-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ရည်ဝင်း ၁၄/ငပတ(နိုင်)၁၇၀၈၂၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ Tiger Lady Co., Ltd. ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်အမှတ် MQIL 115-16 3979 (02/09/2015) မူရင်းမှာ ပန်းဘဲတန်းမြို့နယ်အတွင်းလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၀၁၁၇၈၂**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း၊ ရန်ကြီးအောင်ရပ်နေ ဦးဝင်းမြင့်-ဒေါ်ခင်မာကြည်တို့၏သား ဇီးကုန်းအထက၊ ဆဋ္ဌမတန်း(A)မှ မောင်ဇေလင်းထင်အား မောင်ဇင်သန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇင်သန့်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**တစ်ချက်တည်းကျင်းဝင်**

ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း(ငြိမ်း)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်းအတွင်း၌ ၂၆-၁၂-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် ကစားဖော်များဖြစ်သော ဦးသက်ထွေး၊ ဦးကျော်နိုင်စိုး၊ ဦးညီညီမောင်၊ ဦးမြင့်ဇော်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကွင်းအမှတ် (၇)၊ ၁၆၃ ကိုက်အကွာမှ Titleist No.(3) ဘောလုံးကို Taylarmade Irom No.(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ရန်ကုန်မြို့တော်ဂေါက်ကွင်း**

ဝါး ရေခဲမုန့် ၏ **New Year Promotion** WAA
ကျွန်တော်များ ဝါး ရေခဲမုန့် မှ ထုတ်လုပ်သော ရေခဲမုန့် နှင့် နို့ဆီဘူးချောင်း များကို ဇန်နဝါရီလအတွင်း ကျောင်းသား ကျောင်းသူများအတွက် Special Promotion (20 % Discount ) ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။
မှတ်ချက်။ ။ ဆရာ၊ ဆရာမများ (သို့မဟုတ်) ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းသားကတ်များနှင့်တကွ Order များမှာယူနိုင်ပါသည်။
မှာယူရရှိနိုင်သော ဖုန်းနံပါတ်များ
ရန်ကုန် - ချော်တွင်းကုန်း ၊ မရမ်းကုန်းမြို့နယ် - 09-73240368 ,01-655676, 09-250528831
- ပုလဲမြို့သစ် ၊ မင်္ဂလာဒုံမြို့နယ် - 09-73016052 , 09-420019876
မန္တလေး - 09-401562121 , 09-33307620 မော်လမြိုင်- 09-255993864 , 09-787293695
နေပြည်တော်- 09-49258218 , 09-790408435 , 09-262282003

**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**
**(၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သံလွင်တံတား(ချောင်းဆုံ)ချဉ်းကပ်လမ်းလုပ်ငန်းများအတွက်**

**လုပ်ငန်းတင်ဒါခေါ်ယူခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သံလွင်တံတား(ချောင်းဆုံ)ချဉ်းကပ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများအနက် အောက်ဖော်ပြပါ လုပ်ငန်းများအား လုပ်ငန်းဆောင်ရွက်လိုသော **မွန်ပြည်နယ်အတွင်းရှိ** ကုမ္ပဏီများဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းများအား **၂၈-၂-၂၀၁၆** တွင် အပြီးသတ်ဆောင်ရွက်အပ်နှံရမည်ဖြစ်ပါသည်။

ဆောင်ရွက်လိုသောလုပ်ငန်း

၁။ မြေသားတာပေါင်တင်ဖို့ခြင်းလုပ်ငန်းနှင့် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း

(က) Lot.(1) Ch:No. 0+00-Ch: No. 7+57
(ခ) Lot.(2) Ch:No. 59+60-Ch: No. 101+30
(ဂ) Lot. (3) Ch:No. 101+30-Ch:No. 143+00
(ဃ) Lot (4) Ch:No. 143+00-Ch: No.194+00

(က) **မြေသားတာပေါင်တင်ဖို့ခြင်းလုပ်ငန်း**
လမ်းဦးစီးဌာနမှ သတ်မှတ်ထားသော Geometric Design နှင့် Specification များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) **ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း**
9m အကျယ်ရရန် 50mm-100mm ကျောက် 150mm ထု ၁လွှာ၊ 50mm-75mm ကျောက် 150mm ထု ၁လွှာ၊ 25mm-50mm ကျောက် 75mm ထု ၁လွှာဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း၊ 1.22m အကျယ် 225mm ထုဖြင့် အမာခံ လမ်းပခုံးခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ Lot. (5) ချဉ်းကပ်လမ်း 0km -5.63km အထိ Guard Rail များပြုလုပ်ခြင်း။

၃။ 9.3m အကျယ်နှင့် အောက်တံတားငယ်များတည်ဆောက်ခြင်း

Lot.(6) (က) (9.3m x 9.3m) သံကူကွန်ကရစ်တံတား (၁)စင်း
(ခ) (6.1m x 9.3m) သံကူကွန်ကရစ်တံတား (၃)စင်း
(ဂ) (3.1m x 9.3m) သံကူကွန်ကရစ်တံတား (၁)စင်း
Lot. (7) (ဃ) (18.75m x 1.5m x 1.5m)သံကူကွန်ကရစ်ရေထွက်ပေါက် (၅)စင်း
(င) (12.5m x 1.5m x 1.5m) သံကူကွန်ကရစ်ရေထွက်ပေါက် (၅)စင်း

**တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်** - ၂၈-၁၂-၂၀၁၅ရက် (တနင်္လာနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
**တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့)
**အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက်** - ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့)
**အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
**နေရာ** - အောင်ဆန်းခန်းမ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာထူးချွန်လိုသူများအတွက်
ဆရာအာသာ **SUCCESS** Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |
| 1 - 4:00 | (Sat + Sun) | 3 Jan |
| 6 - 7:30 | (Mon ~ Thurs) | 5 Jan |
| 1 - 2:30 | (Mon ~ Thurs) | 11 Jan |
| 9 - 12:00 | (Sat + Sun) | 16 Jan |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 4:00 | (Sat + Sun) | 26 Dec |
| 10-11:30 | (Mon ~ Thurs) | 28 Dec |
| 3:30 - 5 | (Mon ~ Thurs) | 28 Dec |
| 7:30-10:30 | (Sat + Sun) | 3,9 Jan |
| 1 - 2:30 | (Mon ~ Thurs) | 5 Jan |
| 6 - 7:30 | (Mon ~ Thurs) | 11 Jan |

| BASIC GRAMMAR | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 21 Dec |
| 1 - 4:00 | (Sat + Sun) | 16 Jan |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 5 Jan |
| 9 - 12:00 | (Sat + Sun) | 16 Jan |
| 3:30 - 5 | (Mon ~ Thurs) | 18 Jan |
| 10-12:00 | (Mon ~ Thurs) | 25 Jan |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 5 Jan |
| 1 - 2:30 | (Mon ~ Thurs) | 18 Jan |
| 10-12:00 | (Mon ~ Thurs) | 25 Jan |

| VOCAB ENRICHMENT | | |
|---|---|---|
| 3:30 - 5 | (Mon ~ Thurs) | 28 Dec |
| 10-11:30 | (Mon ~ Thurs) | 11 Jan |

| BASIC WRITING | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 28 Dec |

| INTEMEDIATE GRAMMAR | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 11 Jan |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 28 Dec |
| 3:30 - 5 | (Mon ~ Thurs) | 18 Jan |
| 7:30-10:30 | (Sat + Sun) | 23 Jan |

| PRE-INTERMEDIATE (4-SKILL ENGLISH) | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 2 Jan |
| 4:30-7:30 | (Sat + Sun) | 2 Jan |
| 1 - 2:30 | (Mon ~ Thurs) | 5 Jan |

| BASIC GRAMMAR | | |
|---|---|---|
| 7:30-10:30 | (Sat + Sun) | 23 Jan |

| BASIC FOUR SKILLS ENGLISH | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 28 Dec |
| 10-11:30 | (Mon ~ Thurs) | 5,26 Jan |
| 3 - 4:30 | (Mon ~ Thurs) | 5 Jan |
| 3:30 - 5 | (Mon ~ Thurs) | 11 Jan |

| INTERMEDIATE (ACADEMIC ENGLISH) | | |
|---|---|---|
| 12 - 3:00 | (Sat + Sun) | 16 Jan |

| IELTS (Preparation) | | |
|---|---|---|
| 12:30-3:30 | (Sat + Sun) | 6 Feb |

| IELTS (Preparation) | | |
|---|---|---|
| 1 - 4:30 | (Sat + Sun) | 2 Jan |
| 1 - 3:30 | (Mon to Thurs) | 18 Jan |

| IELTS (Writing) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 21 Dec |
| 7:30-10:30 | (Sat + Sun) | 9 Jan |

| IELTS (Speaking) | | |
|---|---|---|
| 7:30 - 9 | (Mon ~ Thurs) | 28 Dec |

| IELTS (Reading) | | |
|---|---|---|
| 1 - 3:00 | (Mon ~ Thurs) | 11 Jan |

| IELTS (Grammar) | | |
|---|---|---|
| 10-11:30 | (Mon ~ Thurs) | 1 Feb |

# ကျွန်တော်နဲ့ တောင်ကြီး

**ကျွန်တော် တောင်ကြီးမရောက်တာ နှစ်အတော်ကြာခဲ့ပါပြီ။ ဘယ်တုန်းက ရောက်ခဲ့တယ် ဆိုတာကိုတောင် တိတိကျကျ မမှတ်မိတော့ပါဘူး။ ရေးရေးမှတ်မိတာကတော့ ခြေလျင်တောင်တက်အသင်းနဲ့ ကလော၊ အင်းလေး၊ ပင်းတယဒေသတွေသွားရင်း တောင်ကြီးကိုရောက်ခဲ့ပါတယ်။ ရွှေဥဒေါင်းတောင်ဆရာတော်ကြီးကို ဖူးခဲ့ရတာကို လည်း သတိရမိပါတယ်။ ပင်းတယဂူထဲရောက်ရင်း တွင်းထဲချော်ကျသွားလို့ မေးရိုးအက်သွားပြီး ပင်းတယဆေးရုံမှာ အပြင်လူနာအဖြစ် ကုသခံခဲ့ရတာကိုတော့ မမေ့နိုင်ပါဘူး။**



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

ဒီတစ်ခေါက်တော့ “Better Future, Better Myanmar ” အစီအစဉ်နဲ့သွားခဲ့ခြင်းဖြစ်တယ်။ သမီး လုပ်သူကျောင်းပိတ်ချိန်မှာ စီစဉ်ပေးခဲ့ပါတယ်။ မသွား ရောက်မီ ရာသီဥတုက အလွန်အေးတယ်ဆိုတဲ့ သတင်း ရလို့ လိုအပ်တဲ့အနွေးထည်တွေ ပြည့်စုံအောင်ဇနီးလုပ်သူ က စီစဉ်ခဲ့ရတယ်။ ဟောပြောပွဲအပြီး တောင်ကြီးဒေသ တစ်ဝိုက်မှာလည်ပတ်ဖို့လည်း အစီအစဉ်တွေ ရေးဆွဲ ခဲ့ပါတယ်။ တောင်ကြီးခရီးကို လေယာဉ်နဲ့နံနက် ၈ နာရီခွဲမှာ ရန်ကုန်မြို့ကနေ ဟဲဟိုးကို ခရီးထွက်ခဲ့ပါ တယ်။ လေယာဉ်ကွင်းမှာ လေယာဉ်စောင့်နေရင်း M-9 Group က ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဦးလှဌေးနဲ့ သူ့ ဇနီး မနန်းတို့နဲ့ဆုံခဲ့ရတယ်။ သူတို့နှစ်ဦးဟာ လန်ဒန်မြို့ ကနေ နံနက်စောစောမှာရောက်ပြီး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကတစ်ဆင့် ကျွန်တော်တို့အဖွဲ့ကို တောင်ကြီးခရီးစဉ်ပို့ဆောင်ဖို့ ရောက်လာကြခြင်းဖြစ် ပါတယ်။ အပင်ပန်းအတော်ခံနိုင်ကြသူတွေဖြစ်ပါတယ်။ ဟဲဟိုးကို တစ်နာရီကျော်ကျော်နဲ့ ရောက်ခဲ့ပါတယ်။ လာကြိုနေတဲ့သူတွေကလည်း လိုလေသေးမရှိ ဖော်ရွေ စွာ ကြိုကြပြီး မော်တော်ကားနဲ့ညောင်ရွှေမြို့ကို ထွက်ခဲ့ ကြတယ်။ အမှန်တော့ အင်းလေးကိုဝင်ဖို့မဟုတ်ဘဲ ညောင်ရွှေမြို့ အင်းလေးအဝင်လမ်းမှာရှိတဲ့ တစ်ခု တည်းသော တော်ဝင်နဒီဟိုတယ်မှာ နေ့လယ်စာစား ဖို့ သွားရောက်ခဲ့ခြင်းဖြစ်ပါတယ်။ တော်ဝင်နဒီဟိုတယ် ပိုင်ရှင်ဖြစ်သူဦးမျိုးသိမ်းက ခရီးဦးကြိုပြီး ဟိုတယ်ကို လိုက်ပြပါတယ်။ အံ့ဩစရာကောင်းလှတဲ့ အဆောက် အအုံတွေ၊ ရှုခင်းတွေကတော့ ရှုမကုန်အောင်ပါပဲ။ အထူးသဖြင့် သူကိုယ်တိုင်ဖန်တီးထားတာမို့ ပိုပြီးချီးကျူး မိပါတယ်။ ဧည့်သည် ၈၀ အတွက် အဆင်သင့်ဖြစ်အောင် ဖန်တီးထားတာ၊ ထမင်းစားဆောင်က ခေါင်မြင့်တော့ လေအေးစက်တောင်မလိုဘူး။ တော်ဝင်နဒီဟိုတယ်ဟာ ကန်တွေကိုမြေဖို့ပြီးဆောက်ထားတာမို့ ဘေးပတ်လည် မှာလည်း ရေကန်တွေအပြည့်၊ နေ့လယ်စာကတော့ ရိုးရာဟင်းမျိုးစုံနဲ့ တည်ခင်းခဲ့တယ်။ စားပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့ တောင်ကြီးကို ခရီးဆက်ခဲ့တယ်။ လမ်းတွေကတော့ အတော်ကောင်းနေပြီ။ ကျွန်တော် တို့တည်းခိုမယ့် ဟိုတယ်ကတော့ တော်ဝင်တောင်ကြီး ဟိုတယ်၊ ဟိုတယ်ကအသစ်၊ အရင်တုန်းကတော့ တောင်ကြီးဟိုတယ်က နာမည်ကြီး၊ အခုတော့ ဟိုတယ် အသစ်တွေက အများကြီးပဲ။ ဟိုတယ်မှာခဏနားပြီး ဟောပြောပွဲလုပ်တဲ့ မြို့တော်ခန်းမကို သွားခဲ့ကြတယ်။ ဟောပြောပွဲတက်မယ့် အရေအတွက်က ၈၀၀ လောက် မှတ်ပုံတင်ထားတာ။ ဒါပေမယ့် ခန်းမထဲရောက်တော့ ရုံလျှံလို့ ခုံတွေထပ်တိုးရတယ်။ စုစုပေါင်း ၁၀၀၀ ကျော်၊ ကျွန်တော်ဟောပြောဖို့ စင်ပေါ်တက်ပြီးကြည့် လိုက်တော့ နေရာမရလို့ မတ်တတ်ရပ်နေတဲ့သူတွေက လည်း အများကြီးဖြစ်နေတာ။ ဒါကြောင့် ကျွန်တော်က အရှေ့ကိုလာထိုင်ပြီးနားထောင်ဖို့ ပရိသတ်တွေကို တောင်းပန်ခဲ့တယ်။ သူတို့ကလည်း လိုလိုချင်ချင်နဲ့ အရှေ့မှာ ထိုင်ကြတယ်။ တချို့ကတော့ စင်ပေါ်တက် ပြီး ထိုင်ကြတာ၊ စင်ပေါ်ရောက်နေသူတွေအနေနဲ့ ကျွန်တော်ပြသမယ့် Slide တွေ ကို မမြင်ရလို့ သူတို့ကို အောက်ကိုပြန်ဆင်းဖို့ တောင်းပန်ရပြန်ရော၊ ပရိသတ် တွေကလည်း စိတ်ရှည်ရှည်နဲ့ အပေါ်ကနေ အောက်ကို ဆင်းပေးကြပါတယ်။

ဟောပြောပွဲ ခေါင်းစဉ်အနေနဲ့ "Knowledge Leadership "ပညာကိုအခြေပြုတဲ့ ခေါင်းဆောင်မှုဆိုပြီး တင်ပြခဲ့ပါတယ်။ အမှန်တော့ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ သမားရိုးကျပုံစံနဲ့မဟုတ်ဘဲ သူများကို ကျော်တက်နိုင်မယ့် ဖန်ခုံတဲ့မဟာဗျူဟာ ကိုရွေးချယ်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အသိပညာကိုအခြေပြုတဲ့ လူ့အဖွဲ့အစည်းကို ဖော်ထုတ် ရမှာဖြစ်တယ်။ အမှန်တော့ တောင်ကြီးမှာလုပ်တဲ့ပွဲက ၂၀၁၅ ခုနှစ်မှာ Better Future , Better Myanmar ပိုမိုကောင်းမွန်တဲ့ အနာဂတ်၊ ပိုမိုကောင်းမွန်တဲ့ မြန်မာ ခေါင်းစဉ်နဲ့ ရန်ကုန်၊ မန္တလေးနဲ့ မြို့ကြီးတွေမှာ ဟောပြောပွဲတွေလုပ်ခဲ့တာ။ တောင်ကြီးမှာလုပ်တာက (၁၄)ကြိမ်မြောက်ဖြစ်တယ်။ ကျွန်တော်ကစင်ပေါ်ရောက် ရင် ဟောပြောပွဲစတဲ့အခါ ခေါင်းထဲမှာအတွေးတစ်ခု ရခဲ့တယ်။ Better Future, Better Myanmar, အစား Beautiful Future, Beautiful Myanmar “လှပ တဲ့အနာဂတ်၊ လှပတဲ့မြန်မာဆိုတဲ့ ခေါင်းစဉ်ဟာ ပြောင်းလဲလာတဲ့အနာဂတ်နဲ့ ပိုမိုသင့်တော်တယ်လို့ မြင်မိလို့ ပရိသတ်တွေကို လှပတဲ့အနာဂတ်ကို ဖန်တီး ကြဖို့တိုက်တွန်းခဲ့ပါတယ်။

ကျွန်တော်က ကနဦးအနေနဲ့ ဘုန်းတော်ကြီးဒိုင်လာ လားမားရဲ့ အဆိုအမိန့်ကို မျှဝေခဲ့ပါတယ်။ ဆရာတော် ကြီးက သတိပေးခဲ့တာဖြစ်တယ်။ ကလေးသူငယ်တွေကို ပညာသင်တဲ့အခါ ဦးနှောက်ကို ပြုပြင်ရုံမဟုတ်ဘဲ နှလုံး သားကိုပါ ပြင်ဆင်ပေးဖို့လိုအပ်တာကို သတိပေးခဲ့ပါ တယ်။ ဒီကိစ္စက အလွန်အရေးကြီးပါတယ်။ ကျွန်တော် တို့ မြန်မာနိုင်ငံမှာ အခုလိုပြောင်းလဲနေချိန်မှာ ပိုပြီးစဉ်းစား ရမယ့်ကိစ္စဖြစ်ပါတယ်။ ဦးနှောက်ကို အခြေခံတဲ့ စဉ်းစား တွေးခေါ်မှုတွေ မှန်ကန်ဖို့လိုအပ်သလို တစ်ဖက်ကလည်း နှလုံးသားကိုအခြေခံပြီး ကြင်နာမှု၊ မေတ္တာထားမှုတွေ ဟာလည်း အလွန်အရေးပါပါတယ်။ ဒါကြောင့် ကျွန်တော် က ပရိသတ်တွေကို အမြဲတမ်းပညာရှာဖို့ သတိပေးမိတယ်။ ပထမအရွယ်မှာသာမက ဒုတိယအရွယ်မှာရော တတိယ အရွယ်မှာပါ ပညာရှာဖို့ လိုအပ်ပါတယ်။ ဒုတိယအရွယ် ဥစ္စာရှာဖွေတဲ့အခါ ပညာကိုအခြေပြုဖို့ လိုအပ်သလို တရားရှာချိန်မှာလည်း ပညာဟာအရေးပါလှပါတယ်။ ပညာရှိသူတစ်ဦးရဲ့ ပထမခြေလှမ်းဟာ ကိုယ်ဘာမှ မသိ ဘူးဆိုတဲ့ စတာသာဖြစ်တာကိုလည်း ကျွန်တော်က ပရိသတ်တွေကို သတိပေးခဲ့ပါတယ်။ မျက်မှောက်ခေတ်မှာ အရေးကြီးဆုံးအရင်းအနှီးက သဘာဝအရင်းအနှီး၊ ငွေရေးကြေးရေး အရင်းနှီးမဟုတ်တော့ဘဲ ပညာအရင်း အနှီးဖြစ်နေတာတွေ့ရတယ်။ ပညာကိုအခြေခံတဲ့ လူ့အဖွဲ့ အစည်းမှာ ခေါင်းဆောင်မှုပေးတဲ့ ပုံစံတွေဟာလည်း ပြောင်းလဲရမှာဖြစ်ပါတယ်။ ခေါင်းဆောင်မှုပေးနေသူတွေ ဟာ နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသူ တွေဖြစ်ဖို့လိုအပ်ပြီး မိမိမှာ စုစည်းထားတဲ့ပညာတွေကို အများအတွက်အကျိုးရှိအောင် အသုံးချနိုင်ဖို့ လိုအပ် လှပါတယ်။

> **ခေါင်းဆောင်မှုပေးနေသူတွေဟာ နူးညံ့သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသူတွေ ဖြစ်ဖို့လိုအပ်ပြီး မိမိမှာ စုစည်းထားတဲ့ပညာတွေကို အများအတွက် အကျိုးရှိအောင် အသုံးချနိုင်ဖို့ လိုအပ်လှပါတယ်။**

ပညာကိုအခြေခံပြီး ခေါင်းဆောင်တဲ့သူတွေဟာ အခြေခံခုနစ်ရပ်နဲ့ ပြည့်စုံရမှာဖြစ်ပါတယ်။ ပထမအခြေခံက ပကတိအနေအထားကို နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ၂၁ ရာစုမှာ လူသားအရင်းအမြစ်ကို အားကိုး ရမှာဖြစ်ပြီး မိမိကိုယ်မိမိ စီမံနိုင်တဲ့ ပညာကိုအခြေခံတဲ့ ဝန်ထမ်းတွေကို သိမ်မွေ့စွာကိုင်တွယ်နိုင်စွမ်းရှိရမှာဖြစ် ပါတယ်။ အခုလို ဆောင်ရွက်ရာမှာ ကြည်လင်ပြတ်သား တဲ့ ရူပါရုံကို ဖော်ထုတ်နိုင်ဖို့ဖြစ်တယ်။ အနာဂတ် အတွက် လှပတဲ့ရုပ်ပုံကို ဖော်ထုတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ဒုတိယ အချက်က ကျွမ်းကျင်လိမ္မာမှုဖြစ်ပါတယ်။ အထူးသဖြင့် နက်နက်နဲနဲ စဉ်းစားတွေးခေါ်တတ်ပြီး အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးမှုတို့ ဖော်ထုတ်နိုင်စွမ်းရှိသူဖြစ်ဖို့ လိုအပ် ပါတယ်။ တတိယအချက်က မှန်ကန်တဲ့ ယဉ်ကျေးမှု တစ်ရပ်ကို ဖန်တီးခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ယုံကြည်မှု တည်ဆောက်ရုံမက တာဝန်ခံ၊ တာဝန်ယူနိုင်စွမ်း ရှိရမှု ဖြစ်ပါတယ်။ နံပါတ် (၄)အချက်က ပူးပေါင်း ဆောင်ရွက် နိုင်စွမ်းရှိဖို့ လိုအပ်ခြင်းဖြစ်တယ်။ နံပါတ်(၅)အချက်က အချင်းချင်း အပြန်အလှန် ပွင့်ပွင့်လင်းလင်းပြောဆိုနိုင် မှာဖြစ်တယ်။ နံပါတ်(၆) ကိုတော့ အဖွဲ့အစည်းအတွင်း ထိရောက်တဲ့ ဆက်သွယ်ဆက်ဆံမှုကို ဖော်ဆောင်ခြင်းဖြစ် တယ်။ အထူးသဖြင့် ခေါင်းဆောင်မှုပေးသူတွေဟာ နားထောင်တတ်ဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအချက် ကတော့ ခေါင်းဆောင်တွေဟာ နည်းပြဆရာတွေဖြစ်ပြီး မိမိရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို လမ်းညွှန်ပေးနိုင်သူတွေ ဖြစ်ဖို့ အရေးကြီးလှပါတယ်။ ကျွန်တော့်ရဲ့ ဟောပြောမှု ပြီးချိန်မှာ ပရိသတ်တွေရဲ့ မေးခွန်းများကို ဖြေဆိုခဲ့ပါတယ်။ မေးခွန်းတွေဟာ တန်ဖိုးရှိလှတဲ့ မေးခွန်းတွေဖြစ်ပြီး ရိုးသား မှုအပြည့်နဲ့ မေးကြပါတယ်။ မေးခွန်းမေးသူတွေအနက် အချို့ဟာ ကျွန်တော်ရဲ့ တပည့်တွေ ဖြစ်ကြတယ်။ အခုလို ကွဲကွာခဲ့တဲ့ တပည့်ဟောင်းတွေကို ကျန်းကျန်းမာမာနဲ့ တွေ့ရတာမို့ ကြည်နူးမိပါတယ်။

ကျွန်တော်ဟောပြောပြီး Device Management Academy က ဆရာဦးတင်ဇံကျော်က ဆက်လက်ပြီး ဟောပြောခဲ့ပါတယ်။ ပရိသတ်တွေအတွက် ဟောပြောမှု နှစ်ရပ်နဲ့ ဆုံတွေ့ခဲ့ရတာဖြစ်တာမို့ အဆင်ပြေလှပါတယ်။ ညဘက်ကျတော့ တောင်ကြီးက မြို့ခံတွေက အေးသာယာ စပျစ်ခြံမှာ ညစာနဲ့တည်ခင်းဧည့်ခံခဲ့ပါတယ်။ အခုဆို အေးသာယာဝိုင်ဟာ မြန်မာပြည်တွင်သာမက နိုင်ငံခြား ကိုတင်ပို့နိုင်တဲ့ အနေအထားရှိနေပါပြီ။ ညဘက်မို့ စပျစ်ခြံကိုတော့ မမြင်ခဲ့ရပေမယ့် အစားအသောက်ကိုတော့ မြိန်ရှက်စွာ စားသောက်ခဲ့ကြတယ်။ နောက်တစ်နေ့မှာ ကျွန်တော်တို့အဖွဲ့ ဟိုပုံးမြို့နယ်မှာရှိတဲ့ သမိုင်းဝင်ကက္ကူ ဘုရားကိုသွားဖူးကြပါတယ်။ လမ်းခရီးမှာ နေ့လယ်စာကို ဖွားကောင်းစံ စားသောက်ဆိုင်မှာ စားခဲ့ကြတယ်။ စားသောက်ဆိုင်အနီးမှာရှိတဲ့ ဟိုပုံးရေထွက်ကိုလည်း ကြည့်ခွင့်ရခဲ့တယ်။ တောင်ကျရေတွေမို့ အလွန်ကြည်လင် လှပါတယ်။ ကန်ငယ်တစ်ခု ဖန်တီးထားပါတယ်။ ကန်ထဲ မှာ ရေချိုးတဲ့သူတွေ အဝတ်လျှော်ကြတဲ့သူတွေနဲ့ မော်တော်ဆိုင်ကယ်ကို လာဆေးနေတာကိုလည်း တွေ့ရ တယ်။ အခုလို သဘာဝအလှကို ဖျက်လိုဖျက်ဆီးလုပ်နေ တာတွေ့ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ဘယ်သူ ဘယ်ဝါ တာဝန်ရှိတယ်ဆိုတာကို မစဉ်းစားဘဲ လူတိုင်း မိမိအသိတရားကိုအခြေခံပြီး လှုပ်ရှားကျင့်ကြံစေချင် တာပါပဲ။ ထမင်းစားပြီး ကျွန်တော်တို့ ကက္ကူဘုရားစုတွေ ရှိတဲ့နေရာကို အရောက်သွားခဲ့ပါတယ်။ ဘုရားအနီးမှာရှိတဲ့ စားသောက်ဆိုင်မှာ ခဏနားရင်း ကျွန်တော်တို့အဖွဲ့ကို လိုက်ပို့ပေးတဲ့ ဦးလှဌေးနဲ့ ဒေါ်နန်းတို့က ကျွန်တော့်ကို ပအိုဝ်းဝတ်စုံကို ဆင်ပါတယ်။ စားသောက်ဆိုင်မှာရှိတဲ့ လုလင်ငယ်တစ်ဦးကလည်း ပအိုဝ်းခေါင်းပေါင်းတဲ့နည်း ကိုပြပြီး ကျွန်တော့်ကို ပေါင်းပေးပါတယ်။ ပအိုဝ်းဝတ်စုံ ဝတ်ထားတဲ့ ကျွန်တော်နဲ့ ဓာတ်ပုံရိုက်ကြတယ်။ ဘုရားစုရှိ တဲ့ နေရာကိုသွားကြပြီး ဘုရားတွေဖူးကြတယ်။ အင်မတန် မှ ထူးဆန်းတဲ့ ဘုရားစုတွေ၊ ဘုရားစုအပေါ်ကကြည့်တဲ့ အခါ တစ်ဖက်မှာရှိတဲ့ တောင်တန်းတွေရယ် ချောင်းငယ် တစ်ခုကိုတွေ့ရပြန်တယ်။ ဘုရားဖူးပြီး ဧည့်ဆောင်မှာ ဓာတ်ပုံတွေ၊ စာအုပ်တွေဝယ်ခဲ့ကြတယ်။ ပြီးတော့ အနီးမှာ ရှိတဲ့ ပအိုဝ်းဈေးကလေးမှာ ဒေသထွက်ပစ္စည်းတွေ ဝယ်ခဲ့ကြတယ်။ ကျွန်တော်က ကတ်သီးကတ်သတ် ကြိုက် နှစ်သက်တာမို့ ကြက်သွန်ဖြူရောင်းသူရဲ့ ရိုးရာချိန်ခွင်ကို ဝယ်ခဲ့ပါတယ်။ ပအိုဝ်းဝတ်စုံ ဝတ်ထားလို့ ကျွန်တော့်ကို ဈေးသူတွေက ပအိုဝ်းစကားနဲ့ နှုတ်ဆက်ကြတယ်။ ဘုရားဖူးပြီး စားသောက်ဆိုင်မှာနားရင်း ကျွန်တော့်ဇနီး က သူ့ရဲ့ iPad ကျောက်သင်ပုန်းကွန်ပျူတာပျောက်နေ တာ သတိထားမိတယ်။ ဟိုရှာ ဒီရှာ ရှာနေရင်း စားသောက် ဆိုင်ကလုလင်က စောစောကကျွန်တော်တို့ စာအုပ်ဝယ်တဲ့ ဆိုင်ကဖုန်းနဲ့ လှမ်းအကြောင်းကြားလာတယ်။ ကျွန်တော်နဲ့ ဇနီး iPad သူတို့စားပွဲပေါ်မှာ ကျန်ခဲ့ပြီး iPad အပေါ် မှာတင်ထားတဲ့ ကျပ်တစ်သောင်းရှိကြောင်းကိုလည်း လာပြောပြီး ကျွန်တော့်ဆီ အရောက်လာပို့ပါတယ်။ ရိုးသားဖြူစင်တဲ့ စေတနာကို အလွန်လေးစားရပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားတွေရဲ့ ရိုးသားမှုကို အမြဲလေးစားဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ ကက္ကူဘုရားစုကနေ ထမ်းစမ်းဂူ ရှိရာကို ခြေဦးလှည့်ကြတယ်။ လမ်းမှာဦးလှဌေးက ထမ်းစမ်းဂူကိုဖော်ထုတ်ပေးခဲ့တဲ့ ကိုရင်လေးနဲ့တွေ့နိုင် ဖို့ဆုတောင်းထားတယ်လို့ ကျွန်တော့်ကိုပြောပါတယ်။ ပထမဆုံးကျွန်တော်တို့က ဘုရားတွေရှိတဲ့ ဂူထဲသွားခဲ့ ကြတယ်။ ဂူကြီးကအကြီးကြီး၊ ချောင်းရေစီးနေတာမို့ လည်း လေရှူရတာအားရပါတယ်။ ဂူထဲမို့ မကျဉ်းကျပ် နေဘူး။ ဂူထဲမှာ သဘာဝကဖန်တီးထားတဲ့ကျောက် တွေက အံ့ဩစရာကောင်းပါတယ်။ ဘုရားဖူးတွေသွား လာမှုလွယ်အောင်လည်း လမ်းတွေဖောက်ထားပြီး မီးတွေကလည်း ထိန်လင်းနေတာ။ ဂူထဲကအပြန် ကိုရင် လေးကိုဖူးခဲ့ရတယ်။ ဦးလှဌေးကြောင့် မပွင့်သေးတဲ့ ဂူတစ်ခုကို ကိုရင်လေးက သွားခွင့်ပြုခဲ့တယ်။ ဒီဂူက သဘာဝအတိုင်းရှိနေတဲ့ ဂူဘုရားတွေတည်ထားတာ မရှိသေးဘူး။ သဘာဝအတိုင်းမို့ ပုံစံကတစ်မျိုး၊ ဂူထဲဝင်ပြီးချိန် အနီးမှာရှိတဲ့ ရွှေတိဂုံစေတီနားက ရေကန်နဲ့ ဓမ္မာရုံကိုလည်း ရောက်ခဲ့တယ်။ ထူးခြား တာက လုံခြုံရေးယူထားတဲ့ ပအိုဝ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်တွေအားလုံးက ပြောက်ကျား ဝတ်စုံတွေ၊ လက်နက်တွေနဲ့ အပြည့် . . ။ ကိုရင်လေး ကို လုံခြုံရေးပေးနေသလို နယ်မြေလုံခြုံမှုကိုလည်း ယူထားကြတာ။

ထမ်းစမ်းဂူကနေ တောင်ကြီးကို ပြန်လာပြီး ဟိုတယ်ကို မသွားတော့ဘဲ ညစာစားတဲ့မြို့ငြိမ်းချမ်း စားသောက်ဆိုင်ဆီ ခရီးထွက်ခဲ့ကြတယ်။ သာယာလှတဲ့ နေရာလေးမှာ ရိုးရာပုံစံတဲတွေနဲ့ တည်ဆောက်ထားတဲ့ တဲလေးတွေက အစီစီအရီရီ။ မန္တလေးက နာမည်ကြီး ဒေါင်းလန်းကြီးထမင်းပွဲအစား ဒီမှာတော့ ဆန်ကော ဝိုင်းနဲ့ ထမင်းကျွေးပါတယ်။ တစ်ခါသုံးလက်အိတ်တွေ သုံးပြီး ညစာစားသောက်ကြတယ်။ နဂိုအစီအစဉ်က နောက်တစ်နေ့ ဟဲဟိုးကတစ်ဆင့် ရန်ကုန်ကို မနက် မှာပြန်ဖို့၊ ဒါပေမယ့် အချိန်ရှိနေတာမို့ အင်းလေးကို ဝင်ပြီးမှ ညနေလေယာဉ်နဲ့ပြန်ဖို့ ခရီးစဉ်ကိုပြောင်းခဲ့ တယ်။ မနက်စာကို တောင်ကြီးကနာမည်ကြီး လက်ဖက် ရည်ဆိုင်မှာစားကြပြီး ညောင်ရွှေမြို့ကိုသွားခဲ့တယ်။ ညောင်ရွှေရောက်တော့ ပြတိုက်လုပ်ထားတဲ့ ညောင်ရွှေ ဟော်ကိုဝင်ခဲ့တယ်။ ပြတိုက်ရှေ့အရောက်မှာ တနင်္လာ နေ့မို့ ပိတ်ထားကြောင်းသိရတယ်။ တနင်္ဂနွေနဲ့ တနင်္လာနေ့တွေမှာ တစ်ပတ်နှစ်ရက် ပိတ်တယ်တဲ့။ ကမ္ဘာလှည့်ခရီးသည်တွေ ဒီလောက်များတဲ့အချိန် မှာ ပြတိုက်ကို ၂၄ နာရီ ခုနစ်ရက် ဖွင့်ထားသင့်တာ။ ဒါပေမယ့် ရုံးဆန်ဆန်စဉ်းစားတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန က တာဝန်ခံတွေကို ဖွင့်ချိန် ပြန်လည်သုံးသပ်စေချင် တာ။ အမှန်တော့အရင်တစ်ခေါက်ကလည်း ပြတိုက်ကို မဝင်ခဲ့ရဘူး။ အခုလိုပဲ ပိတ်ထားလို့ ညောင်ရွှေကနေ ကျွန်တော်တို့ အင်းတိန်ကိုသွားခဲ့ကြတယ်။ အင်းတိန် ကအကြောင်းကို ကျွန်တော့်ဇနီးက အင်တာနက်က တစ်ဆင့်သိခဲ့ရတာ။ ကျွန်တော့်အဖွဲ့ဝင်တွေက တစ်ယောက်မှ မရောက်ဖူးကြဘူး။ အင်းတိန်မရောက်ခင် ခေါင်တိုင်ရေပူစမ်းရှိတဲ့နေရာကို ရောက်ခဲ့တယ်။ အရင်တုန်းက လူရည်ချွန်စခန်း။ အခုတော့ပုဂ္ဂလိက လက်ထဲရောက်နေပြီ။ ရေပူစမ်းကို ကျကျနနပြုပြင်ထား ပါတယ်။ ဒါပေမယ့် ရေပူစမ်းအရှေ့မှာ အင်္ဂလိပ်စာနဲ့ ရေးထားတဲ့ ကြော်ငြာသင်ပုန်းကိုဖတ်တဲ့အခါ စာလုံး ပေါင်းတွေ မှားနေတာတွေ့ရတယ်။ တစ်လုံးနှစ်လုံး မဟုတ်ဘဲ အများအတော်များနေတာတွေ့ရတယ်။ ကျွန်တော်က ထုံးစံအတိုင်း မနေနိုင်လို့ မန်နေဂျာ ခေါ်ပြီး မှားတာတွေကိုထောက်ပြပေးခဲ့တယ်။ ရေပူစမ်း ကတစ်ဆင့် အင်းတိန်ရွာသွားပြီး ဘုရားစုတွေဖူးခဲ့ကြ တယ်။ ဒီဘုရားစုတွေက ကက္ကူဘုရားစုတွေနဲ့ ခပ်ဆင်ဆင်၊ ဘုရားဖူးပြီးအပြန်မှာ ဈေးတန်းကို ကြည့်ရင်း ရိုးရာအမှတ်တရပစ္စည်းတွေဝယ်ခဲ့တယ်။ ဈေးရောင်းတဲ့လူငယ်တစ်ဦးက ကျွန်တော့်ရဲ့ပရိသတ် ဖြစ်နေတယ်။ သူနဲ့ ဓာတ်ပုံရိုက်ခဲ့တယ်။ အင်းတိန်က တစ်ဆင့် တော်ဝင်နဒီဟိုတယ်ကိုဝင်ပြီး နေ့လယ် စာစားကြတယ်။ ခဏနားပြီး တော်ဝင်နဒီဟိုတယ် ပိုင်ရှင် ဦးမျိုးသိမ်းက ဟဲဟိုးအနီးက သူ့ရဲ့စိုက်ပျိုး ရေးခြံကို လိုက်ပို့ပေးတယ်။ ခြံထဲမှာ သစ်သီးတွေက မျိုးစုံ၊ ခြံကိုကြည့်ပြီး ဟဲဟိုးလေယာဉ်ကွင်းကို ထွက်ခွာ ကြတယ်။ လေယာဉ်က ညနေ ၅နာရီမှာ ထွက်ဖို့ ဆိုပေမယ့် ၆ နာရီကျော်မှာ ထွက်ဖြစ်တော့ ရန်ကုန်ကို ၈ နာရီမှာ ရောက်ခဲ့ကြတယ်။

ကျွန်တော် ၂၀၁၅ ခုနှစ်မှာ လုပ်ခဲ့တဲ့ Better Future , Better Myanmar ဟောပြောပွဲတွေအနက် တောင်ကြီးမှာပြုလုပ်ခဲ့တဲ့ ပွဲကို သိပ်ကျေနပ်မိပါတယ်။ ဟောပြောပွဲဆိုတာဟာ ပရိသတ်တွေအပေါ် မူတည်ပါ တယ်။ တောင်ကြီးကပရိသတ်တွေက တစ်ခဲနက် အားပေးကြသလို ရိုးသားဖြူစင်ကြတယ်။ အားလုံးကို ကျေးဇူးတင်မိပါတယ်။

# ဂုဏ်ပြုကြိုဆိုပါသည် (၁၆) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲဆီသို့

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

*ယခုကျရောက်သည့် ဒီဇင်ဘာလသည် မြန်မာပြက္ခဒိန်လများအနေဖြင့် နတ်တော်နှင့် ပြာသိုလများအကျုံးဝင်ပြီး ဆောင်းဥတုကာလ၏ အလယ်ဗဟိုဖြစ်ပေရာ ဆောင်းရာသီ၏ လေးလတာကာလနှင့်အအေးဆုံးလဟု ဆိုနိုင်ပါသည်။ စောင်ခြုံထားသော်လည်းမလုံ၊ မီးလှုံ၍လည်းမနွေး ကြက်သီးတွေ တဖြန်းဖြန်းထသောလဖြစ်သည့် ဤဒီဇင်ဘာလတွင် ခရစ်နှစ် ၂၀၀၀ ပြည့်မှစတင်၍ ရန်ကုန်မြို့၌ ခြောက်ကြိမ်၊ နေပြည်တော်၌ ၂၀၁၄ ခုနှစ်အထိ ကိုးကြိမ်၊ စုစုပေါင်း ၁၅ ကြိမ် မပျက်မကွက် နှစ်စဉ်ကျင်းပနိုင်ခဲ့သည့် မြန်မာ့တိုင်းရင်း ဆေးသမားတော်များ ညီလာခံကျင်းပခဲ့သော သက်တမ်းသည် ယခုနှစ်ဆိုလျှင် ဆယ်စုနှစ်တစ်စု ကျော်လွန်လာခဲ့ပြီး ၁၆ နှစ်တိုင်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။*

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် စောင့်ရှောက်ပေးသည့် နည်းတူ မျိုးချစ်စိတ်နှင့် ဇာတိမာန်ထက်သန်ခိုင်မာသည့် စိတ်ဓာတ်အားမာန်များ ပွားများ ဖြစ်ထွန်းစေခဲ့သည့်အတွက် တိုင်းပြည်ကာကွယ်စောင့်ရှောက်ရေးမှာပါ ရှေ့တန်းမှစွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အမျိုးသားရေးဂုဏ်ဒြပ်ရှိသည့် ရိုးရာအမွေအနှစ်ပညာတစ်ရပ်ဖြစ်ပေသည်။

မြန်မာ့တိုင်းရင်းဆေးပညာစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထွန်းကားပြန့်ပွားရေးတို့ကို အလေးထားလျက် နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **"တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်များ ဖော်ထုတ်ရန်၊ အစွမ်းထက်သောဆေးဝါးများ၊ ကုထုံးများနှင့် ဆေးဖက်ဝင်အပင်များ ဖော်ထုတ်ထိန်းသိမ်းရန်၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ သမားစဉ်ဂိုဏ်းအလိုက်သုံးစွဲလျက်ရှိကြသည့် အာနိသင်ထက်မြက်သော ဆေးဝါများ၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသအလိုက်ဆေးပညာရပ်များ၊ ကုထုံးများနှင့် ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ရန် "**စသည့်ရည်ရွယ်ချက်များဖြင့် တိုင်းရင်းဆေးသမားတော်များဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို ကျင်းပခဲ့ကြရာ (၁၉၉၇ ခုနှစ် ဧပြီလ ၂၅ရက်နေ့မှ ၂၇ရက်နေ့အထိ မန္တလေးမြို့၌ တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲကို လည်းကောင်း၊ ၁၉၉၈ခုနှစ် ဧပြီလ ၂၆ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် တောင်ကြီးမြို့၌ လည်းကောင်း၊ ၁၉၉၉ခုနှစ် မတ်လ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လည်းကောင်း၊ ယင်းပုသိမ်မြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲများသို့ စာရေးသူကိုယ်တိုင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပါသည်။) တိုင်းရင်းဆေးပညာဆွေးနွေးပွဲနှင့် စာတမ်းဖတ်ပွဲများကို အသီးသီးကျင်းပခဲ့ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ တိုင်းရင်းဆေးပညာဦးစီးဌာနကို ၁၉၈၉ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် သီးခြားဦးစီးဌာနအဖြစ် ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အဆင့်(၁)ဦးစီးဌာနအဖြစ် တိုးမြှင့်ပေးခဲ့ပါသည်။ ထို့အပြင် မြန်မာ့တိုင်းရင်းဆေးစနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် ကြီးကြပ်ညွှန်ကြားပေးသည့် အဓိက မဏ္ဍိုင်ကြီးများအဖြစ် ၁၉၉၆ ခုနှစ်တွင် **"တိုင်းရင်းဆေးဝါးဥပဒေ"**ကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် **"တိုင်းရင်းဆေးကောင်စီဥပဒေ"** ကိုလည်းကောင်း အသီးသီးပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အနေဖြင့် ကျန်းမာရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးဆရာများ ညီညွတ်စွာ ပူးပေါင်းပါဝင်လာစေရေး၊ တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အလုပ်အကျွေးပြုရေး၊ တိုင်းရင်းဆေးပညာတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီ သုတေသနပြု၍ ဖော်ထုတ်ရေး၊ တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးကျမ်းများ၊ ကုထုံးကုနည်းများနှင့် ပရဆေးပင်များကို ပြန်လည်ဖော်ထုတ်ရေး၊ တိုင်းရင်းဆေးလောကနှင့် တိုင်းရင်းဆေးဆရာများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ်တွင် **"မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း "**ကို စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

တိုင်းရင်းဆေးဝါး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူသို့ အားကိုးအားထားပြုနိုင်သည့် အရည်အသွေးမီ အစွမ်းထက်တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခွင့်လိုင်စင်များ ထုတ်ပေးခြင်းနှင့် Good Manufacturing Practice (GMP) ကျင့်စဉ်နှင့်အညီ ကျင့်သုံးကြသည့် တိုင်းရင်းဆေးဝါးစက်ရုံများဖြစ်ထွန်းလာစေခြင်း၊ တိုင်းရင်းဆေးကောင်စီဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်ရ တိုင်းရင်းဆေးပညာရှင်များအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းပေးခြင်း၊ တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ (Human Resources) မွေးထုတ်ရေးဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းပြီး ၁၉၇၆ ခုနှစ်တွင် တိုင်းရင်းဆေးသိပ္ပံကျောင်းကို တည်ထောင်ခဲ့ရာ ဒီပလိုမာပညာရှင်များမွေးထုတ်နိုင်ခဲ့သည့်နည်းတူ ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို တည်ထောင်နိုင်ခဲ့၍ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရ ပညာရှင်များသာမက မဟာဘွဲ့ရပညာရှင် အဆင့်အထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ထိုမျှမက ၂၀၀၇ ခုနှစ်ကစတင်၍ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ကျေးလက်တောရွာများသို့အရောက် ဖြန့်ဝေပေးခဲ့ခြင်း၊ ဖြန့်ဝေလျက်ရှိခြင်း စသည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊




နေပြည်တော်ရှိ အမျိုးသားပရဆေးဥယျာဉ် အဝင်မုခ်ဦးကို တွေ့ရစဉ်။

၂၀၀၈ ခုနှစ်တွင် အမျိုးသားပရဆေးဥယျာဉ်ကြီးကို နေပြည်တော်၌ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ မြန်မာ့ပရဆေးပင်ကျမ်း (Myanmar Herbal Pharmacopeia) ပေါ်ထွက်လာခြင်းစသည့် ဆောင်ရွက်စွမ်းဆောင်နိုင်ခဲ့မှု ရလဒ်များ ဖြစ်ထွန်းခဲ့ပါသည်။ ဖော်ပြပါအချက်များသည် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးမှု မှတ်တိုင်များဖြစ်ကြသည်သာမက မြန်မာပြည်သူတို့၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် တန်ဖိုးကြီးမားလှသည့် အထောက်အပံ့များပင်ဖြစ်ပေသည်။

စာရေးသူသည် တိုင်းရင်းဆေးပညာကို ဝါသနာအလျောက်လေ့လာဆည်းပူးခဲ့ပြီး နိုင်ငံတော်အစိုးရကကြီးမှူးကျင်းပခဲ့သည့် တိုင်းရင်းဆေးပညာ လေးဘာသာစာမေးပွဲကို လွန်ခဲ့သော နှစ် ၂၀ ကျော်ခန့်က အောင်မြင်ခဲ့ပြီးနောက် လက်လှမ်းမီရာ တိုင်းရင်းဆေးပညာရှင်ကြီးများ၊ သမားတော်ကြီးများထံ ချဉ်းကပ်လျက် တိုင်းရင်းဆေးပညာရပ်များကို စာတွေ့၊ လက်တွေ့နာယူမှတ်သားပြီး ဌာနဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် မိမိဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် တိုင်းရင်းဆေးပညာဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်းပါးများရေးသားခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ်အဖြစ် ပထမအကြိမ်ညီလာခံမှစတင်၍ နှစ်စဉ်တက်ရောက်ခဲ့ခြင်းနှင့် သုတေသနစာတမ်းများ တင်သွင်းခဲ့ခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင်အဖြစ်လည်း ယနေ့တိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့တိုင်းရင်းဆေးဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်ခွင့်ရရှိခဲ့သည့် အခွင့်အလမ်းများသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကူညီထောက်ပံ့မှုကြောင့်ဖြစ်ကြောင်း စာရေးသူ၏ ရင်ဝယ်အစဉ်ထာဝရ ခံယူမိပါသည်။

ယခုကျင်းပမည့် (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်က ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စာရေးသူအနေဖြင့် လုပ်ငန်းကော်မတီဝင်တစ်ဦးအဖြစ် တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးတွင် လုပ်ငန်း ကော်မတီအတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် နယကြီးလေးပါးကိုအခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ်ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ နဝရတ်ကတိသစ္စာနှင့်ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနှလုံးသွင်းစောင့်ထိန်းပြီးစည်းလုံးညီညွတ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအဖွဲ့ဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာကို အရည်အသွေးမီ တတ်မြောက်ကျွမ်းကျင်သည့်ပညာရှင် အဆက်ဆက်အား မွေးထုတ်ပေးနိုင်သော လေ့ကျင့်သင်ကြားရေးစနစ်ကို ခိုင်ခိုင်မာမာတည်ဆောက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်ပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံမှုစနစ်တွင် ပါဝင်ဖြည့်ဆည်းပေးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ အာဆီယံ တိုင်းရင်းဆေးနယ်ပယ်တွင် မြန်မာ့တိုင်းရင်းဆေး၏အခန်းကဏ္ဍ အဆင့်အတန်းမီမီ၊ တက်ကြွစွာပါဝင်နိုင်ရေးဝိုင်းဝန်းကြိုးပမ်းပြင်ဆင်ဆောင်ရွက်ရန်ကိစ္စရပ်များကို တက်ရာက်လာသော ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြရာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ခဲ့ပါကြောင်း၊ ယခု ၂၀၁၅ ခုနှစ်တွင်လည်း (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို အောက်ပါရည်ရွယ်ချက်များဖြင့် မကြာမီကာလ ဒီဇင်ဘာ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် နေပြည်တော်၌ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါ (၁၆)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ၏ရည်ရွယ်ချက်များအဖြစ်-

(က) မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံ အဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး တိုးတက်ရေး၊
(ခ) မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊
(ဂ) မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ပြည်သူများ၏ ကျန်းမာရေးကိုပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး စသည်တို့ကိုလည်းကောင်း၊

မြန်မာ့တိုင်းရင်းဆေးသမားတော်များနီးနှောဖလှယ်ပွဲ၏ရည်ရွယ်ချက်များအဖြစ်-

(က) တိုင်းရင်းဆေးရုံဆေးခန်းများတွင်အသုံးပြုနေသည့် လက်ရှိကုထုံးများ/တိုင်းရင်းဆေးတက္ကသိုလ်တွင် သင်ကြားနေသည့် ကုထုံးများကို ပြန်လည်ဆန်းစစ်သုံးသပ်၍ အကောင်းမွန်ဆုံး မြန်မာ့တိုင်းရင်းဆေးကုထုံးများ၊ ကျင့်စဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရေး၊
(ခ) နယကြီးလေးပါးစည်းဘောင်အတွင်းမှရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုင်ရာ ဖော်ထုတ်မြှင့်တင်ရေး၊
(ဂ) သမားစဉ်အဆက်ဆက်အောင်မြင်ကျော်ကြားခဲ့သော ကုထုံး၊ ကုကွက်များ၊ ရောဂါရှာဖွေ နည်းများ၊ အစွမ်းထက်ဆေးဝါးဆိုင်ရာ ကဏ္ဍများကို စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်မြှင့်တင်ရေး၊ လက်ဆင့်ကမ်းရယူအကောင်အထည်ဖော် မှတ်တမ်းတင်နိုင်ရေး စသည်တို့ကိုလည်းကောင်း အသီးသီးချမှတ်လျက် ကျင်းပကြမည်ဖြစ်ပါကြောင်း။

ယင်းမြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက မြန်မာ့တိုင်းရင်းဆေးတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေမည့် အဆိုပြုချက်များနှင့် ထောက်ခံတင်ပြချက်များကို တင်သွင်းကြမည်ဖြစ်သည့်နည်းတူ ဆက်လက်ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှီးနှောဖလှယ်ပွဲတွင်လည်း တက်ရောက်လာကြသော သက်ကြီးတိုင်းရင်းဆေးပညာရှင်ကြီးများနှင့်အလွှာအဖွဲ့အစည်းအသီးသီးတို့မှ ပညာရှင်များက အဖြစ်များသော ရောဂါများကို နယကြီးလေးပါးစည်းဘောင်အတွင်းမှ ရောဂါရှာဖွေဖော်ထုတ်မှုနည်းလမ်းများ၊ ကုသမှုပေးနိုင်သည့်ကုထုံးများ၊ အသုံးပြုနိုင်သည့်ဆေးဝါးများအား အုပ်စုဖွဲ့ဆွေးနွေးဖော်ထုတ်ကြ၍ အပြန်အလှန်မျှဝေဆွေးနွေးကြမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါ(၁၆)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲတို့၏ရည်ရွယ်ချက်များသည် ယခင် နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံများနှင့် စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများတွင် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက တင်သွင်း/ထောက်ခံခဲ့ကြသည့် အဆိုပြုတင်ပြချက်များကို ထင်ဟပ် ဖော်ဆောင်နေသည်ကိုလေ့လာဆန်းစစ်မိပါကြောင်း အကျဉ်းအားဖြင့် ကောက်နုတ်စုစည်းတင်ပြမည်ဖြစ်ပါသည်-

(က) **မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး**ဟူသော ညီလာခံ၏ ရည်ရွယ်ချက်သည်-

(၁) မြန်မာ့တိုင်းရင်းဆေးပညာရှင်တို့၏ ပညာရည်အစဉ်မြင့်မားတိုးတက်စေရေးအတွက် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ လေ့ကျင့်ပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရေး၊
(၂) မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် တိုင်းရင်းဆေးဆိုင်ရာ အကြောင်းအရာများကို စည်းစနစ်တကျရေးသား ဖော်ပြထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်၊
(၃) တိုင်းရင်းဆေးပညာရပ်သင်ကြားရေး၊ ကုသရေးနှင့် သုတေသနကဏ္ဍများ နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊
(၄) အာဆီယံတိုင်းရင်းဆေးနယ်ပယ်တွင် မြန်မာ့တိုင်းရင်းဆေး၏ အခန်းကဏ္ဍအဆင့်မီမီတက်ကြွစွာ ပါဝင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပြင်ဆင်ဆောင်ရွက်ရန်စသည့် အဆိုပြုတင်ပြချက်များအပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း။

(ခ) **မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး**ဟူသောညီလာခံရည်ရွယ်ချက်သည်-

(၁) နဝရတ်ကတိသစ္စာနှင့် ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာ နှလုံးသွင်းစောင့်ထိန်းပြီး စည်းလုံးညီညွတ်သည့် တိုင်းရင်းဆေးသမားတော်များအဖွဲ့ဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊

*စာမျက်နှာ (၁၇)သို့*

# မြိတ်-ရတ်ချဘူရီခရိုင်တို့မှ နှစ်နိုင်ငံ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပ



**မြိတ် ဒီဇင်ဘာ ၂၇**

နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် မြိတ်ခရိုင်နှင့်ရတ်ချဘူရီခရိုင်တို့မှ ချစ်ကြည်ရေး OPOT ကုန် စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နယ်စပ်ကုန်သွယ်ရေး အတွေ့အကြုံများ၊ ရိုးရာအစဉ်အလာယဉ်ကျေးမှုများ၊ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသခံပြည်သူများ၏ထုတ်ကုန်ပစ္စည်းများ ဖလှယ်ရေးတို့အတွက် ချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက်က မြိတ်မြို့ GRAND JADE Shopping Center တွင် ကျင်းပသည်။

အဆိုပါကုန်စည်ပြပွဲကို တနင်္သာရီတိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးသိန်းလွင်နှင့် ရတ်ချဘူရီခရိုင် ဒုတိယခရိုင်ဝန် Mrs. Nitha Savanthong တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရတ်ချဘူရီခရိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး Mr. Chaiya Khansautက နှစ်နိုင်ငံ ချစ်ကြည်ရေး ကုန်စည်ပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ရတ်ချဘူရီခရိုင် OPOT လုပ်ငန်းရှင်များက ရတ်ချဘူရီခရိုင်အတွင်း ထုတ်လုပ်သော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ဆိုင်ခန်း ၅၀ ဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ အထူးပရိုမိုးရှင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ကလေးခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ သုံးထပ်အဆောက်အအုံသစ် စတင်ဆောက်လုပ်

**ကလေး ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ကြီးကို ပြည်ထောင်စုရန်ပုံငွေဖြင့် ကျပ်၁၇၂ ဒသမ ၃ သန်း အကုန်အကျခံကာ အောက်တိုဘာ ၂၇ ရက်မှစတင်၍ ညောင်ပင်သာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန နှစ်ထပ်စုပေါင်းရုံး အဆောက်အအုံသစ်ကြီးဆောက်လုပ်သည့် နေရာအနီး၌ စတင်ဆောက်လုပ်နေပြီဖြစ်သည်။

အဆိုပါ အဆောက်အအုံသစ်ကြီးကို သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ်ဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းအမြန်ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့် ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲ သုံးထပ်အဆောက်အအုံသစ်ကြီးဆောက်လုပ်ပြီးပါက ဝန်ထမ်းများ၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်း၊ ငွေထုတ် ငွေသွင်းပြုလုပ်နေကြသော ပြည်သူများအတွက်သာမက ပင်စင်လစာစားများအတွက်ပါ ငွေသွင်းငွေထုတ်လုပ်ငန်းဆောင်ရွက်ရာတွင် များစွာအဆင်ပြေချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# အင်ပင်ဝကျေးရွာ၌ မြတ်ပညာစာကြည့်တိုက်ဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၂၇**

မိတ္ထီလာမြို့အနောက်ဘက် (၂၅)မိုင်အကွာ ရေဝေကျေးရွာအုပ်စု အင်ပင်ဝကျေးရွာအမှတ် (၁၃၁) မူလတန်းကျောင်း၌ မြတ်ပညာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။

မြတ်ပညာစာကြည့်တိုက်ကို ဂျပန်နိုင်ငံမှ အလှူရှင် မစ္စတာ တာကာအိုယာမာမိုတို၊ မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲသို့ ရေဝေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံများ၊ ဆရာ ဆရာများ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# စာဆိုတော်နေ့အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များအားကန်တော့

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲနှင့် စာဆိုတော်နေ့အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က မန္တလေးမြို့စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာအောင်မြေစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရာစိုး (ဆရာ ရာစိုး-လူမှု)၊ ဒုတိယဥက္ကဋ္ဌ ဆရာမခင်ခင်ဝင်း(ပညာရေး)၊ အတွင်းရေးမှူး ဆရာမခင်လေးငယ်၊ ကန်တော့ခံ ဆရာ ဆရာမကြီး ၁၅ ဦး နှင့် စာရေးဆရာအသင်းဝင်များ၊ ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်တိုးမြှင့်

**ပြည် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအား ခုတင် ၂၀၀ ဆံ့မှ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးသို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်အသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါ ဆိုင်းဘုတ်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးတင့်ရွှန်းက ပြည်မြို့ ပြည်သူ့ဆေးရုံကြီးကို ၁၉၃၃ ခုနှစ်ကတည်းက ခုတင် ၁၀၀ ဆံ့ ခရိုင်အဆင့်ဆေးရုံအဖြစ် စတင်ဖွင့်လှစ်ခဲ့ ပြီး ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်မှ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဒီဇင်ဘာ ၃ ရက်မှ စတင်ကာ ဒေသဖွံ့ဖြိုးမှုနှင့် လိုအပ်ချက်အရ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းဖြင့် ဆေးရုံကြီး၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားခဲ့သည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

*စာမျက်နှာ (၁၆) မှ*

(၂) ပုဂ္ဂလိက တိုင်းရင်းဆေးကုခန်းများ စည်းကမ်းနှင့်အညီ စနစ်တကျ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်စသည့် အဆိုပြုတင်ပြချက်များအပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း။

(ဂ) **မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး**ဟူသော ညီလာခံ၏ ရည်ရွယ်ချက်သည်-

(၁) နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသော ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်၍ ပြည်သူလူထုအားတိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရေး၊

(၂) ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊

(၃) ပြည်သူလူထုအတွက်အရည်အသွေးပြည့်မီပြီး စစ်မှန်အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ပိုမိုရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်၊

(၄) မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် ကဏ္ဍတစ်ခုအနေဖြင့် ဆောင်ရွက်ပြီး လူတိုင်းလက်လှမ်းမီနိုင်သည့်သာတူညီမျှကျန်းမာရေးလွှမ်းခြုံမှုစနစ်တွင် ပါဝင်ဖြည့်ဆည်းပေးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်စသည့်အဆိုပြုတင်ပြချက်များအပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း။

(ဃ) **တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုနေသည့် လက်ရှိကုထုံးများ/တိုင်းရင်းဆေးတက္ကသိုလ်တွင်သင်ကြားနေသည့် ကုထုံးများအား ပြန်လည်ဆန်းစစ်သုံးသပ်၍ အကောင်းမွန်ဆုံး မြန်မာ့တိုင်းရင်းဆေးကုထုံးများ၊ ကျင့်စဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ရေး**ဟူသောနှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်သည်-

(၁) မြန်မာ့တိုင်းရင်းဆေးပညာ၏အစွမ်းထက်မြက်မှုကို နိုင်ငံတကာအဆင့်မီအထောက်အထားများဖြင့် စနစ်တကျဖော်ထုတ်ပြသနိုင်ရန်အတွက် တိုင်းရင်းဆေးဆရာတို့ကို သုတေသနနည်းစနစ်များ တတ်မြောက်အောင်ဆောင်ရွက်ပေးရေး၊

(၂) တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် ကုထုံးကုနည်းများ၊ ဆေးကျမ်းများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်ရန်စသည့် အဆိုပြုတင်ပြချက်များအပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း။

(င) **နယကြီး လေးပါး စည်းဘောင်အတွင်းမှရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုင်ရာ ဖော်ထုတ်မြှင့်တင်ရေး**ဟူသော နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်သည် နယကြီး လေးပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်း စနစ်များအား အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်စသည့် အဆိုပြုတင်ပြချက်အပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း၊

(စ) **သမားစဉ်အဆက်ဆက် အောင်မြင်ကျော်ကြားခဲ့သော ကုထုံး၊ ကုကွက်များ၊ ရောဂါရှာဖွေနည်းများ၊ အစွမ်းထက်ဆေးဝါးဆိုင်ရာ ကဏ္ဍများကို စဉ်ဆက်မပြတ်ရှာဖွေဖော်ထုတ်မြှင့်တင်ရေး၊ လက်ဆင့်ကမ်းရယူအကောင်ထည်ဖော်မှတ်တမ်းတင်နိုင်ရေး**ဟူသော နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်သည်-

(၁) တိုင်းရင်းဆေးပညာကုထုံးများတွင် အခြေခံအားဖြင့် တူညီသော ကုထုံးများကို စံကိုက်ကုထုံးများအဖြစ် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးဆရာတို့လက်စွဲအဖြစ် အသုံးပြုကုသနိုင်စေရေး၊

(၂) အစွမ်းထက်ဆေးဖက်ဝင်ပရဆေးပင်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်စိုက်ပျိုးရန်နှင့် ပြည်တွင်းပရဆေးကုန်ကြမ်းလုံလောက်စေရေး ရည်ရွယ်ချက်ထားရှိ၍ ပရဆေးပင်များကို မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးအတွက် ပြည်သူတို့အား ပညာပေးဆွေးနွေးရေး၊

(၃) ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်စေရေးအားပေးဆောင်ရွက်ရန်၊

(၄) မြန်မာ့ပရဆေးကုန်ကြမ်းဖူလုံစေရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးမှသည် စီးပွားဖြစ်အဆင့်အထိ ပရဆေးဉယျာဉ်များ ထူထောင်ကြရေး ပညာပေးစည်းရုံးရန်၊

(၅) ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းကာကွယ်ရေးနည်းလမ်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်အောင်ကြိုးပမ်းအားထုတ်ကြရန်၊

(၆) မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ရုက္ခဗေဒ အမျိုးအမည်များကို တိတိကျကျဖြစ်အောင် စံပြုသတ်မှတ်ဖော်ထုတ်ကြရန် စသည့်အဆိုပြုတင်ပြချက်များအပေါ် ထင်ဟပ်ဖော်ဆောင်နေခြင်း။

အထက်ဖော်ပြပါ နှစ်စဉ်ကျင်းပခဲ့ပြီးသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံအသီးသီးတို့တွင် တက်ရောက်ခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်များက တင်သွင်း/ ထောက်ခံခဲ့ကြသော အဆိုပြုတင်ပြချက်များနှင့် စပ်လျဉ်းပြီး ညီလာခံတစ်ခုနှင့်တစ်ခု ကျင်းပသည့်ကြားကာလ တစ်နှစ်တာအတွင်း ပထမအကြိမ် ညီလာခံနှင့်အတူမရှေးမနှောင်း ပေါက်ဖွားလာခဲ့သည့် “ **မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း** ” ၏ အဆင့်ဆင့်သော ဗဟို/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အသင်းခွဲ အသီးသီးတို့တွင် တိုင်းရင်းဆေးလောကသားများအနေဖြင့် ကုသရေးနယ်ပယ်ရှိဆေးရုံ၊ ဆေးခန်းများမှ တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်းရင်းဆေးဆရာများ၊ သင်ကြားရေးနယ်ပယ်ရှိတက္ကသိုလ်/သိပ္ပံများမှ တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်းရင်းဆေးဆရာများအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေးပညာနှင့်နှီးနွှယ်နေသော ပါဝင်ပတ်သက်သူ (Stakeholder ) များ (ဥပမာ-သုတေသီများ၊ ဆေးဘက်ဆိုင်ရာ၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာနှင့် ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများစသည်) စသည့်ပုဂ္ဂိုလ်များနှင့်ပူးပေါင်းပြီး နယကြီး (၄) ပါးကိုအခြေခံလျက် ရောဂါသိမှု၊ ကုထုံးသိမှု၊ ဆေးဝါးသိမှုဆိုင်ရာ နည်းစနစ်များနှင့်စပ်လျဉ်းပြီး ကုသရေးဆိုင်ရာ ဆန်းစစ်ခြင်း (Clinical Trail)၊ စမ်းသပ်မှုဆိုင်ရာဆန်းစစ်ခြင်း (Experimental Trail)၊ စာပေအချက်အလက်အထောက်အထားဆိုင်ရာ ဆန်းစစ်ခြင်း (Literature Trail) တို့ကို အခြေခံသည့် သုတေသနပြုမှုလုပ်ငန်းစဉ်များ (Research Processes) များအပေါ် စားပွဲဝိုင်းဆွေးနွေးပွဲ (Round Table) များ၊ နှီးနှောဖလှယ်ပွဲ (Seminar) များနှင့် အလုပ်ရုံဆွေးနွေးပွဲ (Workshop) များ ကျင်းပကြခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး တိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် ရလဒ်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာကာ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်နှီးနှောဖလှယ်ပွဲတို့၏ ရည်ရွယ်ချက်များကို ပြည့်ဝပီပြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း **(၁၆) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲတို့ကို ဂုဏ်ပြုကြိုဆို** ရေးသားတင်ပြလိုက်ရပါသည်။ ။

### သတင်းတိုများ

## ကလေးမြို့ တိုင်းရင်းဆေးရုံကြီး

၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ တောင်ဖီလာရပ်ကွက်တွင် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ အာစီ တစ်ထပ် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တစ်ရုံနှင့် ဝန်ထမ်းအိမ်ရာ အလျား ပေ ၈၀ ၊အနံ ပေ ၄၀ ရှိ လေးခန်းတွဲ လေးထပ် အဆောက်အအုံတို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် အောက်တိုဘာ ၃ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ဆေးရုံဆောက်လုပ်ရေးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းကို လာမည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအပြီး ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝုန်လွန်း(ပြန်/ဆက်)**

## ကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဇောင်ဂျမ်းကုန်းကျေးရွာတွင် ကုလားပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဖြစ်ထွန်းမှုအခြေအနေကို ဒေသခံတောင်သူများ ကိုယ်တိုင်လေ့လာပြီး မျိုးရွေးချယ်နိုင်ရန် ရည်ရွယ်၍ တောင်သူကွင်းပြပွဲကို ဒီဇင်ဘာ၂၅ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ တာဝန်ရှိသူများနှင့် တောင်သူ ၇၀ ကျော်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ရှမ်းနီမျိုးနွယ်စုများ နှစ်သစ်ကူးကောက်ဦးဆွမ်း ဆက်ကပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာ၌ ရှမ်းနီမျိုးနွယ်စုများ နှစ်သစ်ကူးကောက်ဦးဆွမ်းဆက်ကပ်လှူပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ ထို့နောက် ဆင်ဖြူမီးပုံးပျံလွှတ်တင်ကြပြီး ဝိုင်းပတ်၍ စုပေါင်းကကြသည်။ စင်မြင့်ပေါ်တွင် ဒေါင်းအက၊ တိုးနရားအက၊ ရှမ်းသိုင်းအကနှင့် ရှမ်းနီရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(ဝမ်၃)**



**ကချင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလွင် ဦးဆောင်၍ ဒီဇင်ဘာ ၂၄ ရက်က လွယ်ဂျယ်မြို့အစိုးရအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူ ၉၉ ဦးအား မိုးပွင့်စီမံချက်(၂)အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။**

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

# ပုဂံတွင် အလိုတော်ပြည့် ဘုရားကြီး ဗုဒ္ဓပူဇနီယဘုရားပွဲတော် ကျင်းပ

**ညောင်ဦး ဒီဇင်ဘာ ၂၇**

ပုဂံယဉ်ကျေးမှုနယ်မြေဒေသတွင် (၂၄)ကြိမ်မြောက် အလိုတော်ပြည့်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယဘုရားပွဲတော်နှင့် အဓိဌာန်ဆုတောင်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီက အဆိုပါ ဘုရားကြီးရင်ပြင်တော် ယာယီမဏ္ဍပ်၌ ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဘုရားဖူးအဖွဲ့များ၊ သာသနာပြုအဖွဲ့များ၊ ပြည်ပခရီးသွား ဧည့်သည်များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အဓိဌာန်ဆုတောင်းပွဲ မဟာမင်္ဂလာအခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပရိယတ္တိသာသနဟိတဓရ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင် ရည်ဆုတံဆိပ်ရ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဧည့်ပရိသတ်များက သစ်သီး ၊ ပန်း၊ ရေချမ်း၊ ဆီမီး ၅၀၀၀ စီတို့ကို အလိုတော်ပြည့်မြတ်စွာဘုရားအား ရည်မှန်း၍ ကပ်လှူ ပူဇော်ခဲ့ကြသည်။



ဆုတောင်းပွဲသို့ လာရောက်သည့် ပြည်တွင်းဘုရားဖူးဧည့်သည်များနှင့် ဒေသခံပြည်သူများက ဘုရားပွဲတော် အထိမ်းအမှတ်အဖြစ် အလိုတော်ပြည့်ဆရာတော်ကြီး အပါအဝင် အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆရာတော်ကြီးများ၊ ပုဂံဒေသရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၅၂၈ ပါးတို့အား စာရေးတံမဲဖြင့် ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အလိုတော်ပြည့် ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် နတ်တော်လတွင် ကျင်းပမြဲဖြစ်ပြီး နတ်တော်လဆန်း ၈ ရက်မှ နတ်တော်လပြည့်ကျော် ၁၅ ရက်အထိ တစ်လနီးပါးခန့် ပွဲဈေးတန်းများခင်းကျင်းကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများအဖြစ် ဗလာဇာတ်ပွဲများပြသခြင်း၊ လပြည့်နေ့ ဆုတောင်းပွဲအပြီး ညပိုင်းတွင် အောင်မြင်မှုအထိမ်းအမှတ် မီးပုံးပျံလွှတ်တင်ပွဲများကို ကျင်းပလေ့ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# သီပေါမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**သီပေါ ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်မှုရုံးကို မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လဝက ဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် ဧည့်သည်များက ရုံးအတွင်း ဝင်ရောက်ကြည့်ရှု လေ့လာကြသည်။



အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ရခြင်းမှာ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုများပြုနိုင်ရေး အထောက်အကူပြုနိုင်ရန်အတွက် အကောင်အထည်ဖော် ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကိုကာကိုလာအချိုရည်စက်ရုံမှ ယာဉ်မောင်းသုံးဦးနှင့် ကုမ္ပဏီမန်နေဂျာတို့ အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးရုံးတွင် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံချိန်းဆို

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အလုပ်ရှင်၊ အလုပ်သမားပြဿနာ မကြာခဏဖြစ်ပွားလျက်ရှိသော လှိုင်သာယာစက်မှုဇုန်တွင် စက်မှုဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်းရှိ ကိုကာကိုလာအချိုရည်စက်ရုံမှ ယာဉ်မောင်းသုံးဦးအား အလုပ်ထုတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ မြို့နယ်အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ တိုင်ကြားခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်သို့ ပြန်လည်ချိန်းဆိုခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ သုံးဦးက မက်စ်အချိုရည်ကုမ္ပဏီလက်ထက်ကတည်းက ယာဉ်မောင်းလုပ်လာတာပါ။ ကိုကာကိုလာအချိုရည်ကုမ္ပဏီအဖြစ် လွှဲပြောင်းတော့လည်း ဆက်ပြီးလုပ်ကိုင်ခဲ့ကြတယ်။ ဗိုလ်မြတ်ထွန်းတံတားအဆင်းမှာ ဘဝတူယာဉ်မောင်း ယာဉ်တိုက်မှုဖြစ်လို့ သွားကြည့်တဲ့အတွက် အဲ့ဒီနေ့ ခွင့်တင်ရမယ်ဆိုလို့ ခွင့်တင်ပေးတယ်။ လစဉ်ပေးနေကျဆုကြေး သုံးသောင်းမရပေမယ့် အပြစ်နှစ်ကြိမ်ပေးတယ်ဆိုပြီး လက်ခံခဲ့တယ်။ နောက်တစ်ခုက ကုန်ထုတ်စွမ်းအားကျတယ်လို့ ပြောတယ်။ ကိုယ်ပိုင်မောင်းနေတဲ့ ယာဉ်တွေ ပေးမမောင်းဘူး၊ သွားမေးတော့ အကြောင်းပြပြောဆိုပြီးသူများမမောင်းမှ မောင်းရမယ့်အနေအထားဖြစ်တယ်။ လူဟောင်းတွေဖြစ်တဲ့အတွက် စည်းကမ်းလိုက်နာတယ်။ ဒီဇင်ဘာ ၁၈ ရက်မှာ သုံးဦးကိုခေါ်တွေ့ပြီး ၁၈ ရက်နေ့အထိ လစာနဲ့အပိုစောင်းနို့တစ်ကြေးလစာအဖြစ် တစ်လစာပေးပြီး အလုပ်ကထုတ်ကြောင်း ပြောတယ်။ အပြစ်ကျူးလွန်ထားတာ မရှိတဲ့အတွက် ၁၈ ရက်နေ့အထိလစာပဲယူတယ်။ အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးရုံးကို တင်ပြတယ်"ဟု ယာဉ်မောင်း ဦးအောင်သက်လွင်က ပြောသည်။

ကားကြီးယာဉ်မောင်းတစ်ဦး၏ လစာသည် ကိုကာကိုလာဖွင့်စဉ်က ငွေကျပ် ၁၈၀၀၀၀ ရှိပြီး ယခု ငွေကျပ် ၂၀၃၀၀၀မှ ၂၂၀၀၀၀ အထိရှိကာ ကိုလာကိုလာ စက်ရုံဖွင့်သည်မှာ သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအတွက် နှစ်ကြာမြင့်စွာ လုပ်ကိုင်ခဲ့သည့်အလုပ်ကို သံယောဇဉ်ဖြစ်လျက်ရှိပြီး အလုပ်ထုတ်မှုအပေါ် အလုပ်သမားတစ်ဦး၏ ရပိုင်ခွင့်အရ နစ်နာကြေးပေးရန်နှင့် သို့မဟုတ်ပါက အလုပ်ကို ပြန်လည် ဝင်ရောက်လုပ်ကိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း ဦးမြင့်ဦးက ပြောသည်။

"နှစ်ဦးနှစ်ဖက် ထပ်မံညှိနှိုင်းဖို့ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီကို ပြန်ချိန်းဆိုထားပါတယ်။ ယာဉ်မောင်းသုံးဦးအလုပ်ထုတ်ခံရတဲ့အတွက် ညှိနှိုင်းတဲ့အခါမှာ အလုပ်ပြန်ဝင်လိုတယ်။ အဆင်မပြေရင် ဥပဒေပါအတိုင်း နစ်နာကြေးရလိုတယ်လို့ ထွက်ဆိုပါတယ်။ အလုပ်ရှင်ကတော့ ပြစ်ချက်ရှိလို့ အလုပ်ပြန်မခန့်နိုင်ဘူးလို့ ဆိုတယ်။ မန်နေဂျာတွေလာပါတယ်။ မြို့နယ်မှာ သုံးချိန်ဖြေရှင်းနိုင်ပြီးတော့ အဆင်မပြေရင် တိုင်းဒေသကြီးခုံသမာဓိရဲ့ အဆုံးအဖြတ်ကို ခံယူရမှာပါ။ အဆင်ပြေနိုင်ပါတယ်"ဟု မြို့နယ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဌာနဦးစီးအရာရှိ ဒေါ်ခင်မာချိုက ပြောသည်။

**(၁၆၄)**


# ဒီဇင်ဘာပွဲကျပ်ကာလ ပရီမီယာလိဂ်ရာသီဝက် ပွဲစဉ် (၁၉)ရဲ့ အကြိတ်အနယ်ရှိမည့် ပွဲကြီးပွဲကောင်းများ

မောင်ချစ်ကြည်

**ယခုနှစ် ပရီမီယာလိဂ်ရာသီဝက်ပြီးဆုံးသည့် ပွဲစဉ်လည်းဖြစ်၊ ၂၀၁၅ ခုနှစ်ကို နှုတ်ဆက်မယ့် ပွဲစဉ်လည်းဖြစ်သည့် ပရီမီယာလိဂ်ပွဲစဉ် (၁၉)ကိုတော့ ဒီဇင်ဘာ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ ဒီတစ်ပတ် ကြားရက်မှာ ကစားကြမယ့် ပွဲတွေအနက် စိတ်လှုပ်ရှားစရာအကောင်းဆုံး ဖြစ်မယ့် မန်ယူနဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ ဘုန်းမောက်၊ လက်စတာနဲ့ မန်စီးတီးတို့ ပွဲစဉ်တွေကတော့ ပရိသတ်တွေရဲ့ စိတ်နှလုံးကို ဆွဲကိုင်လှုပ်ရမ်းနိုင်ဦးမှာဖြစ်ပါတယ်။**

### မန်ယူနှင့် ချယ်လ်ဆီး

အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲပါပဲ။ နည်းပြထိုင်ခုံလှုပ်နေတဲ့ မန်ယူရဲ့ ဗန်ဟားလ်၊ နည်းပြသစ်အဖြစ်စတင်ကိုင်တွယ်မယ့် ချယ်လ်ဆီးရဲ့ ဟစ်ဒင့်တို့ရဲ့ ဗျူဟာအခင်းအကျင်းက ပြိုင်ပွဲအပေါ် ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိမယ်ဆိုတာ မြင်တွေ့ရပါတော့မယ်။ ဒီပွဲကို မဖြစ်မနေ အနိုင်ကစားမှ ရတော့မယ့် မန်ယူအတွက် တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ချယ်လ်ဆီးနဲ့ဆုံတိုင်း အကြိတ်အနယ် ရုန်းကန်ခဲ့ရတဲ့ မန်ယူအတွက် အိမ်ကွင်းဆိုပေမယ့် ပွဲကျပ်ပါပဲ။ နိုင်ပွဲတွေ လိုအပ်မှု ပြင်းထန်နေတဲ့ ချယ်လ်ဆီးအတွက်ကလည်း ရလဒ်ကောင်းကို ဆောင်ကြဉ်းနိုင်ဖို့ ခြေကုန်ဖွင့်မှာ သေချာနေပါတယ်။ အကြိုက်က ချယ်လ်ဆီးဖြစ်ပြီး အနိုင်လည်း ချယ်လ်ဆီးဖြစ်ဖို့များပါတယ်။


ပရီမီယာလိဂ် ပွဲစဉ်(၁၇) လက်စတာနှင့် အဲဗာတန်ပွဲတွင် လက်စတာတိုက်စစ်မှူး ဗာဒီ ထိုးဖောက်ကစားစဉ်။

### လက်စတာနှင့် မန်စီးတီး

ဒီနှစ် ပရီမီယာလိဂ်မှာ ခြေစွမ်းကောင်းတွေပြသနေတဲ့ လက်စတာဟာ အခုတလော အသင်းကြီးတွေကို အနိုင်ယူနေတဲ့ စွမ်းရည်ရရှိနေပါတယ်။ မန်စီးတီးတို့ကတော့လောလောဆယ်ခြေယိုင်နေတာမို့ ဒီပွဲမှာ သိက္ခာဆယ်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ လက်စတာနဲ့ မန်စီးတီးတို့ နောက်ဆုံးခြောက်ပွဲတွေ့ဆုံခဲ့မှုမှတ်တမ်းကို ကြည့်ရင်တော့ လက်စတာတို့ တစ်ပွဲမှနိုင်ပွဲမရခဲ့ပါဘူး။ ဒါပေမယ့် လက်စတာတို့က အခုနောက်ပိုင်းပွဲတွေမှာ မန်စီးတီးကို ခြေရည်တူကစားပြီး သရေပွဲတွေရယူထားနိုင်တာမို့ မန်စီးတီးလည်း ပွဲတော့ မချောင်ပါဘူး။ လက်စတာတိုက်စစ်မှူးတွေဟာ ပြိုင်ဘက်ခံစစ်ကြောင်းကို တွန်းတွန်းတိုက်တိုက်နဲ့ ကျော်ဖြတ် ဂိုးသွင်းနိုင်တာမို့ မန်စီးတီးတို့ သတိထားရလိမ့်မယ်။ ဒီပွဲဟာ နှစ်သင်းစလုံး အားပြိုင်မှုတူညီနေတာမို့ အမှတ်ခွဲယူရဖို့ ရှိနေပါတယ်။

### အာဆင်နယ်နှင့် ဘုန်းမောက်

စိတ်ဓာတ်ပိုင်းရော ခြေစွမ်းပိုင်းမှာပါ တိုးတက်မှုရှိလာတဲ့ အာဆင်နယ်ဟာ တန်းစီဇယားကို စိုးမိုးမျှော်မှန်းနေပြီဖြစ်ပါတယ်။ အသင်းကြီးတွေကို အနိုင်ကစားနိုင်တဲ့ ဘုန်းမောက်တို့က ဒီပွဲမှာ ဘယ်လောက်အထိ စွမ်းဆောင်ရည်ပြသနိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ ဒါပေမယ့် အာဆင်နယ်ဟာ အိမ်ကွင်းမှာ အမှတ်ပြည့်ရယူရေး အစွမ်းကုန်ကြိုးစားမှာမို့ ဘုန်းမောက်တို့အတွက်တော့ အမှတ်ဗလာနဲ့ အိမ်ပြန်ရဖို့များနေပါတယ်။

### ဝက်ဖို့ဒ်နှင့် စပါး

ခံစစ်ပိုင်းကို လုံခြုံအောင် တည်ဆောက်ထားတဲ့ ဝက်ဖို့ဒ်တို့ကို စပါးတိုက်စစ်မှူးတွေ ဘယ်လိုကျော်ဖြတ်မယ်ကြည့်ရမှာပါ။ စပါးအတွက်ကတော့ အခုတလောပွဲတိုင်းအမှတ်ရအောင်ကစားနိုင်နေပြီး အသင်းလိုက်ကစားအားလည်းကောင်းနေပါတယ်။ ဝက်ဖို့ဒ်တို့ကတော့ အိမ်ကွင်းမှာ အမြင့်ဆုံး တစ်မှတ်ရဖို့ မျှော်လင့်နေပြီး စပါးကို သေသေချာချာပြင်ဆင်ပြီး ရင်ဆိုင်ပါလိမ့်မယ်။ ဒီပွဲမှာစပါးတို့ ခက်ခဲနိုင်ပေမယ့် ကပ်ပြီးအနိုင်ရသွားနိုင်ပါတယ်။

### အဲဗာတန်နှင့် စတုတ်

နိုင်ပွဲတွေဆက်တိုက်ပျောက်ဆုံးနေတဲ့ အဲဗာတန်ဟာ ဒီပွဲမှာ ပြန်လည်ရုန်းထွက်ဖို့ ကြိုးစားပါလိမ့်မယ်။ ခြေစွမ်းမာကျောတဲ့ အဲဗာတန်တို့က အခုပွဲမှာ စတုတ်ကို ဖိအားပေးကစားနိုင်ဖို့အားထုတ်လာမှာဖြစ်ပြီး အမှတ်ခွဲယူဖို့ ကြိုးစားမယ့် စတုတ်ရဲ့ မျှော်လင့်ချက်ကို ချေဖျက်ပါလိမ့်မယ်။

### ဝက်စ်ဟမ်းနှင့် ဆောက်သမ်တန်

ခြေရည်တူနေတဲ့ နှစ်သင်းမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ နောက်ဆုံးခြောက်ပွဲတွေ့ဆုံမှုကို ကြည့်ရင် ဆောက်သမ်တန်က တစ်ပွဲနိုင်ပြီး ဝက်စ်ဟမ်းက နှစ်ပွဲနိုင်ကာ သရေ သုံးပွဲဖြစ်ထားပါတယ်။ နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆောက်သမ်တန်ဟာ ဝက်စ်ဟမ်းကွင်းမှာ ရလဒ်ပြန်ကောင်းရေး ကြိုးစားပါလိမ့်မယ်။ အိမ်ကွင်း၊ အဝေးကွင်းခြေစွမ်း မတည်ငြိမ်တဲ့ ဝက်စ်ဟမ်းကို ဆောက်သမ်တန်တို့ အမှတ်ပြည့်ယူဖို့ဆိုတာသိပ်တော့ မလွယ်ပါဘူး။ ဝက်စ်ဟမ်းတို့ အနိမ့်ဆုံး တစ်မှတ်ရယူသွားနိုင်ပါတယ်။


ပရီမီယာလိဂ်ပွဲစဉ်(၁၈) လီဗာပူးနှင့် လက်စတာပွဲတွင် လီဗာပူးမှ ဘန်တီကီ ဂိုးသွင်းအပြီး ကစားဖော်များနှင့် အောင်ပွဲခံစဉ်။



## စပါးအသင်းကို ထိပ်ဆုံးလေးနေရာ အရောက်ပို့မယ်ဆိုတဲ့ ဟယ်ရီကိန်း

ယခုနှစ်ပရီမီယာလိဂ်မှာ စပါးအသင်းကို ထိပ်ဆုံးလေးနေရာအရောက်ပို့သွားမယ်လို့ တိုက်စစ်မှူးဟယ်ရီကိန်းက ပြောဆိုလိုက်ပါတယ်။ စပါးအသင်းမှာ ဟယ်ရီကိန်းဟာ ထူးချွန်တဲ့ ကစားသမားဖြစ်တဲ့အတွက် အောင်ပွဲတွေဆက်လက်ရဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့နှစ်က တစ်ရာသီတည်းမှာ ၂၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ ၂၀၁၆ ခုနှစ်မှာလည်း ဂိုးသွင်းစံချိန်ကို ဆက်လက်ထိန်းထားမှာဖြစ်တဲ့အတွက် အသင်းရဲ့အောင်မြင်မှုတွေကို ရယူပေးဖို့ရှိနေတယ် လို့ဆိုပါတယ်။ ဒီအတောအတွင်းမှာ အယ်လ်ဂျီးရီးယားတိုက်စစ်မှူး ရီးယာ့ဒ်မာရက်ဇ်ဟာလည်း လက်စတာအသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လက်စတာအသင်းအတွက် ၁၄ ဂိုး သွင်းယူထားသူဖြစ်ပါတယ်။ မာရက်ဇ်ကို မန်ယူနဲ့ ချယ်လ်ဆီးအသင်းတွေကလည်း ခေါ်ယူဖို့ကြိုးစားနေတာပါ။ သို့ပေမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလမှာ မာရက်ဇ်ကို စပါးကလည်း ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ မာရက်ဇ်ကို စပါးအရခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ ဟယ်ရီကိန်းနဲ့ အတွဲညီတဲ့ တိုက်စစ်အတွဲဖြစ်လာပြီး စပါးအသင်းကို ထိပ်ဆုံးလေးနေရာအရောက် ပို့ပေးနိုင်မယ့် အနေအထားရှိပါတယ်။



## ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားရအောင် ကြိုးစားပေးမယ်ဆိုတဲ့ ဟစ်ဒင့်

မော်ရင်ဟိုအစား လူစားဝင်လာတဲ့ ယာယီနည်းပြ ဟစ်ဒင့်က သူ့အနေနဲ့ ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားရအောင် ကစားနိုင်ဖို့ ကြိုးစားသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ ပရီမီယာလိဂ် တန်းစီဇယားအောက်ပိုင်းမှာရောက်နေတဲ့ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်မှာလည်း ယခုနှစ်ရာသီမှာထိပ်ဆုံးလေးနေရာရအောင် ကြိုးစားသွားမယ်လို့ဆိုပါတယ်။ ဟစ်ဒင့်ဟာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့တဲ့ နည်းပြဟောင်းလည်း ဖြစ်ပါတယ်။ သူကိုင်တွယ်ခဲ့တဲ့နောက်ဆုံး ၂၂ ပွဲမှာ တစ်ပွဲသာ အရှုံးရှိခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြဟစ်ဒင့်အနေနဲ့ လက်ရှိ ချယ်လ်ဆီးကစားသမားတွေနဲ့ အဆင်ပြေအောင်ညှိနှိုင်းမှုတွေ ပြုလုပ်သွားမယ်လို့ဆိုပါတယ်။ မော်ရင်ဟိုထွက်ခဲ့ရတဲ့ အဓိကအကြောင်းရင်းတစ်ရပ်မှာ ကစားသမားတွေနဲ့ အဆင်မပြေဖြစ်ခဲ့တဲ့အတွက်ကြောင့်လို့ ဝေဖန်မှုတွေရှိခဲ့တယ်။ နည်းပြဟစ်ဒင့်ကတော့ ကစားသမားတွေနဲ့အဆင်ပြေအောင် လုပ်ဆောင်သွားမှာဖြစ်တဲ့အပြင် ချန်ပီယံလိဂ်နဲ့ အက်ဖ်အေဖလားတွေကိုဆွတ်ခူးဖို့ မျှော်မှန်းထားတဲ့အပြင် ပရီမီယာလိဂ် ထိပ်ဆုံးလေးနေရာဝင်ဖို့လည်း ကြိုးစားသွားမယ်လို့ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

# နဂါးသက်န်းရုံ ကြေးသွန်းဘုရားကြီးအား ရှားမီးပူဇော်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၇**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၉ ငါးရံ့ချောင်း ပါရမီမြတ်ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် နဂါးသက်န်းရုံ ကိုးတောင်ပြည့် ကြေးသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှားမီးပူဇော်ရခြင်း၏ရည်ရွယ်ချက်မှာ နတ်တော်လသည် ဆောင်းရာသီ၏ အချမ်းဆုံးလဖြစ်သဖြင့် မြတ်စွာဘုရားရှင်အား အနွေးဓာတ်ဖြင့် ပူဇော်ရာတွင် ရှားပင်မှရရှိသည့် ရှားသားထင်းမီးသည် မီးကျီခဲအားကောင်းခြင်း၊ အနွေးဓာတ်ကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ရှားမီးပူဇော်ရာတွင် ရှားထင်းသားများကို ၂၇ ပေ မြင့်သည့်တိုင်အောင်စည်းနှောင်ကာ ရှားမီးတိုင်ပြုလုပ်ပြီး တိုင်၏ထိပ်တွင် မီးကျည်မီးပန်းများကို ထီးတော်ပုံသဏ္ဌာန်ပြုလုပ်ကာ ပူဇော်ကြပြီး ရှားမီးတိုင်နှင့်အတူ ညမီးကျည်မီးပုံးပျံများဖြင့် ကြည်ညိုဖွယ်ရာ မီးရောင်များဖြင့် ပူဇော်ကြခြင်း ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကို နေ့စဉ်နံနက် ၄ နာရီမှ စတင်ကာ မြတ်စွာဘုရား မျက်နှာတော်သစ် ပူဇော်ခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်ကြပြီး အကပဒေသာပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပကြပြီး ညစဉ် ၇ နာရီတွင် ရှားမီးတိုင်များဖြင့် မီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း ဒေသခံများထံက သိရသည်။

"ရှားမီးပူဇော်ပွဲဆိုတာ မြတ်စွာဘုရားကို အနွေးဓာတ်ရရှိစေဖို့ ရည်ရွယ်တာပါ။ ကျွန်တော်တို့ဆီမှာက တောင်ပေါ်ဒေသမို့ အအေးဓာတ်ပိုလာတဲ့အခါ ယခုလိုကျင်းပပေးခြင်း ဖြစ်ပါတယ်။ လေးကြိမ်ရှိသွားပါပြီ။ အခုနောက်ပိုင်းမှာ လူတွေပိုသိလာကြလို့ အရင်နှစ်တွေကထက် ဒီနှစ် အစည်ကားဆုံးဖြစ်လာပါတယ်"ဟု ရပ်ကွက်ကြီး ၁၉တွင် နေထိုင်သည့် ဘုရားပွဲလာရောက်သူ တစ်ဦးကပြောကြားသည်။

ပွဲတော်ရက်များတွင် ရှားမီးပူဇော်လိုသူများအတွက် ရှားထင်းစည်းငယ်များနှင့် ဆွမ်း၊ဆီမီးတို့ ကပ်လှူနိုင်ရန် ဂေါပကအဖွဲ့မှ စီစဉ်ပေးထားပြီး နေ့စဉ် စတုဒိသာ နှစ်ကြိမ်ခန့်ကို အလှူရှင်များက ကျွေးမွေးကုသိုလ်ပေးခဲ့ကာ ရှမ်းရိုးရာအကများဖြင့် တင်ဆက်ကပြခြင်းများ ပြုလုပ်ခဲ့ကြသည့်အပြင် နတ်တော်လပြည့်နေ့တွင် ပူဇော်ပွဲအထိမ်းအမှတ် တရားနာခြင်းနှင့် ရေစက်သွန်းချခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လေးမျက်နှာမြို့နယ်ရှိ ကျောက်စရစ်လုပ်ငန်းများကြောင့် ကျေးရွာများအတွက် သောက်သုံးရေခက်ခဲလာ

**လေးမျက်နှာ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်းရှိ အနောက်ရိုးမကိုအခြေခံကာ စီးဆင်းနေသော လဲခုံကြီးချောင်းသည် ထင်ရှားပြီး ယခုအခါ ကျောက်စရစ်ထုတ်လုပ်သည့် လုပ်ငန်းများမှာ ချောင်းရိုးတစ်လျှောက် ပိုမိုလုပ်ကိုင်လာကြသည့်အတွက် ဒေသခံများ၏ ဂေဟာစနစ်များ ပျက်စီးလာရကြောင်း သိရသည်။

ချောင်းရိုးတစ်လျှောက် ကျောက်စရစ်တူးဖော်ခြင်းများကြောင့် ကမ်းပါးများပြိုကျခြင်း၊ ရေများပိုမိုနောက်ကျိလာခြင်း၊ ကျေးလက်လမ်းများနှင့် ကျေးရွာအတွင်း ကျောက်ကားများနေ့စဉ်နှင့်အမျှ မောင်းနှင်နေခြင်းကြောင့် လမ်းပျက်စီးမှုများ ကြုံတွေ့ရခြင်းနှင့် ကျေးရွာအတွင်း အချိန်နှင့်အမျှ ဖုန်လုံးများထနေခြင်းကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် လေသန့်ရှင်းမှုမရှိခြင်း စသည့်အခက်အခဲများအပြင် လူစိမ်းများ ဝင်ရောက်လာမှုကြောင့် ကျေးရွာလုံခြုံရေးကို စိုးရိမ်ရကြောင်း ဒေသခံကညင်တိုင်းရွာသားများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ စက်ရေတွင်းတူးပေမယ့် ကျောက်သားအလွှာတွေ ထူထပ်တာကြောင့် သောက်သုံးရေအတွက် ချောင်းရေကိုပဲ အားထားနေရတာဖြစ်ပါတယ်။ မြေအောက်ကို မရမက တူးကြပေမယ့် ရေက အနံ့အသက်ဆိုးရွားတာမို့ အခက်အခဲက အစကတည်းက ရှိခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ ကျောက်စရစ်တူးဖော်မှုတွေကြောင့် သောက်သုံးရေကောင်းကောင်းမရရှိတော့ဘူး"ဟု ဒေသခံ ကညင်တိုင်းရွာသား ကိုကျော်ကျော်က ပြောသည်။

ကညင်တိုင်းကျေးရွာသည် သောက်ရေအတွက် လက်ယက်တွင်းများမှ နေ့စဉ်အနည်းငယ်သာ ခပ်ယူအသုံးပြုနိုင်သည့် ကျေးရွာတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကျောက်စရစ်လုပ်ငန်းများ လာရောက်လုပ်ကိုင်ကြသဖြင့် ကျွဲနွားများအတွက် သောက်သုံးရေ ခက်ခဲလာသကဲ့သို့ စည်းကမ်းမဲ့ ကျောက်စရစ်ထုတ်လုပ်မှုများကြောင့် ကမ်းပါးပြိုခြင်း၊ ရေနောက်ခြင်းများဖြစ်သည့်အတွက် သောက်သုံးရေအခက်အခဲမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာနေသည်ကို မြင်တွေ့ရသည်။

"ကမ်းပြိုတာက မကြာခဏဖြစ်လာတယ်။ ကမ်းပါးပြိုပေမယ့် ပြန်လည်ပြုပြင်ရတာက ဒေသခံတွေဖြစ်ပြီး ကျောက်စရစ်ထုတ်လုပ်သူတွေက တာဝန်မခံကြတာများပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေလည်း လာရောက်စစ်ဆေးပေးကြပါတယ်။ ဒါပေမယ့် ထုတ်လုပ်မှုကတော့ လျော့နည်းမသွားဘဲ ပိုပိုတိုးလာတော့ ကြာလာရင် ဒေသခံကျေးရွာတွေအတွက် သောက်သုံးရေ အခက်အခဲဖြစ်လာမှာကို စိုးရိမ်ရတယ်။ တာဝန်ရှိသူတွေက တိတိကျကျလာရောက်စစ်ဆေးပေးစေချင်ပါတယ်" ကညင်တိုင်းကျေးရွာမှ ဒေသခံတစ်ဦးကလည်း သူ့အတွေ့အကြုံအား ပြောသည်။

**ကျော်ကျော်(မလှိုင်)**



# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်

**ဗန်းမော် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရပ်ရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့များအတွက်ရည်ရွယ်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက မြို့မရဲစခန်းအတွင်းရှိ ရဲသီဟခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များ ကြုံတွေ့လာပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် အမြန်ဆုံးဆက်သွယ်အကြောင်းကြားကြရန်နှင့် ပြည်သူများအနေဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် ပူးပေါင်းကူညီကြရေး၊ လက်ရှိဖြစ်ပေါ်နေသော အနေအထားများနှင့် နိုင်ငံတကာဆောင်ရွက်မှုများကို အတွေ့အကြုံများနှင့် သင်ခန်းစာယူစရာများကို သင်ကြားခြင်းနှင့် ဗဟုသုတမျှဝေခြင်းများကို တက်ရောက်လာကြသူများထံသို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (၁၂) တပ်စိတ်(၁) ဗန်းမော်မှ ဒုရဲမှူးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာအခြေပြု စောင့်ကြည့်အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ သင်တန်းသားစုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများရခိုင်ပြည်နယ်၌ဆောင်ရွက်လျက်ရှိ

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေအဖြစ် ဆောင်ရွက်လျက်ရှိသည့် ကန်စောက်-ရာရှည်ပြင်ကျေးရွာ ကျောက်ချောလမ်းခင်းခြင်းအတွက် ၃/၂ မိုင်ကို စမ်းသီရိရတနာကုမ္ပဏီမှ တင်ဒါအောင်မြင်ကာ တာဝန်ယူလုပ်ဆောင်လျက်ရှိရာ ဆောင်ရွက်နေမှုများအတွက် ဒီဇင်ဘာ ၂၆ရက်က သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီမှု ရှိ/မရှိကို မြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးရွှေကျော်ဦးနှင့် အင်ဂျင်နီယာများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၅၇)**

### ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သီပေါမြို့နယ်၌ မီးပွိုင့်တပ်ဆင်

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုးနှင့် မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး ဗဟိုအချက်အချာကျသည့် မြို့တစ်ခုဖြစ်သည့်အားလျော်စွာ နေ့စဉ်နှင့်အမျှ ခရီးဝေးသွားမော်တော်ယာဉ်ကြီး/ငယ်အသွယ်သွယ်တို့ ဖြတ်သန်းမောင်းနှင်လျက်ရှိသည်။ နေ့စဉ် မော်တော်ယာဉ် ၂၀၀၀ကျော်နှင့် မော်တော်ဆိုင်ကယ်ပေါင်းများစွာ ဖြတ်သန်းနေသည့်အတွက် ယာဉ်မတော်တဆမှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေ၍ ဒစ်ဂျစ်တယ်မီးပွိုင့်တစ်ခုကို ပြည်ထောင်စုလမ်းမကြီးနှင့် မိုင်းပွန်လမ်းထောင့်တွင် ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### နှစ်တစ်ရာကျော်သက်တမ်းရှိ သိမ်ကြီးအတွက် စောင်းတန်းလှူဒါန်းနိုင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ချောင်းရင်းရွာ မဟာနိဗ္ဗုတာရာမကျောင်းတိုက် ဘုရားကြီးကျောင်း၌ သာသနာ့သိရီသောဘာဘဂ္ဂဓာရိနီ အမည်ရှိ သိမ်တော်ကြီးသည် နှစ်ပေါင်း ၁၀၀ ခန့်ရှိပြီး မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းလက်ရာများ ကျန်ရှိနေသေးကာ ယနေ့အထိ ရဟန်းခံခြင်း၊ ကထိန်ခင်းခြင်းနှင့် သိမ်ဝင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ၁၉၁၅ ခုနှစ်တွင် ပြွန်တန်ဆာမြို့နေ ဦးဆင်ကြီး၊ ဒေါ်နှင်းမိသားစုက လှူဒါန်းထားသဖြင့် ဦးဆင်ကြီးသိမ်ဟု လူသိများပြီး ယခုအခါ သိမ်ကျောင်းနှင့် တန်ဆောင်းဆက်သွယ်ရာ တစ်လျှောက်တွင် စောင်းတန်းဆောက်လုပ်နိုင်ရန် အလှူရှင်များ လှူဒါန်းလိုက ဂေါပကအဖွဲ့ဝင်များဖြစ်သည့် ဦးအောင်ဆန်း ဖုန်း ၀၉ - ၄၂၈၂၀၅၄၀၄ နှင့် ဦးမြင့်ကြည် ဖုန်း ၀၉ - ၇၈၁၉၃၃၆၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

### အလုပ်သမားများအတွက် ကျန်းမာရေးအထောက်အကူပေးမှုမြှင့်တင်မည်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် စစ်ကဲကုန်းရပ်ကွက် ထားဝယ်တံတားလမ်းရှိ ပြည်နယ် လူမှုဖူလုံရေးရုံး၌ ဒီဇင်ဘာ ၂၄ရက်က ပြည်နယ် လူမှုဖူလုံရေး၊ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းအဆောက်အအုံသစ်ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြပြီး မော်လမြိုင်မြို့ ကွင်းရပ်တွင် လူမှုဖူလုံရေး ဆေးခန်းကိုလည်းကောင်း၊ မုဒုံမြို့ ကနယ်တွင်လည်း လူမှုဖူလုံရေး ဆေးခန်းအဆောက်အအုံကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ကျောက်ချောလမ်းများ ရွှေကူ၌ ဖွင့်လှစ်ပေး

**ရွှေကူ ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ကျေးရွာများတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ပြည်သူများဘဝ မြင့်မားလာစေရေးအတွက်ရည်ရွယ်ကာ ကျေးလက်လမ်းများနှင့် တံတားများကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယခုဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၇ ဒသမ ၃၆၄ကို ခွင့်ပြုထားရာ ရွှေကူလေးကျေးရွာနှင့် ဘိုကုန်းကျေးရွာများအတွက် ကျောက်ချောလမ်း နှစ်မိုင်ခရီးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မွေးရပ်မြေသို့ တမ်းတခြင်း

သန်းဦး (လေးမျက်နှာ)

ဆောင်းနှင်းချမ်းချမ်းအေးမြသောရာသီနှင့် အလွန်လိုက်ဖက်ညီထွေသော မြန်မာတို့၏ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုရှိသည်။ ယင်းမှာ အနယ်နယ်အရပ်ရပ်၌ ကျင်းပလျက်ရှိသော အာစရိယမြတ်ဆရာပူဇော်ကန်တော့ပွဲဖြစ်သည်။ မိမိတို့ငယ်စဉ်က ပညာနို့ရည်တိုက်ကျွေးခဲ့သော သက်ပြည့်အငြိမ်းစားဆရာ ဆရာမကြီးများကိုကန်တော့သည့်ပွဲများဖြစ်သည်။ ကျင်းပရခြင်းရည်ရွယ်ချက်က မိမိတို့ဘဝတိုးတက်ရာ တိုးတက်ကြောင်း ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင် ဆရာ ဆရာမကြီးများကို မျက်မြင်ကိုယ်တွေ့ကန်တော့နိုင်ခြင်း၊ တစ်မြို့ တစ်နယ်စီဝေးကွာလျက် ဘဝတာဝန်အသီးသီးကို ထမ်းဆောင်နေကြသည့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံစေနိုင်ခြင်း၊ မိတ်ဟောင်းဆွေဟောင်းများပြန်လည်တွေ့ဆုံ၍ ငယ်စဉ်ဘဝနေထိုင်မှုစရိုက်များ ပြန်လည်ပြောကြားခြင်းကြောင့် စိတ်ရွှင်လန်း ရယ်မောရခြင်း စသည့်ရည်ရွယ်ချက်များနှင့် တစ်နှစ်တစ်ခါ ဆုံတွေ့နိုင်အောင် စီမံကျင်းပခြင်းဖြစ်သည်။

ထိုသို့ရည်ရွယ်ကျင်းပသော်လည်း စာရေးသူအနေဖြင့် ခရီးဝေးသည်ကတစ်ကြောင်း၊ မအားလပ်သည်ကတစ်ကြောင်း စသည့်အကြောင်းများကြောင့် မွေးရပ်မြေသို့ မရောက်သည်မှာ ရှစ်နှစ်ရှိခဲ့ပြီ။ မိဘ၊ ဆရာသမားများ၊ သူငယ်ချင်း အပေါင်းအသင်းများနှင့် မတွေ့ရမဆုံရသည်မှာလည်း ကြာခဲ့ပြီဖြစ်သည်။ သူငယ်ချင်းများကလည်း အလုပ်ကိုယ်စီနှင့် တစ်မြို့တစ်နယ်စီဝေးကွာနေ၍ မဆုံနိုင်ကြတော့ပေ။

ကျန်သောသူငယ်ချင်း အပေါင်းအသင်းများက ဒီဇင်ဘာလရောက်တိုင်း မြတ်ဆရာပူဇော်ပွဲတွင်ဆုံတွေ့ခဲ့ရသော်လည်း စာရေးသူမှာ ကိုယ့်အခြေအနေနှင့်ကိုယ်မို့ မသွားရောက်နိုင်ခဲ့ပေ။ ယနေ့အချိန်တွင် မိုဘိုင်းဖုန်းများ မှိုလိုပေါက်ပေါ်များနေလေတော့ နယ်ခံသူငယ်ချင်းများက "ဒီနှစ် ဆရာကန်တော့ပွဲတော့လာခဲ့ပါသူငယ်ချင်းရယ်၊ မဆုံရတာလည်းကြာပြီ၊ ဆရာ ဆရာတွေကလည်း မင်းကို မေးရှာတယ်"ဆိုကာ အထက (လေးမျက်နှာ)တွင် တာဝန်ထမ်းဆောင်နေသေ ၁ အထက်တန်းပြဆရာ ဦးသန်းထွဋ်က ဖုန်းဆက်အကြောင်းကြားသည်။

"လာခဲ့ပါသူငယ်ချင်းရာ။ ဒီနှစ်ရဲ့ ဆရာကန်တော့ပွဲက ဒီဇင်ဘာ ၂၆ ရက်မှာကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၅ ရက်မှာကျင်းပမယ်။ပင်စင်စား သက်ကြီး

> ''ငါတို့တပည့်တွေကို ငါတို့ထက် သာနေရမယ်''ဟု စာရေးသူ၏ ဆရာ ဆရာမများ အမြဲပြောဆို ဆုံးမတတ်ပြီး ''စာတော်အောင်လုပ်ကြ''ဟု အမြဲဆုံးမသည်။ ရုံးဌာနများ၌ အလုပ်လုပ်ကြရာတွင် ဆရာများ ဂုဏ်ကျေးဇူးကို ပိုမိုသတိရလာသည်

ဆရာ ဆရာမကြီး ၈၉ ဦးကို ကန်တော့ကြမှာဖြစ်တယ်။ အဌမအကြိမ်ရှိပြီး သူငယ်ချင်းကတစ်နှစ်မှမရောက်သေးလို့ လာခဲ့ပါလို့"တစ်ဖွဖွခေါ်ရှာသော်လည်း ကိုယ့်အလုပ်အနေအထားရသော်လည်းကောင်း၊ မိသားစုအရေးကြောင့်သော် လည်းကောင်း မသွားရောက်နိုင်ခဲ့ပေ။

ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင် ဆရာဆိုသည်မှာ ကျောင်းနေဖူးသူတိုင်းရှိကြသည်။သင်ကြားပေးသော ဆရာများသည် မိမိက မူပြ၊ လယ်ပြ၊ ထက်ပြရာထူးများတွင်ရှိနေလင့်ကစား မိမိပညာသင်ပေးသော တပည့်များကို စစ်ဗိုလ်ကြီး၊ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ အရာရှိကြီးများဖြစ်စေချင်ကြသည်။

ယင်းမှာ ဆရာတိုင်း၏ ဆန္ဒပင်ဖြစ်ပြီး မိမိတို့ သင်ပေးလိုက်သော "ငါတို့တပည့်တွေ ငါတို့ထက်သာ နေရမယ်"ဟု စာရေးသူ၏ ဆရာ ဆရာမများ အမြဲပြောဆို ဆုံးမတတ်ပြီး "စာတော်အောင်လုပ်ကြ"ဟု အမြဲဆုံးမသည်။ ယနေ့အချိန်တွင် မိမိတို့သည်လည်း ရုံးဌာနများ၌ တာဝန်ထမ်းဆောင်နေရပြီး ဆရာ ဆရာမများ၏ ဂုဏ်ကျေးဇူးကို ပို၍အသိတရားရလာခဲ့သည်။

ထို့ကြောင့်လည်း ဆရာသင်္ချာဦးမြင့်၏ "တပည့်များသို့တမ်းချင်း"ဟူသည့် ကဗျာလေးကို ရင်ထဲစွဲအောင် ဖတ်ထားမိသည်။

"တပည့်များစွာ၊ ငါနှင့်ဝေးရာ၊ ခွဲခွာသွားလို့၊ ကြာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်၊ ရှိခဲ့ပြီကွယ်၊ ငါ့မှာမေ့မရ၊ တစ်နေ့တစ်ရက်မှ၊ ငါတပည့်များ၊ ပြည့်စုံပါစေ. . . . .

ငါ့ထက်များစွာ၊ ငါ့ထက်သာလို့၊ တိုးတက်ကြီးပွား၊ ရှိပါလေစ၊ ငါ့မှာစိုးထိတ်၊ တထိတ်ထိတ်နဲ့၊ အိပ်စက်မပျော်၊ တရေးနိုးသော်မှ၊ မြတ်ဘုရားထံ၊ တောင်းဆုပွားလျက်၊ ပို့သမေတ္တာမပျက်ခဲ့ပါ. . . .

အောက်မေ့တမ်းတ၊ သတိရလျက်ပါ၊ တပည့်တို့ရာ. "

ဟူသော ကဗျာလေးပင်ဖြစ်သည်။ ဆရာဆိုသည်မှာ ကလေးဘဝတွင် ကကြီး၊ ခခွေးကစပြီး အခြေခံကိုပိုင်နိုင်စွာသင်ပြပေးခဲ့သည်မှစ၍ ဘွဲ့ရသည်အထိ သင်ကြားပေးခဲ့သောသူများဖြစ်သည်။ ဤကဲ့သို့သောဆရာများကို အနန္တဂိုဏ်းဝင်ဟူ၍ခေါ်ဆိုသည်။

ထိုကဲ့သို့ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမ သက်ကြီးပင်စင်စားများကို တပည့်များကစုပေါင်း၍ တတ်အားသရွေ့ ပူဇော်ကန်တော့သော အာစရိယပူဇော်ပွဲကို နယ်တိုင်း၊ ကျောင်းတိုင်းလိုလိုကျင်းပနေသည်မှာ တွေ့နေ၊ ကြားနေရပေသည်။

ယခုနှစ်တွင် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ခဲ့သည်မှာ ပြီးခဲ့သည့်ရက်က စာရေးသူ၏ဌာနကြီးမှူးကခေါ်၍ ၎င်းတို့ငယ်စဉ်က ကျောင်းနေခဲ့သော ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထက(ဗလဗ)ကျောင်း၏ အဌမအကြိမ် ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်ဆိုသည့် သတင်းတိုလေးတစ်ပုဒ်ရေးခိုင်း၍ ရေးပေးခဲ့ရသည်။ တိုက်ဆိုင်သည်မှာ စာရေးသူတို့ အထက (လေးမျက်နှာ)၏ ဆရာကန်တော့ပွဲလုပ်မည့် အကြိမ်အရေအတွက်၊ နေ့ရက်နှင့် တစ်ထပ်တည်း တူညီနေခြင်းဖြစ်သည်။

သက်ကြီးဝါကြီးပင်စင်စား ဆရာ ဆရာမများကို ပူဇော်ကန်တော့ခြင်းသည် မြန်မာတို့၏ရိုးရာဓလေ့ဖြစ်သည်။ "ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာဖြစ်သည်။

ထိုကဲ့သို့ မြတ်သောမင်္ဂလာရှိသော အထက (လေးမျက်နှာ)၏ ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပခဲ့ရာ သက်ရှိထင်ရှား ဆရာ ဆရာမများကို ကိုယ်တိုင်ကန်တော့ခွင့်မရရှိခဲ့သော်လည်း အဝေးရောက်ကန်တော့လိုက်ရရုံမှတစ်ပါး မွေးရပ်မြေသို့ တမ်းတမိလျက်. . .

---

## ယောနယ်ဖွား ဆရာတော်များအား ယောပညာသင်ထောက်ပံ့ရေးအဖွဲ့က လှူဒါန်း



**မန္တလေး ဒီဇင်ဘာ ၂၇**

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့မှ ယောနယ်ဖွား ဆရာတော်ကြီးများဖြစ်ကြသည့် အမရပူရမြို့မဟာဂန္ဓာရုံဆရာတော်ကြီး ဘဒ္ဒန္တမဟိန္ဒ၊ တိပိဋကဓရ ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ၊ မဟာအောင်မြေမြို့နယ် ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဘဒ္ဒန္တကောသလ္လဆရာတော်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မာပါမောက္ခ ဘဒ္ဒန္တဥတ္တမ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက မဟာအောင်မြေမြို့နယ် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ ကျင်းပသည်။

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့အနေဖြင့် အလှူရှင်များ၏စုပေါင်းငွေကျပ်သိန်းပေါင်း ၂၀၀၀ကျော်ဖြင့်မတည်ကာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၇ ဦးအား ထောက်ပံ့ငွေမှာ စုစုပေါင်း ငွေကျပ် ၁၁၆ သိန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက်ပညာသင်ထောက်ပံ့ပေးအပ်ရန် ကျောင်းသား ကျောင်းသူစာရင်းကို ဒီဇင်ဘာလကုန်အထိ ဆောမြို့၌ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

### လှိုင်းဘွဲ့မြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ စာကြည့်တိုက်မှူးများနှင့်တွဲဖက်စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၂၃ရက် နံနက်၈နာရီခွဲက ရွှေဂွန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။ အဆိုပါကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာဖတ်သူများအလွယ်တကူစာပေများကို ငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် စာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းဖြစ် သည်။ သင်တန်းသို့ ကျေးရွာခုနစ်အုပ်စုမှ စာကြည့်တိုက်မှူး ၂၀ တက်ရောက်ခဲ့ကြောင်းနှင့် ဒုတိယအကြိမ် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို လှိုင်ဘွဲ့မြို့ ပြည်သူ့စာကြည့်တိုက်၌ ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

### မြန်မာ့မီးရထားအငြိမ်းစားဝန်ထမ်းများ ငွေရတုအထိမ်းအမှတ်ပြုလုပ်

မြန်မာ့မီးရထားအငြိမ်းစားများ (အသင်း) ငွေရတုအထိမ်းအမှတ်အဖြစ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ ယနေ့နံနက် ၉ နာရီခွဲက မြစ်ငယ်မီးရထားစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) စက်ရုံအထွေထွေမန်နေဂျာဦးတင်မောင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာ့မီးရထား အငြိမ်းစားများကိုယ်စား အသင်းဝင်ဦးကြီးစိန်နှင့် ဦးမြသောင်းတို့က အသင်း၏ရည်ရွယ်ချက်နှင့် အသင်းရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး ပြောကြားပြီး တက်ရောက်လာသော မီးရထားအငြိမ်းစားဝန်ထမ်းများကို သိုးမွေးတဘက်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

### ညောင်လေးပင်မြို့နယ်၌လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ၊ နံရံကပ်နှင့်ဓာတ်ပုံပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က အထက (၁)ကျောင်းရှိ ပညာ့ဂုဏ်ရည်ခန်းမ၌ကျင်းပသည်။ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီနီဝင်းက စာပေဖတ်ရှုရခြင်းအကျိုးကျေးဇူးများ အကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ စာအုပ်စာတမ်းများကို စာကြည့်တိုက်အတွက် လှူဒါန်းပေးခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

## တမုတ်ရှင်ပင်ရွှေဂူကြီး ဘုရားအနေကဇာတင်

**ကျောက်ဆည် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ပင်စောက်ကျေးရွာ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်မုခ်ဦးဖွင့်ပွဲနှင့် ကောက်သစ်ဦး (ကောက်ဦး) ဆွမ်းလောင်းလှူရာပြည့်ပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်ကကျင်းပရာ အလှူရှင်များနှင့် ဒေသခံများ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် အလှူရှင်များက အမရပူရ မဟာဂန္ဓာရုံ မဟာနာယက ဘဒ္ဒန္တနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား ကောက်သစ်ဦး(ကောက်ဦး) ဆွမ်းလောင်းရာပြည့်ပွဲတော် ကျင်းပခဲ့ကြသည်။ **ခင်မောင်လွင်**

## မြစ်ရေနှစ်ကြိမ်ဝင်၍ စိုက်ပျိုးချိန်နောက်ကျသော်လည်း စပါးဖြစ်ထွန်း

**ရေစကြို ဒီဇင်ဘာ ၂၇**

ရေစကြိုမြို့နယ်တွင် ဩဂုတ်လနှင့် စက်တင်ဘာလများက မြစ်ရေနှစ်ကြိမ် ဝင်ရောက်ခဲ့ရာ မြစ်ရေများပြန်ကျသွားပြီးနောက် လယ်ယာမြေများတွင် နုန်းနွံများ တင်ကျန်ခဲ့၍ ချက်ချင်းထွန်ယက်၍ မရဘဲ စောင့်ဆိုင်းနေကြရသော ကြောင့် မိုးစပါးစိုက်ပျိုးရက်ထက် နောက်ကျခဲ့သော်လည်း ယခုအခါ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လယ်တွေက ရွှေချောင်း လျှပ်စစ်မြစ်ရေတင် ရေသောက် ဧရိယာမှာရှိတော့ မြစ်နဲ့လည်းနီး၊ ရေကလည်းနှစ်ကြိမ်ဝင်၊ မြစ်ရေကျသွားပြန်တော့လည်း နုန်းနွံတွေက အများအပြားတင်ကျန်ခဲ့တယ်။ နွားထွန်ဝင်ပြန်တော့ ကျွံတယ်၊ ထွန်စက်ကြီးလည်းဝင်မရဘူး။ အဲဒီတော့ နုံညွန်ကင်းအောင် စောင့်သူကစောင့်နေကြပြီး တချို့ကလည်း နုန်းနွံတွေ ဖယ်ထုတ်နဲ့ အရင်နှစ်တွေကထက် စိုက်ပျိုးရက် နောက်ကျခဲ့တယ်။ ကျွန်တော်ကတော့ နုန်းနွံတွေကိုဖယ်ထုတ်မနေတော့ဘဲ စေးကပ်နေတာရယ်၊ စိုက်ရက်နောက်ကျတာရယ်ကြောင့် စပါးတွေကောင်းမှကောင်းပါ့မလားလို့စိတ်ပူခဲ့မိတယ်။ အခုတော့ စပါးပင်တွေကသန်ပြီး ပင်ပွားအားလည်းကောင်း၊ အသီးတွေကလည်း အောင်မြင်ဆိုတော့ အထွက်နှုန်းတောင်တိုးမလားပဲ၊ အခုစပါးတွေ မှည့်လို့ ရေပြန်ထုတ်နေတယ်။မကြာမီ ရိတ်တော့မယ်" ဟု တောင်သူဦးချမ်းအေးက ပြောပြသည်။

" ကျွန်တော်တို့ဌာနက မျိုးစပါးကို အချိန်မီဖြန့်ဖြူးပေးခဲ့ပါတယ်။ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာအကူအညီပေးနိုင်ခဲ့လို့ လျာထားဧက ၆၁၀ကို အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးတဲ့စပါးမျိုးတွေကတော့ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ ပုလဲသွယ်စပါးတွေ ဖြစ်ပါတယ်။ နည်းနည်းစောတဲ့ အကွက်တွေကတော့ မကြာမီရိတ်သိမ်းမှာပါ။ မိုးစပါး တွေအားလုံးရိတ်သိမ်းပြီးရင် နွေစပါး တွေပြန်လည်စိုက်ပျိုးမှာပါ" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်က မြေပြင်စိုက်ပျိုးထားရှိမှုနှင့် အထွက်နှုန်းကို ရှင်းလင်းပြောကြားသည်။

ရေစကြိုမြို့နယ်သည် မြစ်ရေကြီးခြင်းနှင့် မိုးများခြင်းများကို ကြုံရသော်လည်း ပြန်လည်စိုက်ပျိုးမှု အဆင်ပြေကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## မော်လိုက်ဒေသခံများ စုပေါင်းလမ်းလျှောက်

**မော်လိုက် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ဒီဇင်ဘာအားကစားလ နောက်ဆုံးအပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၆နာရီက ကျင်းပရာ စုရပ်မှ စတင်ကာ ပြည်သူ့အားကစားကွင်းပြန်လည်ရောက်ရှိသည်အထိ မြို့တစ်ပတ် လမ်းလျှောက်ခဲ့ကြကြောင်းသိရသည်။ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ ၁ /၂ ကို စုပေါင်းလုပ်ဆောင်ခဲ့ကြပြီး ဗလာမပါ က်စမ်းမဲများကို လမ်းလျှောက်ပွဲသို့ လာရောက်ကြသူများ အားလုံးအား မဲဖောက်ပေးခဲ့သည်။ အဆိုပါ ဒီဇင်ဘာလ နောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားလိုက်စားကြသည့် ပြည်သူများ စုပေါင်းပါဝင်ခဲ့ကြသည်။

**မော်လိုက်သား**

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၁၇၄ ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်နှစ်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ၁၀ ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၇ ပါး၊ မဟာဝိဒူအောင်လေးပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ ရက်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်ရာ ပင့်စာများ အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်ကျောင်းတော်ကြီးရှိ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ(ယာယီရုံးခွဲ)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

**(သတင်းစဉ်)**



ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် မဟာရွှေစည်းခုံ စေတီတော်မြတ်ကြီး။

## ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင်မဟာရွှေစည်းခုံ စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**ရမည်းသင်း ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မဟာရွှေစည်းခုံ စေတီတော်မြတ်ကြီး၏ ထီးတော်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းကို မဟာရွှေစည်းခုံဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက် ဂေါပကအဖွဲ့သည် သက်တော်ရှည် ရွှေစည်းခုံကျောင်းဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မဟာရွှေစည်းခုံစေတီတော်မြတ်ကြီးမှာ ပုဂံပြည့်ရှင်ကျော်စွာမင်း သက္ကရာဇ် ၆၄၈/၆၆၅ ခုနှစ်က တတိယအကြိမ်မြောက် ရမည်းသင်းမြို့တည်စဉ်ကပင် မြို့နှင့် တစ်ပြိုင်နက်ပန္နက်တော်ခုနစ်ဌာနတင်ခဲ့ရာတွင် ပါဝင်တည်ထားခဲ့သော ရှေးဟောင်းစေတီတော်မြတ်ကြီးတစ်ဆူဖြစ်သည်။

ယခုလက်ရှိထီးတော်မှာ ၁၉၆၃ ခုနှစ်က လှူဒါန်းခဲ့သည်ဟု သိရပြီး ထီးတော်ကြီး၏ထူးခြားမှုမှာ ရွှေပိန်းချသံထီးတလိုင်းထီး(မွန်ထီး) ဖြစ်သည်ဟု သိရသည်။

နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ထီးတော်ကြီးမှာ ဟောင်းနွမ်းယိုယွင်းနေပြီဖြစ်၍ မဟာရွှေစည်းခုံဂေါပကအဖွဲ့က ပြန်လည်ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး အလှူရှင်များကလည်း ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် လှူဒါန်းလျက်ရှိရာ ကုသိုလ်ရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ မဟာရွှေစည်းခုံစေတီတော်မြတ်ကြီး ရမည်းသင်းမြို့ ဖုန်း ၀၉-၄၀၂၇၃၇၁၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အတ်ကလေး-ရမည်းသင်း**

## တွံတေးမြို့နှစ်ကျိုပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်း လှည့်လည်အပူဇော်ခံ

**တွံတေး ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ (၃၈)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ လှည့်လည်အပူဇော်ခံပွဲကို နတ်တော်လပြည့်နေ့ ညနေ ၅နာရီမှစ၍ မြို့တွင်းသို့ ဒေသစာရီ ကြွချီအပူဇော်ခံလျက်ရှိကြောင်း သိရသည်။

ထို့အပြင်နတ်တော်လပြည့်နေ့မှစ၍ ဇာတ်၊ ပျော်ပွဲရှင်ပွဲများဖြင့် လပြည့်ကျော်၂ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကို မြို့ပေါ်ရှစ်ရပ်ကွက်အပြင် ကျေးရွာ ၂၀ ပါဝင်လာသည့်အတွက် ပိုမိုစည်ကားသိုက်မြိုက်လျက်ရှိသည်။ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များတွင် မီးအလှအပများ၊ အလှပြယာဉ်များ ပါဝင်လာပြီး ကြည်ညိုသပ္ပာယ်စရာဘုရားယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ဆုပေးပွဲကို နတ်တော်လပြည့်ကျော် ၁ ရက်နေ့ ည ၈ နာရီတွင် ရွှေဆံတော်စေတီရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆုငွေကျပ်သုံးသိန်း၊ နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## ရန်ကုန်မြို့တွင်း ယာဉ်ရပ်နားရန်နေရာဦးခြင်း၊ စီးပွားဖြစ်လုပ်ငန်း အသုံးချခြင်းတို့ကို ဥပဒေအရအရေးယူရန် လိုအပ်နေ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့ပါးရန်အတွက် ယာဉ်ရပ်နားရန်နေရာများကို ကားလမ်းဘေး တစ်ဖက် တစ်ချက်၌ပြုလုပ်ခဲ့ပြီး အခမဲ့ ရပ်နားခွင့်ပြုခဲ့သည်။ ထို့အတူ ရန်ကုန်မြို့တွင်းလမ်းသွယ်အချို့တွင် ရေမြောင်း အသစ်ချဲ့ထွင်ခြင်းနှင့်အတူ ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်လာသည်ကို မြင်တွေ့ရသည်။

သွားလာနေသောစက်တပ်ယာဉ်များ လွယ်လင့်တကူ ရပ်နားရန် အများပြည်သူများသွားလာနေသော လူသွားပလက်ဖောင်းများကို ဖျက်၍လမ်းသွယ်အချို့တွင် ယာဉ်ရပ်နားရန်နေရာပြုလုပ်ပေးလျက်ရှိသည်။ အများပြည်သူအနေဖြင့် ရေမြောင်းအသစ်မြောင်းဖုံးပေါ်မှသာ သွားလာနိုင်မည်ဖြစ်သည်။ ယခင်က ယင်းလမ်းများတွင် လမ်းနှင့်အပြိုင်ရပ်နားရာမှ တိုက်ခန်းများရှေ့ယာဉ်နောက်ပိုင်းပေးရပ်နိုင်လာသဖြင့် ယင်းလမ်းသွယ်များတွင် ယာဉ်ရပ်နားနိုင်မှုအရေအတွက်ပိုများလာသည်။

မြို့တွင်း ကားလမ်းမဘေးရှိ ယာဉ်ရပ်နားရန်နေရာများတွင် စီးပွားဖြစ် ဈေးတည်ခင်းရောင်းချခြင်း၊ အဝေးပြေးကုန်စည် ပို့ဆောင်ရေး ကားဂိတ်များအဖြစ် အသုံးချခြင်း၊ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းကားဂိတ်များအဖြစ်အသုံးချခြင်း၊ အဝေးပြေးခရီးသည်တင် ယာဉ်အို-ယာဉ်ဟောင်းများ နှစ်ချီရပ်ထားခြင်းများ လမ်းမတော်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်အပါအဝင် နေရာအများအပြားတွင် မြင်တွေ့နေရဆဲဖြစ်သည်။ လမ်းဘေးစီးပွားဖြစ် ဈေးတည်ခင်းရောင်းချရန်အတွက် ယာဉ်များရပ်၍ နေရာဦးပြီး ဈေးတည်ခင်းရောင်းချချိန်တွင် ယာဉ်မရပ်ဘဲ ဈေးဆိုင်နေရာအဖြစ် ပြောင်းလဲ အသုံးချခြင်းများအဖြစ် တွေ့ရသည်။

ကားလမ်းမတန်းတိုက်ခန်းငှားခမှာ ကျပ်ဆယ်ဂဏန်းအထက်ရှိနေကြရာ တိုက်ခန်းငှားခပေးရန်မလိုဘဲ ဈေးတည်ခင်းရောင်းချနိုင်သည့် လမ်းဘေးယာဉ်ရပ်နားရန်နေရာများတွင် မော်တော်ယာဉ်ရပ်ရန်နေရာဦးခြင်းများ ရှိလာသည်။ စီးပွားဖြစ်ဈေးတည်ခင်းရောင်းချမှုသည် ယာဉ်ရပ်ရန်နေရာတွင်သာမက လမ်းဘေးကားလမ်းအခွန်ယာဉ်ကြောများပေါ်သို့ ရောက်ရှိနေရာ ယာဉ်များသည် လမ်းလယ်ကြောပေါ်မှ သွားလာနေရသည်ကို နေ့လယ်ပိုင်းမှ ညပိုင်းအထိ ရန်ကုန်မြို့တွင်း၌ မြင်တွေ့နေရဆဲဖြစ်သည်ဟု လိုင်းကားစီးခရီးသွားများက ပြောဆိုနေကြသည်။

အချို့သောတိုက်ခန်းများရှေ့၌ ဈေးရောင်းချရာတွင် စည်ပင်ပိုင်မြေဖြစ်သော်လည်း တိုက်ခန်းပိုင်ရှင်အား နေ့ကြေး၊ ညကြေး ပေးဆောင်ရသည်ကို မြင်တွေ့ရသည်။ မိမိတိုက်ခန်းရှေ့လမ်းဘေးဈေးရောင်းမှုမှ တစ်နေ့လျှင် တိုက်ခန်းပိုင်ရှင်အနေဖြင့် ငွေကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်းပေးမှ ရောင်းခွင့်ရရှိသည်ဟုဆိုသည်။ ရန်ကုန်မြို့လယ်တွင်သာမက အလုံမြို့နယ် အတွင်း၌ပင် ယင်းသို့ စည်ပင်ပိုင်မြေ ဈေးရောင်းချရာမှ တိုက်ခန်းပိုင်ရှင်သို့ ဈေးရောင်းချခွင့်ငွေ နေ့စဉ်ပေးဆောင်မှုရှိနေဆဲဖြစ်သည်ဟု ယင်းမြို့နယ်အတွင်း ပန်းရောင်းချသူတစ်ဦးက ပြောသည်။

ယင်းအပြင် လမ်းဘေးဈေးရောင်းချသူများအနေဖြင့် မိမိရောင်းချသော စည်ပင်မြေပေါ်မှ အကွက်ငယ်တစ်ကွက်ကို တစ်ဦးနှင့်တစ်ဦး လွှဲပြောင်းရောင်းချမှုရှိတတ်ကြသည်။ လွှဲပြောင်းရောင်းချသည့်အတွက်ပေးရသည်ငွေကြေး ကျပ်သိန်းဂဏန်းချီရှိခဲ့သည်။ သက်ဆိုင်ရာမှ ဝင်ငွေနည်းပြည်သူများအတွက် ဖြေလျှော့မှုပေးခဲ့သည့်အတွက် ရန်ကုန်မြို့တွင်း လမ်းဘေးဈေးသည် ပိုမိုများပြားလာပြီး ယာဉ်ရပ်ရန်နေရာများအပြင် လူသွားလမ်းများအပေါ်လုပ်ဆောင်လာသဖြင့် လမ်းသွား လမ်းလာများ ကားလမ်းမပေါ်နေ့စဉ် သွားလာနေရသည်ဟု ဆိုသည်။

လမ်းသွယ်များအတွင်း ကားရပ်ရန်နေရာဦးခြင်းနှင့် ပတ်သက်၍ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပညာပေးလုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တရားစွဲမည်ဆိုသောသတင်းကို ဒီဇင်ဘာ ၂၆ ရက်တွင် ပုဂ္ဂလိကမီဒီယာတွင် ဖတ်ရှုရသည်။

ယခုလတတိယပတ်အတွင်း ရန်ကုန်မြို့တွင်းတိုက်တစ်တိုက်တည်းနေ လေးလွှာနှင့် ခြောက်လွှာနေထိုင်သူတို့၏ ကားရပ်ရန် နေရာကိစ္စကြောင့် စကားအချေအတင်ဖြစ်ပြီး ခားထိုးမှုပါဖြစ်၍ လူသေဆုံးမှုဖြစ်ခဲ့သည်။ ယင်းမြို့နယ်တွင်း ကားလမ်းမတန်းများတွင် သက်ဆိုင်ရာက နေရာဦးပစ္စည်းများ လိုက်လံသိမ်းဆည်းမှုကို ယင်းဖြစ်စဉ်ဖြစ်ပွားပြီး ရက်အနည်းငယ်အကြာတွင် လုပ်ဆောင်ခဲ့သည်ဟု မြို့တော်သတင်းစာတွင် သတင်းဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သည်။ သို့သော် လမ်းသွယ်များတွင် နေရာဦးပစ္စည်းမျိုးစုံ ယနေ့တိုင်မြင်တွေ့ရဆဲဖြစ်သည်။

**ခင်ဆိုင်**




တိုက်ခန်းများရှေ့ ရပ်နားထားသည့်ယာဉ်များနှင့် သတိပေးဆိုင်းဘုတ်ကိုတွေ့ရစဉ်။

# ဒီဇင်ဘာလစတုတ္ထပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင် ဦးဆောင်သော ဒီဇင်ဘာအားကစား (စတုတ္ထပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၅ နာရီခွဲက ကျင်းပခဲ့ရာ မြို့နယ်အတွင်း ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများပါဝင်၍ (၈)မိုင်လမ်းဆုံ မြိုင်ဟေဝန်ပန်းခြံစုရပ်မှ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ တံတားလေးလမ်းဝ စွယ်တော်လမ်းအတိုင်း နှစ်မိုင်ခန့်စုပေါင်း လမ်းလျှောက်ခဲ့ကြပြီး ကန်တော်မင်္ဂလာအနီး ယာဉ်ရပ်နားရာစခန်း လွင်ပြင်၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ထိုင်းငါးဖမ်းလုပ်ငန်း ဥပဒေသစ်ပြဌာန်း

**ဗန်ကောက် ဒီဇင်ဘာ ၂၇**

ထိုင်းငါးဖမ်းလုပ်ငန်းကို အမည်ဆိုးစာရင်းအဖြစ် ဥရောပသမဂ္ဂအဖွဲ့က အဝါကတ်ပေးခဲ့သည့်နောက်ပိုင်း ထိုင်းအစိုးရက ငါးဖမ်းလုပ်ငန်း စနစ်တကျဖြစ်ရေး ဥပဒေအသစ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဝါကတ်ရပြီးနောက် နှစ်ရက်တွင် ထိုင်းအစိုးရက နိုင်ငံခြားရေးဝန်ကြီးကို အီးယူအဖွဲ့ဆီသို့ သွားရောက်ဆွေးနွေးရန် စေလွှတ်လိုက်ကြောင်း၊ ထိုင်းက ငါးဖမ်းလုပ်ငန်းပြဿနာများကို လျစ်လျူမရှုခဲ့ကြောင်း သတင်းမှာရေးသားဖော်ပြထားကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ဥပဒေကျူးလွန်သူကို ပေါ့ပါးသောပြစ်ဒဏ်သာပေးခဲ့၍ဖြစ်ကြောင်း၊ လူကုန်ကူးတရားမဝင် ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာ၊ သဘာဝပတ်ဝန်းကျင်နှင့် တရားမဝင်အလုပ်သမားစေခိုင်းမှု စသည့်ပြဿနာများဖြေရှင်းရန်အတွက် ငါးဖမ်းဥပဒေသစ်တစ်ခုချမှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေတွင် ငါးဖမ်းလှေတိုင်း မှတ်ပုံတင်ရမည်၊ ငါးဖမ်းကိရိယာအသုံးပြုတိုင်းတင်ပြရမည်၊ တရားမဝင် ရွှေ့ပြောင်းငါးဖမ်းအလုပ်သမားတိုင်း မှတ်ပုံတင်ပန်းရောင်ကတ်ထုတ်ပေးရမည် စသည့် ၂၀၁၅ ငါးဖမ်းဥပဒေအသစ်အား ပြဋ္ဌာန်းရန် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် မဲခွဲဆုံးဖြတ်စနစ်ဖြင့် ပြုလုပ်ရာ သဘောတူမဲ ၁၇၂ မဲ သဘောမတူမဲ ၁ မဲနှင့် မဲမပေးသူ ၅မဲ ဖြင့် အနိုင်ရပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံထုတ်သတင်းစာများ၌ ဖော်ပြခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း -IPRD)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနား စက်စဲအထကတွင် ကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် အေးရိပ်မြိုင်ကျောင်းဆောင်သစ်အားအလှူရှင်မှ ပညာရေးဌာနသို့ လွှဲပြောင်းခြင်းနှင့် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင်က လှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် (21 Paradise Hotel) ပိုင်ရှင် ဦးခင်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းညိုတို့က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး ကျောင်းဆောင်သစ်အား ပြည်နယ်ဝန်ကြီးများဖြစ်ကြသော ဒေါက်တာလှဦး၊ ဦးမျိုးညွန့်၊ ဒေါက်တာတိုးတိုးအောင်နှင့် အလှူရှင်ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား ဝန်ကြီးချုပ်က စက်လုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျောင်းဆောင်သစ်အား အလှူရှင် ဦးခင်ဝင်း (21 Paradise Hotel)က ၄င်း၏ (၆၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ပေ ၁၂၀ ပေ ၃၀ RC တစ်ထပ်အဆောက်အအုံနှင့် ပရိဘောဂ လျှပ်စစ်မီးအပြည့်အစုံ တန်ဖိုးငွေကျပ် သိန်း ၇၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်/ပြန်ဆက်)**

# ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

**ထိန်တော ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ထိန်တောမြို့နယ် မြို့လျှပ်စစ်မှူး၏ အုပ်ချုပ်မှုနယ်မြေအတွင်း ထောက်ကြန့်ရပ်ကွက်တွင် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၁၁/ ၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးတို့ကို တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် မြို့လျှပ်စစ်မှူး ဦးဇာနည်မျိုး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက တည်ဆောက်ခဲ့ရာ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ တည်ဆောက်ပေးခြင်းကြောင့် အကျိုးသက်ရောက်မှုအနေဖြင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပြီး အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေး၍ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ဒစ်ဂျစ်တယ်မီးပွိုင့်များပင် မထိန်းသိမ်းနိုင်တော့သည့် ရန်ကုန်ယာဉ်ကြောပိတ်ဆို့မှုများ ကြိုးစားရှင်းလင်းနေရ

၂၀၁၅ ခုနှစ် နှစ်လယ်လောက်ကတည်းကပင် မြို့တွင်းယာဉ်ကြောများ ပိုမိုကျပ်တည်းလာခဲ့သည် သာမက မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ လမ်းတိုင်း ယခင်ကထက်ယာဉ်ကြောများ ပိုမိုကျပ်တည်းလာခဲ့သည်။

ဆိပ်ကမ်းရောက် ကားများတင်သွင်းမှုကြောင့် ကားသစ်များ အစဉ်မပြတ်ဝင်ရောက်မှုကလည်း ယာဉ်ကြောကျပ်တည်းခြင်း၏ အဓိကအကြောင်းများပင် ဖြစ်သည်။

ယာဉ်ကြောကျပ်တည်းခြင်းမှာ ရုံးဖွင့်ရက် ရုံးတက်၊ ရုံးဆင်းချိန်မှသာ ကျပ်တည်းခြင်းမဟုတ်၊ နေ့ခင်းပိုင်းမှာပင် ယာဉ်ကြောရှင်းနေသည်ကို မတွေ့ရပေ။ ရန်ကုန်မြို့အတွင်း၌ ရုံးပိတ်ရက်၊ ဈေးပိတ်ရက်သာလျှင် ယာဉ်ကြောအနည်း ငယ်ရှင်းသည်ကို လေ့လာတွေ့ရသည်။ မြို့တွင်းလမ်းမကြီးလေးလမ်း အနက် အနော်ရထာလမ်းမကြီးသည် ယာဉ်ကြော အကျပ်တည်းဆုံးလမ်းဖြစ်လာသည်။

အနော်ရထာလမ်း လမ်း ၅၀ မှတ်တိုင်မှစ၍ လိုင်းကားစီးရာတွင် ကုန်ဈေးတန်းမှ မှတ်တိုင်ရောက်ရန် တစ်နာရီခန့်ကားပေါ်တွင် အချိန်ကုန်ခဲ့ဖူးသည်။ စိတ်မရှည်စရာတွင် မီးပွိုင့်မှာ အနော်ရထာနှင့် ဆူးလေဘုရားလမ်းဆုံမီး ပွိုင့် ဖြစ်သည်။ လမ်း ၄၀ မှ ဆူးလေဘုရားလမ်းမီးပွိုင့်ကို ဖြတ်ကျော်ရန် အနည်းဆုံး သုံးခါမှ လေးခါအထိ မီးပွိုင့်အပြောင်းအလဲကို စောင့်ရသည်။ အနော်ရထာလမ်းမကြီးထက် ဆူးလေဘုရားလမ်း ယာဉ်ကြောမှာမူ မီးပွိုင့်အချိန်ပေးမှု ပိုမိုများပြားသည်ဟု ယာဉ်မောင်းများက ဆိုကြသည်။ မိမိဘက်လမ်းကြောင်း မီးစိမ်းနေသော်လည်း မကြာခဏ လမ်းဆုံတွင် ကားများ ပိတ်ဆို့နေသည့်အတွက် ကိုယ့်ကားရှေ့ဆက်မရဘဲ မီးပြန်လည်နီခဲ့ခြင်းကြောင့် ရပ်တန့်ပေးရမှု ကြာမြင့်လာခဲ့သည်။

ဆူးလေဘုရားလမ်းဆုံမီးပွိုင့်မှ ယာဉ်ထိန်းတပ်ကြပ်တစ်ဦး၏ ပြောကြားချက်အရ အနော်ရထာလမ်းကြောအား မီးစိမ်းလွှတ်ပေးမှု စက္ကန့် ၆၀ နှင့် ဆူးလေဘုရားလမ်းကြောကို မီးစိမ်းလွှတ်ပေးမှုတွေကား ၁၅ စက္ကန့်နှင့် လမ်းတည့်လွှတ်ပေးမှုစက္ကန့် ၃၀ ပေးထားကြောင်း ဆိုခဲ့ဖူးသည်။

ယခုအခါ ထိုသတ်မှတ်စက္ကန့်ပိုင်း အချိန်ပေးမှုများမဟုတ်တော့သည်မှာ သေချာသည်။ မီးစိမ်းနေသော်လည်းလမ်းဆုံတွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်ထိန်းရဲများ ကိုယ်တိုင်လမ်းလယ်သို့ထွက်ကာ ရှင်းလင်းနေသည်ကို မြင်တွေ့ရသည်။

မြို့တွင်း၌ယခင်က တပ်ဆင်သောမီးပွိုင့်အဟောင်းများအပြင် မီးပွိုင့်အသစ်များကို ထပ်မံတပ်ဆင်ခဲ့သည်။ ယာဉ်ကြောတစ်လျှောက် မီးပွိုင့်အချက်ပြ ကွဲလွဲမှုကြောင့် ယခုကဲ့သို့ ယာဉ်ကြောများ ပိတ်ဆို့လာခဲ့ခြင်းဖြစ်ကြောင်း၊ မထသ (ဗဟို)မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မထသ(ဗဟို)ဥက္ကဌ ဦးလှအောင်က“နိုင်ငံတကာမှာ မီးပွိုင့်စနစ်နဲ့ ထိန်းချုပ်တဲ့အခါ Software စနစ်နဲ့ ထိန်းချုပ်မှုပြုခဲ့တာပါ။ တစ်နေရာမှာ ယာဉ်ကြောကျပ်တည်းနေရင် မီးပွိုင့်အချက်ပြစနစ်ကို ချက်ချင်းပြောင်းလို့ရတယ်။ အဲ့ဒါကြောင့် ယာဉ်ဘယ်လောက်များများ ယာဉ်ကြောကျပ်တယ်ဆိုတာ မကြုံရဘူး။ အဲဒါ အားသာချက်ပါ။ ပြည်တွင်းမှာက ယာဉ်ကြောကျပ်တည်းမှုကို မီးပွိုင့်တစ်ခုတည်းနဲ့ ထိန်းချုပ်လို့မရနိုင်သေးဘူး” ဟုဆိုခဲ့သည်။

ဆူးလေဘုရားလမ်းနှင့် အနော်ရထားလမ်းဆုံမီးပွိုင့်မှ ယာဉ်ထိန်းရဲတစ်ဦးက “ကျွန်တော်တို့လည်း ယာဉ်ကြောကျပ်တည်းမှု မဖြစ်အောင် အစွမ်းကုန်ဆောင်ရွက်နေပါတယ်။ အခုလောလောဆယ် မီးပွိုင့်အနီးမှာ ယာဉ်ကြောကျပ်တည်းရတာက ရွှေဘုံသာလမ်းဆုံမှာ မြောင်းပြုပြင်နေတဲ့အတွက် နဂိုကထက် ယာဉ်ကြောကျပ်တည်းမှုဖြစ်ရတာပါ” ဟု ဆိုသည်။

“ပြင်ဆင်မှုတွေကို ညဘက်မှာဆောင်ရွက်ကြပြီး နေ့ဘက်မှာကားတွေ သွားလို့ရအောင်ယာယီအခင်းတွေ ပြန်လည်ခင်းထားပေးနိုင်မယ်ဆိုရင် ယာဉ်ကြောက အခုလောက်ကျပ်တည်းစရာအကြောင်းမရှိဘူး”ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရော်ဘာအစိုဓာတ်ထိန်းခြင်း လက်တွေ့ကွင်းဆင်းသရုပ်ပြ

**မုဒုံ ဒီဇင်ဘာ ၂၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) မုဒုံမြို့နယ် ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက်က ရော်ဘာအစိုဓာတ်ထိန်းခြင်း ကွင်းသရုပ်ပြပွဲကို မုဒုံမြို့နယ် ကျုံဖိုက်ရော်ဘာခြံစိုက်ကွင်း၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ဦးစီးအရာရှိဦးဇော်ဝင်းလတ်က အစိုဓာတ်ထိန်းရာတွင် အသုံးပြု၍ရသော ပစ္စည်းများထဲမှ ဆင်ငိုမြက်၊ ဆီအုန်းသီးခိုင်၊ သစ်သီးခွံများ၊ အုန်းခွံ၊ ဆီအုန်းဆံ၊ ကောက်ရိုး၊ ဓာတ်မြေဩဇာအိတ်ခွံနှင့် အခြားစက္ကူထုပ်ပိုးစွပ်ပစ္စည်းများကို အသုံးပြုနိုင်ကြောင်း အများအားဖြင့် ခြံရှင်များက ပေါင်းမြက်နှင့် ကောက်ရိုးကို အသုံးပြုကြသည်။ ကောက်ရိုးဖြင့် အစိုဓာတ်ထိန်းခြင်းကြောင့် နိုက်ထရိုဂျင်၊ မီးဇုန်းဓာတ်၊ ပိုတက်ဆီယံ၊ မဂ္ဂနီဆီယံနှင့်ကာဗွန်ဓာတ်တို့ရရှိသည့်အတွက် ခြံရှင်များ ခြောက်လတစ်ကြိမ်နှုန်းဖြင့် ဆောင်ရွက်သင့်ကြောင်းဖြင့် လက်တွေ့စမ်းသပ်တွေ့ရှိချက်ကို ဆွေးနွေးခဲ့သည်။

ယင်းနောက်တက်ရောက်လာသော ရော်ဘာခြံရှင်များ၏ သိရှိလိုသောအချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းပြပြီး ရော်ဘာစိုက်ပျိုးနေသူခြံရှင်များကို စိုက်ကွင်းအလိုက် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မုဒုံ–မောင်မောင်**



# မအူပင်အထွေထွေရောဂါကုဆေးရုံကြီးအတွက် ဆေးရုံသုံးပစ္စည်းများပေးပို့

**မအူပင် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ မအူပင်ဆေးရုံ၌အသုံးပြုရန် မီးစက် နှစ်လုံး၊ ဓာတ်မှန်အခြောက်ခံစက် တစ်လုံး၊ မီးအားမြှင့်စက်တစ်လုံး၊ ဆေးရုံသုံးဆေးဝါးနှင့် ဓာတ်ခွဲခန်းသုံး လူနာတင်ခုတင်လေးလုံးတို့အား မအူပင်ခရိုင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသင်ထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကန့်ဘလူမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကန့်ဘလူ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ပဲအမျိုးမျိုးတို့ကို ကာဘိုး၊ အင်းလယ်ကြီး၊ ဂါထာ၊ ဆည်ကြီး၊ လိတ္တူ၊ ကိုင်းတော၊ အင်ကြင်းစုစသည့်ကျေးရွာများတွင် စိုက်ပျိုးကြပြီး ဂါထာကျေးရွာနှင့် ဆည်ကြီးကျေးရွာတွင် ကုန်းသီးနှံများကိုသာ အဓိကထား စိုက်ပျိုး၍ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကာဘိုးကျေးရွာတွင် တောရိုင်းမြေများကို ဝယ်ယူ၍ သဲများချပြီး မြေပြုပြင်ကာ ဆောင်းမြေပဲများ စိုက်ပျိုးခဲ့ကြောင်း၊ မြေပဲစိုက်ခင်းများရှိ အပင်များသည် အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီး အထွက်တိုးနိုင်ကြောင်း၊ ထောပတ်ပဲပါ စိုက်ပျိုးထားသဖြင့် ယခုအခါ အစိုတွင် ခူးဆွတ်ရောင်းချနိုင်ပြီဖြစ်၍ ဝင်ငွေရရှိနေပြီဖြစ်ကြောင်း၊ တောရိုင်းမြေဖြစ်သည့်အတွက် ကုန်းသီးနှံသာ အဓိကစိုက်ပျိုးကြောင်း တန့်ဆည်မြို့နယ်၊ သဲကုန်းကျေးရွာမှ စိုက်ပျိုးလုပ်ကိုင်နေသူ ဦးဇော်အောင်က ပြောသည်

ကာဘိုးကျေးရွာတွင် မိုးစပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီး ဆီထွက်သီးနှံများလည်း စိုက်ပျိုးထားကြောင်း ဒေသခံတောင်သူများထံမှ သိရပြီး ကန့်ဘလူမြို့နယ်တွင် ဆောင်းမြေပဲကို ဧက ၃၅၀၀၀ခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျေးလက်ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆပ်သွားကျေးရွာနှင့် စစ်တောင်းမြစ်သို့သွားသည့် အရှည် သုံးမိုင်လေးဖာလုံအရှည်ရှိ မြေသားလမ်းကို မြို့နယ်ကျေးလက်ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိရာ တောင်ငူခရိုင် ကျေးလက်ဦးမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့်အဖွဲ့ ဒီဇင်ဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အချိန်မီပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာနေဒေသခံများမှာ အဆိုပါလမ်းမှပင် ရာသီမရွေးသွားလာကာ သာဂရမြို့သို့လည်းကောင်း၊ မြို့လှမြို့သို့လည်းကောင်း အဆင်ပြေစွာသွားလာနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## သတင်းတိုများ

### အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ စုပေါင်းသွေးလှူ

အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ လစဉ်စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်က အမှတ်(၄)တပ်ခွဲရှိ တပ်ဖွဲ့ဝင် အရာရှိအရာခံအကြပ်တပ်သား စုစုပေါင်း ၅၀ တို့က ဘားအံပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

### ချောက်မြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၅)ရပ်ကွက်ရှိ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦးက အမှာစကားပြောကြားခဲ့သည်။

အဆိုပါကွန်ကရစ် လမ်းကို၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၂၅၀၀ မှ ခွင့်ပြုငွေကျပ် သိန်း ၃၄၀၀၀၀၀နှင့် ပြည်သူ့ထည့်ဝင်ငွေ ၁၂၇၅၀၀၀ ကျပ် စုစုပေါင်းငွေကျပ်သိန်း ၃၆၇၅၀၀၀ ကုန်ကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

### သီတဂူစက္ခုဒါနဆေးရုံတော်တွင် လုပ်အားပေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် သီတဂူဆရာတော်၊ မဒေါက်မြို့ ပန်းငွေရုံတောရဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်နှင့် ပွင့်တန်ဆာမြို့ ဇမ္ဗူအေးတောရ(အင်းဝိုင်း) ဆရာတော်ကြီးများအားအမှူးထား၍ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်ကံနှင့်အဖွဲ့မှ လှူဒါန်းဆောက်လုပ်လျက်ရှိသော ပွင့်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်၌ ဒီဇင်ဘာလတတိယပတ်က လုပ်အားဒါနပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကျောက်ဆိပ်ကျေးရွာအတွင်း စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

ပေါက်တောမြို့နယ်အတွင်း ကျောက်ဆိပ်ကျေးရွာတွင်မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးဖြစ်ထွန်းသော စိုက်ခင်းများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးမှူး ဦးအောင်မြတ်ဦးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ပြန်/ဆက်)**


ဒီလယ်ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-8623188
09-5195949

စိတ်ကူးချိုချိုစာအုပ်တိုက် ၏ နှစ်သစ်ကြို
ဈေးလျှော့နှုန်းစာအုပ်ရောင်းပွဲ
တိုက်ထုတ်စာအုပ်များ တစ်ဦးချင်း ၂၀% ကိုယ်စားလှယ် ၃၀%
၁.၁.၂၀၁၆(သောကြာ)မှ၁၀.၁.၂၀၁၆(တနင်္ဂနွေ)ထိ၊
နံနက်၉နာရီမှညနေ၅း၃၀နာရီထိ။
ရန်ကုန်နှင့် မန္တလေးစိတ်ကူးချိုချိုစာအုပ်ဆိုင်များအားလုံးတွင်
Mya Zin(Win Pe)writing as Zagardaungzar/ The Bamboo Clapper Essays
မိတ်ဆွေဖြစ်စာဖတ်သူများ ပြက္ခဒိန်ထုတ်ယူနိုင်ပါသည်။ စုံစမ်းရန်-၀၉၃၁၂၅၉၅၉၁

ရွှေအိမ်စည်ကမ်း 09425355758, 09255913926
▲ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)▲အလောင်းတော်ကဿပ၊မုံရွာ(သီးသန့်) (၃)ရက်
▲ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်၊ကန်ချိုနှာပူရီ၊အယုဒ္ဓယ၊ပတ္တရား၊ဗန်ကောက်(၈)ရက်→Jan1,8,15
▲တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကဲ့လုံ၊ကက္ကူ၊ထပ်ဖွဲ့စမ်း(၄)ရက် ▲လွိုင်ကော်ပါ(၅)ရက်
▲မန္တလေး၊ကျောက်စိမ်းဘုရား၊စစ်ကိုင်း၊ပြင်ဦးလွင်(၃)ရက် Hotel Package 65000
▲ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ၊သီဟိုဠ်ရှင် (၃)ရက်

ဟိုက်ဘြောလစ်/လေဖိအား
Fully Auto အုတ်ချိတ်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 420035882, 09 73199410
09 420035884, 09 73199257

ပေါ့ပါးလွယ်ကူသည့်... FIRE.Safe မီးသတ်ဆေးဘူး
FIRE.Safe FIRE.Safe 2 FIRE.Safe 3
ဆက်သွယ်မှာယူရန်- 09 440 444444, 09 458 222222
အမြို့မြို့အနယ်နယ်ရှိ Super Market ၊ကုန်တိုက် နှင့် စတိုးဆိုင်ကြီးများတွင်ဝယ်ယူရရှိနိုင်ပါသည်။

Contact : 249561~2
YUZANA GARDEN
ယုဇနဂါးဒင်းဟိုတယ်၏ နှစ်(၂၀)ပြည့် အထိမ်းအမှတ် အဖြစ် (၂၀၁၆)ခုနှစ်အတွင်းကျင်းပသော
မင်္ဂလာဧည့်ခံပွဲများအနက်မှမင်္ဂလာမောင်နှံ စုံတွဲ (၁၀)တွဲအတွက်
အထူးလက်ဆောင်များ ချီးမြှင့်သွားပါမည်။
ဆုချီးမြှင့်ခြင်းအစီအစဉ်အဖြစ်
မင်္ဂလာဧည့်ခံပွဲကုန်ကျစရိတ်၏ (100%)
မင်္ဂလာဧည့်ခံပွဲကုန်ကျစရိတ်၏ (50%)
မင်္ဂလာဧည့်ခံပွဲကုန်ကျစရိတ်၏ (25%)
ကိုပြန်လည်ပေးအပ်သွားမည့်အပြင် အခြားဆုပေါင်း (၇)ဆု...
အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-(၉၅-၁)၂၄၉၅၆၁-၂ ၊ ၂၄၈၉၄၁-၆ ၊ ဖက်စ်-(၉၅-၁)၂၄၀၉၉၄



အခုပဲငွေဖြည့်ပြီး
အပိုလက်ဆောင်ရယူပါ
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊
ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ်ဆိုရန် နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။
အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ်(၂/၂၀၁၅) လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ရရှိသော တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) ရာထူးနေရာများ လစ်လပ်လျက်ရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တရားရေးဝန်ထမ်းအဆင့်(၄) (ဒုတိယမြို့နယ်တရားသူကြီးအဆင့်) ရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံး ဥပဒေဘွဲ့(အယ်လ်အယ်လ်ဘီဘွဲ့)ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (င) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဥပဒေဘွဲ့ရရှိသူဖြစ်ပါက အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကြီးသူဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်(၄)ခုကို ဖြေဆိုရမည်-
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ
- (ဃ) ဥပဒေဘာသာရပ်
  (ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ)

၄။ စာမေးပွဲအစီအစဉ်ကို သတင်းစာများ၌ ထပ်မံကြေညာမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်။

၅။ စာမေးပွဲဝင်ကြေးငွေ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ်(အမ်ဒီ-၀၁၀၂၅၉)သို့ ပေးသွင်းရပါမည် (သို့မဟုတ်) နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၂၅၉)သို့လည်း ပေးသွင်းနိုင်ပါသည်။

၆။ လျှောက်လွှာတွင် လိပ်စာ အပြည့်အစုံ (စာတိုက်အမည်ပါ) ဖော်ပြ၍ လျှောက်လွှာနှင့်အတူ
- (က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း(သို့မဟုတ်) ချလန်မူရင်း
- (ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်
- (ဂ) အမှတ်စာရင်းမိတ္တူမှန်
- (ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ် မိတ္တူမှန်(သို့မဟုတ်) အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ် မိတ္တူမှန်
- (င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ဓာတ်ပုံတစ်ပုံ
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ ၃၁-၁၂-၂၀၁၅ ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၇။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ်တင်ပြနိုင်ရမည်။

၈။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက နှစ်စောင်၊ ဝန်ထမ်းမဟုတ်သူများ တစ်စောင်ဝယ်ယူဖြည့်သွင်း လျှောက်ထားရပါမည်။

၉။ (က) ဝန်ထမ်းများသည် လျှောက်လွှာတစ်စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာတစ်စောင်ကို မိမိတို့ တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။
(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက် အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၀။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၇)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**


**မြန်မာကော်တွန်- ကူမွေ့ဏီ**
- * ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
- * လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
- * Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
- * မွေ့ရာအမျိုးမျိုး ရောင်းချခြင်းနှင့် ပြုပြင်ခြင်း
- * ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက္ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန်အတွက်လိုအပ်သော Vacuum Truck (ရေပုပ်စုပ်ယာဉ်) ၈၀၀ ဂါလန်ဆံ့ ငါးစီးကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၅-၁-၂၀၁၆ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်- မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၃)အဆန်(၄)အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ၊ အမှတ်(၁၁)အဆန်၊ (၁၂)အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ်(၅၇) အဆန်(၅၈) အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ စုစုပေါင်း စားသောက်တွဲ(၆)တွဲကို ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များသို့ သက်တမ်းကာလ (၁)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း ပြည့်စုံစွာဖြည့်စွက်ဖော်ပြနိုင်ရေးအတွက် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃) မန္တလေးရုံးနှင့် မန်နေဂျာ (စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ရုံးတို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပါ ငှားရမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ပြည့်စုံစွာဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထားစီးပွားရေးဌာန ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၁-၁-၂၀၁၆ ရက် မွန်းတည့် ၁၂း၀၀နာရီ နောက်ဆုံးထား ပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၂-၆၆၇၆၄၊၀၁-၃၉၃၄၂၈၊၀၆၇-၇၇၀၈၃၊၀၆၇-၇၇၁၂၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား) အဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၊ ၂၀၁၃-၂၀၁၄ပညာသင်နှစ် B.C.Sc (Hons:)/ B.C.Tech (Hons:) ဘွဲ့သင်တန်းနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် B.C. Sc/ B.C.Tech ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်သူများအတွက် ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)၏ အဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၃-၂-၂၀၁၆ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (နှစ်လက်မ×တစ်လက်မခွဲ)အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၀ရက်အရောက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၏ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များမှ ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက် ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ယခင်နှစ်များမှဘွဲ့ရ စာမေးပွဲအောင်မြင်သူများသည် အဝေးအရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)၊ ငွေစာရင်းဌာနသို့ပေးပို့နိုင်ပါသည်။ ပေးပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်ခဲ့သော ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည် မဟုတ်ပါ။)

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)ရှိ ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။ (ဆက်သွယ်ရန် ဖုန်း-၀၇၄-၂၂၄၉၂၊ ၀၉-၂၆၃၈၄၇၁၂၈)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများတင်သွင်းရန် ကြေညာချက် (၁၁/၂၀၁၅)

### ၁၃၇၇ ခုနှစ် နတ်တော်လဆန်း ၅ရက် (၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မိုင်းရှူးရတနာနယ်မြေ၊ နန့်ယားဆိပ်ရတနာနယ်မြေ၊ ခန္တီးရတနာနယ်မြေ၊ မော်လူး၊ မော်ဟန်ရတနာ နယ်မြေ(မိုးညှင်းရတနာနယ်မြေ)များနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသား ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများကို လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လျှောက်လွှာထုတ်ယူခြင်း တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရန် ကြေညာချက်(၇/၂၀၁၅)ဖြင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်-
- (က) ဖော်ထုတ်လုပ်ကွက်(အသစ်) အဆိုပြုလွှာထုတ်ယူခြင်းကို ၁၃-၇-၂၀၁၅ ရက်မှ ၁၉-၁၀-၂၀၁၅ ရက်အထိလည်းကောင်း၊
- (ခ) ဖော်ထုတ်လုပ်ကွက်(အသစ်) အဆိုပြုလွှာတင်သွင်းခြင်းကို ၁၃-၇-၂၀၁၅ရက်မှ ၁၆-၁၁-၂၀၁၅ ရက်အထိလည်းကောင်း၊

၂။ ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ (၁၂/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ကြေညာချက်(၇/၂၀၁၅)ဖြင့် ဝယ်ယူထားသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများ တင်သွင်းခွင့်ကို ၁၇-၁၂-၂၀၁၅ ရက်မှ ၁၈-၁-၂၀၁၆ ရက်အထိ သက်တမ်းတိုးမြှင့်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန်အတွက် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-
- (က) ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာပုံစံ(မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။
- (ခ) ဖော်ထုတ်လုပ်ကွက်(အသစ်)တစ်ကွက်အတွက် လျှောက်လွှာတစ်စောင်တင်သွင်းရပါမည်။
- (ဂ) လျှောက်လွှာနှင့်အတူ လျှောက်ထားလိုသည့်ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံကြမ်းကို ပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိပ်ပိတ်တင်သွင်းရပါမည်။
- (ဃ) လျှောက်ထားလိုသည့်ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြမြေပုံကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။
- (င) ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားသောမြေနေရာ၏ အပိုဒ်(၃)ပါ အခွင့်တစ်ရပ်ရပ်အတွက် အထောက်အထားတင်ပြရပါမည်။

၄။ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ၁၀၀၀၀၀၀ိ/-(ကျပ်တစ်ဆယ်သိန်း)နှင့် ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်း) ပေးသွင်းရပါမည်။

၅။ အသေးစိတ်သိလိုသည့်အချက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)ရန်ကုန်မြို့တွင်လည်းကောင်း၊ မန္တလေး၊ မိုးကုတ်၊ လုံးခင်း၊ မြစ်ကြီးနား၊ မိုးညှင်း၊ နန့်ယားဆိပ်၊ ခန္တီးနှင့် မိုင်းရှူး(လွိုင်ဆောင်သောက်)တို့တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသည့် လုပ်ငန်းဆိုင်ရာအသင်း(၄)သင်း၏ နှစ်ပတ်လည်အစည်းအဝေးများကျင်းပမည်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းနှင့် မြန်မာနိုင်ငံ ငါး/ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို ၂၀၁၆ခုနှစ် ဇန်နဝါရီ ၃ရက် နံနက် ၉း၀၀နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဆိုပါအသင်း (၄)သင်းမှ အသင်းဝင်များအနေဖြင့် ဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(စမ်းချောင်းမြို့နယ်)

၁။ ကျွန်းတောလမ်းမနီး ပေ(၁၂၁/၂×၅၀)၊မြေညီထပ်(ထပ်ခိုးပါ)၊ကြွေပြားပြည့်ခင်းကပ်၊ MBR(1), BR(1), A/C(2), ရေပူရေအေး၊ အဆင့်မြင့်ပြင်ပြီး(သန့်)။ ၉၉၀ သိန်း
၂။ မြေနီကုန်း ပေ(၂၅×၅၀)ဒုတိယထပ်၊ ကျွန်းပါကေး၊ MBR(1), BR(1), ဘိုထိုင်၊ဖုန်း၊ ဓာတ်လှေကားပါ၊ လူနေခွင့်ကျ၊ပြင်ဆင်ပြီး၊ကွန်ဒိုတိုက်ခန်း အသစ်၊ (၁၄၇၀)သိန်း (ပွဲစားမလို)။

**ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊၀၉-၄၄၉၀၀၂၈၆၅**


## အများသိစေရန်ကြေညာခြင်း

သိန်းနီမြို့၊ အမှတ် (၃)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ မြို့ကွက်အမှတ် (၂)၊ ဦးပိုင် (၅၉)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၀၉ ဧကရှိ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးညွန့်လွင်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ပု

**အသက်(၈၃)နှစ်**

မအူပင်မြို့နယ်၊ သူဌေးကုန်းအုပ်စု၊ မောင်းထောင်ကျေးရွာနေ (ဦးချစ်လှိုင်-ဒေါ်ရွှေအိ)တို့၏သမီး၊ (ဦးဘသင်-ဒေါ်ငွေအေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅၀/င)နေ ဦးသိန်းညွန့်၏ဇနီး၊ ဦးချစ်တိုး(ညွှန်မှူး၊ DHPI)-ဒေါ်ခိုင်သဇ္ဇာဝင့်၊ ဦးသိန်းထွန်းနိုင်(MD၊ ကောင်းထက်မြတ်ကုမ္ပဏီ)-ဒေါ်အေးအေးမိုး၊ ဦးပြည်စိုးမိုး-ဒေါ်တင်မိုးခိုင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်ပု

**အသက်(၈၃)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးချစ်တိုး-ဒေါ်ခိုင်သဇ္ဇာဝင့်တို့၏မိခင်ကြီး ဒေါ်ကျင်ပုသည် ၂၇-၁၂-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့်ဇနီး ဒေါ်ခင်ခင်ကြီး**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကျင်ပု

**အသက်(၈၃)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးချစ်တိုး-ဒေါ်ခိုင်သဇ္ဇာဝင့်တို့၏မိခင်ကြီး ဒေါ်ကျင်ပုသည် ၂၇-၁၂-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်မမလေး

**အသက်(၇၂)နှစ်**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို-ဒေါ်အေးသီတာ(SHINING STAR GEMS & JEWELLERY) (မန္တလေး)၏မိခင်ကြီးသည် ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နန်းစီ(ခ)ဒေါ်အုန်းမြင့်

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက် ၃၀၊ အခန်း ၁၀နေ(ဦးဘိုးမြင့်-ဒေါ်မျှား)တို့၏သမီး၊ ဦးကျော်ငြိမ်း(ငြိမ်း၊ လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)၏ဇနီး၊ ဦးကျော်အေးမြင့်-ဒေါ်စန်းစန်းဝင်း၊ ဦးကျော်မိုး-ဒေါ်အေးဝင်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ခင်အေးနိုင်(တပ်-ချည်ထည်/သမိုင်း)တို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်မြမြ

**ကထိက(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်**
**အဆောင်မှူး ငြိမ်းရတနာဆောင်**
**အသက်(၈၄)နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ် ၁၂၂၉၊ မင်းရဲကျော်စွာလမ်းနေ (ဦးစံထွန်းအောင်-ဒေါ်မိမိလေး)တို့၏သမီး၊ (ဦးရွှေထွန်း)၊ ဦးခင်လတ်တို့၏ညီမ၊ ဦးသိန်းသန်း၊ (ဦးစန်းလွင်)၊ ဦးမင်းအောင် (ဒေါ်မြင့်မြင့်)၊(ဒေါ်ခင်ခင်မျိုး)၊ ဦးညွန့်လွင်တို့၏အစ်မသည် ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း၊ ကန် ဒါယိကာမကြီး

## ဒေါ်သန်းသန်းအေး (ကျောက်တန်း)

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အမှတ် ၁၆၃၊ အရှေ့ကမ်းနားလမ်းနှင့် အမှတ်-D/4-B၊ သဇင်လမ်းသွယ်(၂)၊ လှိုင်ရတနာအိမ်ရာနေ (ဦးသန်းဆွေ)၏ဇနီး၊(ဦးကျော်ကျော်)-ဒေါ်စန်းစန်းဆွေ၊ဦးသက်ဆွေ-ဒေါက်တာထားထားအောင်၊ ဦးကျော်ကျော်ဆွေ-ဒေါ်ခိုင်ခိုင်ဝါ၊ ဦးဉာဏ်ထွန်းအောင်-ဒေါ်သူဇာဆွေ၊ ဦးမြင့်မိုရ်ဟိန်း-ဒေါ်ပိုးသိမ့်သိမ့်ဖြူတို့၏မိခင်၊ ရပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခင်ဇာခြည်ကျော်၊ မောင်ရန်ပိုင်ဦး၊ မောင်ရဲခေါင်ဗလ၊ မောင်ဟိန်းထက်အောင်၊ မအိမ့်မို့အောင်၊ မသက်ထားဆွေ၊ မရတနာခင်၊ မောင်မြင့်မြင့်ပိုင်တို့၏အဘွား၊ မောင်ဘုန်းမင်းနေလ၊ မခင်သစ္စာတို့၏ဘွားဘွားသည် ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောက်တန်းနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါ ကျောက်တန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးဝင်းထိန်

## (ဝင်းဂုဏ်ရောင်ကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ)

## အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Novena Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းထိန် ကောင်းရာသုဂတိလားပါစေ။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးဝင်းထိန်

## (ဝင်းဂုဏ်ရောင်ကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ)

## အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Novena Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဝင်းထိန် ကောင်းရာသုဂတိလားပါစေ။

**ဥက္ကဋ္ဌနှင့်အရာထမ်းဝန်ထမ်းများ**
**ရှမ်းရိုးမကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**
**နီလာရိုးမကျောက်မျက်ရတနာကုမ္ပဏီလီမိတက်**

---

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

## ဦးလှငွေး

**ပစ္စည်းထိန်း(ငြိမ်း)**
**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသင်းဝင်(၀၄၇၅)**
**အသက်(၅၁)နှစ်**

အလုံမြို့နယ်၊ စက်တွင်းလမ်းနေ ဦးလှငွေးသည် ၂၃-၁၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့်၂၅-၁၂-၂၀၁၅ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကိုသိန်းကို(ခ)ကိုပု

**(ကိုပု AC/DC ဒိုင်နမိုမော်တာလုပ်ငန်း)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊မင်းရဲကျော်စွာ ၂လမ်းတို၊ အမှတ် ၄၉၂နေ (ဦးသောင်းရွှေ-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးချစ်မောင်)-ဒေါ်မြရီတို့၏သားသမက်၊(ဦးမြသိန်း)-ဒေါ်သန်းမြင့်တို့၏တူသား၊ ဒေါ်ခင်ဝင်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးကိုကို၏ဖခင်၊(ဦးအေးကို)-ဒေါ်မိမိအောင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးမောင်မောင်သိန်း-ဒေါ်ဝင်းဝင်းရွှေ၊ ဒေါ်အေးအေးဝင်း၊ ဒေါ်သိန်းသိန်းဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးတင်ကို-ဒေါ်ချိုချိုနိုင်၊ဦးသိန်းဦး-ဒေါ်အေးအေးမင်း၊ ဦးသန်းဦး-ဒေါ်စုစုဝင်း၊ ဦးအောင်ကျော်ဦး-ဒေါ်သန်းသန်းမော်၊ ဦးလှမျိုးချစ်-ဒေါ်စန်းစန်းလွင်၊ ဦးအောင်နိုင်ဝင်း-ဒေါ်လှလှညွန့်၊ ဦးစိုးမင်း-ဒေါ်ရွှေစင်တို့၏ညီ/မောင်၊ တူ၊ တူမ ၃၂ယောက်တို့၏ဦးလေး၊မြေးခုနစ်ယောက်၏အဘိုးသည် ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဆရာမဒေါ်စန်းစန်း

**(အမက-၂၉၊ ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၂လမ်း၊ အမှတ် ၉၃၃နေ (ဦးသန်း-ဒေါ်မြ)တို့၏သမီး၊ (ဦးခင်ညွန့်၊ ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်မေစီသန်း (အမက-၂၉၊ တ/၃)၊ (ဦးကိုကိုနိုင်)-ဒေါ်တင်တင်ငွေး၊ မိုလ်မှူးချစ်ညီညီ-ဒေါ်နီလာတင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၆-၁၂-၂၀၁၅ရက်(စနေနေ့) နံနက် ၇း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Pu Sui Khar

**အသက်(၇၁)နှစ်**

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လေတပ်ရွာနေ (Pu Tial Cem-Pi Sal Nawn)တို့၏သား၊ (Pi Tial Thluai)၏ခင်ပွန်း၊ Daw Ni Zi-Pu Ca Kung (တပ်ကြပ်ကြီး၊ လှော်ကားရဲသင်တန်းကျောင်း)၊ Pu Thawng Cin (တပ်ကြပ်)-ဒေါ်သောင်းနု၊ Pi Kai Iang-Pu Than Sai, Daw Sun Doi-ဦးတင်ထူး(ရဲအရာခံ)၊Pu Bawi Hu-Daw Hnin Hnin Aye, Pa Sui Ceu Sang, Daw Sui Tin Tial-U Kyaw Tu Heinတို့၏ဖခင်၊မြေး ၁၃ယောက်၊ မြစ် သုံးယောက်တို့၏ အဘိုးသည် ၂၇-၁၂-၂၀၁၅ရက် နံနက် ၄း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရွှေပြည်သာမြို့နယ်၊ လှော်ကား၊ အောင်သုခ (၁)လမ်း၊ တ/၁၅၊ အမှတ် ၂၁၈၇၌ ဝတ်ပြုဆုတောင်းပြီး လှော်ကား တောကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စမ်းမြင့်(ခ) ဒေါ်ချယ်ရီ

**(မင်္ဂလာဈေးသစ်)**
**အသက်(၆၈)နှစ်**

(ဦးချစ်စိန်-ဒေါ်ညွန့်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ မြေနီ ၅လမ်း၊ အမှတ် ၆၇၆နေ ဦးအောင်သိန်း (တပ်မတော်-လေ၊ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ကိုသန်းနိုင် - မခင်သီတာအောင်၊ ကိုညဏ်လင်းအောင် (ခ) လင်းလင်း-မခင်ဥမ္မာထွန်းတို့၏မိခင်၊ မဝင့်ဝါလင်းထက်ထက်အောင်၊မောင်ထက်ဦးဝေယံ၊ မရှင်းသန့်ဝေယံတို့၏ အဘွားသည် ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၁-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အေး(ခ)ဒေါ်ခင်အေးအေး

**အသက်(၆၆)နှစ်**

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ဓမ္မာရုံလမ်းနေ (ဦးဘသိန်း-ဒေါ်လှ)၏သမီး၊ (ဦးဘတိုး) - ဒေါ်ခင်သိန်း၏ ချွေးမ၊ ဦးခင်မောင်ဆွေ၏ဇနီး၊ ဦးဝင်းထက်ဦး (AE- ဆောက်လုပ်ရေး၊ ရေဦးမြို့)-ဒေါက်တာနှင်းပွင့်ဖြူတို့၏ မိခင်သည် ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၅ရက် ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုနန္ဒ(ဦးပြား) (ကျုံမငေး)

**ရွှေဟင်္သာတိုက်သစ်၊ ရန်ကင်းမြို့နယ်**
**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၂၃)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ မြစိမ်းရပ်ကွက်နေ (ဦးဘသော်-ဒေါ်ငယ်မ)တို့၏သား၊ (ဦးရွှေငါး-ဒေါ်မြမယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ် ၄၇၅နေ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ (ဒုတပ်ကြပ်ညွန့်ရွှေ)၊ ဦးမြင့်သိန်း-ဒေါ်ခင်ငွေးမြင့်၊ ဦးလှငွေး-ဒေါ်စန်းစန်းတင့်၊ ဦးကြည်သန်း-ဒေါ်ခင်ငွေး၊ ဦးမြင့်ဆွေ-ဒေါ်စောမြင့်၊ ဦးဝင်းကြိုင်တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၆-၁၂-၂၀၁၅ရက် နံနက် ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃၀-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနအား ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ရဟန်းသံဃာတော်များနှင့် ကျန်ရစ်သူမိသားစု

---

## ဒေါက်တာစမ်းစမ်း

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းနေ [ဦးသိန်းမောင်(စာရေးဆရာထင်လင်း)-ဒေါ်ခင်ခင်]တို့၏သမီး၊ [ဦးစိုးမြင့် (ဂါးဒီးယန်းသတင်းစာတိုက်နှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်)-ဒေါ်ခင်လှမြင့်]တို့၏ညီမ၊ ဦးစိုးဝင်း(ဆသရ၊ ငြိမ်း)-ဒေါ်အေးအေးသက်၊ (ဦးကျော်ဇော)-ဒေါ်ညွန့်ညွန့်စိန်၊ ဦးခင်ဇော်-ဒေါ်ဝေဝေထွန်းတို့၏အစ်မ၊ ကိုကိုအေး၊ Su Yay - Mr Michael Walker, Donna Yay, Gary Yay - Lown Kearney တို့၏မိခင်၊ Micah Walker, Luca Yay တို့၏အဘွား၊ UK နိုင်ငံ၊ London မြို့နေ ဒေါက်တာစမ်းစမ်းသည် ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းမြင့် (သုဝဏ္ဏ)

**အသက်(၆၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်း၊ အမှတ် ၁၅၇၊ အခန်း ၃နေ (ဦးစိန်-ဒေါ်ရီ)တို့၏သမီး၊ ဦးခင်မောင်ထွန်း၏ညီမ၊ ကိုဆန်းထွန်းခိုင်၊ မဝတ်ရည်သင်း (မြန်မာ့အရှေ့တိုင်းဘဏ်၊ ရုံးချုပ်၊ ရန်ကုန်၊ ကတ်ဌာန)တို့၏ချစ်လှစွာသောမိခင်၊ ၂၇-၁၂-၂၀၁၅ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ထွဋ်(ခ)ဦးကြည်တွဲ အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်နေ (ဦးကြင်-ဒေါ်ကျင်စာရီ)တို့၏သား၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးခင်ညို-(ဒေါ်ခင်စန်းမြ)တို့၏သားသမက်၊ (ဦးမောင်အေး-ဒေါ်ကြည်ခင်)၊ (ဦးနေဝင်း)၊ (ဦးအပ်စိန်)-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ ဦးသက်နိုင်-ဒေါ်ခင်မြ၊ ဦးမောင်မောင်သင်း-ဒေါ်ခင်မာကြည်တို့၏အစ်ကို၊ ဒလမြို့နေ ဒေါ်ညွန့်ညွန့်ဝေ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်သူ(Messenger Media)-မစုစုလှိုင်တင်(ခေတ္တ-စင်ကာပူ)၊ မပိုးအိဖြူ(ခေတ္တ-ဒူဘိုင်း)တို့၏ဖခင်၊ မောင်မင်းမြတ်မောင်၏အဘိုး၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေးသည် ၂၄-၁၂-၂၀၁၅ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ဒလမြို့နယ် ခနိတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကကြီး

## ဦးမြဝင်း

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၃၆၊ ရွှေနှင်းဆီ(၅)လမ်းနေ (ဦးတင်ရွှေ)-ဒေါ်သန်းညွန့်တို့၏သား၊ (ဒေါ်တင်တင်ဝင်း)၏မောင်၊ ဦးသိန်းဝင်း(MR)-ဒေါ်ခင်မြတ်မိုး၊ ဦးမောင်မောင်(ထွေ/အုပ်)၊ ဦးမြင့်ရွှေ(SAE)-ဒေါ်နှင်းနွယ်နွယ်ငွေး(မန်နေဂျာ၊ MEHL)တို့၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် ၄၃၇၁၊ အခန်း ၁၂နေ ဒေါ်ခိုင်လုံးရွှေ၏ခင်ပွန်း၊ ဦးပြည့်ဖြိုးအောင်(Director) UTB Engineering Group ၏ဖခင်သည် ၂၆-၁၂-၂၀၁၅ရက် ည ၉း၂၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းအမကြီး

## ဒေါ်သင်းသင်းဟန်

**အထက(၂)ကမာရွတ်ကျောင်းသူဟောင်း**
**အသက်(၄၇)နှစ်**

မြန်မာ့သဘော်ကျင်းလုပ်ငန်းမှ ဦးခင်ဇော်(အထွေထွေမန်နေဂျာ)၏ဇနီး ဒေါ်သင်းသင်းဟန် အသက်(၄၇)နှစ်သည် ၂၅-၁၂-၂၀၁၅ရက် (သောကြာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်စိုး(ဦးဆောင်ညွှန်ကြားရေးမှူး)နှင့်ဇနီး**
**မြန်မာ့သဘော်ကျင်းလုပ်ငန်း**
**ဝန်ထမ်းမိသားစုများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းအမကြီး

## ဒေါ်သင်းသင်းဟန်

**အထက(၂)ကမာရွတ်ကျောင်းသူဟောင်း**
**အသက်(၄၇)နှစ်**

မြန်မာ့သဘော်ကျင်းလုပ်ငန်းမှ ဦးခင်ဇော်(အထွေထွေမန်နေဂျာ)၏ဇနီး၊ ဒေါ်မေဇော်(လက်ထောက်အင်ဂျင်နီယာ၊ MSDA JV Co.,Ltd.)၏မိခင် ဒေါ်သင်းသင်းဟန် အသက်(၄၇)နှစ်သည် ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်စိုး(ဥက္ကဋ္ဌ)နှင့် ဇနီး**
**MSDA JV Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

# စတုတ္ထကြိမ်မြောက် မန္တလေးတောင် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကျင်းပ




တင်မောင်(မန်းကိုယ်ပွား)
မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ဒီဇင်ဘာ ၂၇**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ကြီးမှူး၍ Mandalay Free rider စက်ဘီးစီးအဖွဲ့မှ ဦးဆောင်ကျင်းပသည့်စတုတ္ထအကြိမ်မြောက် Mandalay Hill Bike Challenge (2015) ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီခွဲက မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၂ လမ်းထောင့် စုရပ်မှ စတင်တာလွှတ်၍ မန္တလေးတောင်ပေါ်သို့ စီးနင်းယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ MFR စက်ဘီးအဖွဲ့နှင့် ပြိုင်ပွဲဖြစ်မြောက်ရေး ကူညီထောက်ပံ့သည့် အော်တိုမိုဘိုင်းမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ရှေးဦးစွာ လူမှုရေးဝန်ကြီးက အချက်ပြတာလွှတ်သေနတ်ပစ်ဖောက်၍ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပြိုင်ပွဲဝင်စက်ဘီးသမားများသည် စုရပ်နေရာမှ ၃၅ လမ်း၊ ၆၂ လမ်းမှ *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## MFF U-14 ပြိုင်ပွဲ၌ ဆီမီးရောက်အသင်းများ ထွက်ပေါ်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

MFF U-14 Boys 100 Plus Super Cup 2015 ဘောလုံးပြိုင်ပွဲအုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။ ယနေ့ပွဲစဉ်များအပြီးတွင် ဇွဲကပင်အကယ်ဒမီ (က)အသင်း၊ ရောဝတီအကယ်ဒမီနှင့် မန္တလေးအကယ်ဒမီ(က)အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

ဒုတိယနေ့ပွဲစဉ်များတွင် နံနက်ပိုင်း၌ အုပ်စု (က)တွင် ရောဝတီအကယ်ဒမီအသင်းက မန္တလေးအကယ်ဒမီ(ခ)အသင်းကို လေးဂိုး-နှစ်ဂိုး၊ ဇွဲကပင်အကယ်ဒမီ(က)အသင်းက တပ်မတော်အကယ်ဒမီအသင်းကို ခြောက်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိသည်။ ယနေ့ပွဲအပြီးတွင် အုပ်စု(က) ၌ နှစ်ပွဲဆက်အနိုင်ရပြီး ခြောက်မှတ်ရရှိထားသည့် ရောဝတီအကယ်ဒမီအသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်းတို့မှာ ပွဲစဉ်မကုန်မီ ဆီမီးတက်သွားပြီး အုပ်စုပထမနေရာအတွက်သာ ကစားရတော့မည်ဖြစ်သည်။ မန္တလေးအကယ်ဒမီ(ခ)အသင်းနှင့် တပ်မတော်အကယ်ဒမီအသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။

ညနေပိုင်း၌ ကျင်းပသည့် အုပ်စု(ခ)ပွဲစဉ်များတွင် မန္တလေးအကယ်ဒမီ(က)အသင်းက ဇွဲကပင်အကယ်ဒမီ(ခ)အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ရတနာပုံအကယ်ဒမီ *စာမျက်နှာ ၇ ကော်လံ ၃* ◆

## ဖားကန့်မြို့နယ်တွင် စွန့်ပစ်မြေစာပုံ ပြိုကျမှုနှင့် လူသုံးဦး ပျောက်ဆုံးနေကြောင်း သတင်းများအရ ရှာဖွေမှုများ ပြုလုပ်လျက်ရှိ


**ဖားကန့် ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က စွန့်ပစ်မြေစာပုံပြိုကျမှု ဖြစ်ပွားခဲ့ပြီး လူသုံးဦး ပျောက်ဆုံးနေကြောင်း သတင်းများအရ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။

ဖားကန့်မြို့နယ် မမုံကျေးရွာအနီးရှိ ကန်ခါတွမ် စုပေါင်းစွန့်ပစ်မြေစာပုံမှ အလျားပေ ၁၀၀၊ အနံပေ ၄၀၊ အမြင့်ပေ ၁၀၀ ခန့်ရှိသော မြေစာများ ပြိုကျခဲ့မှု ဖြစ်ပွားခဲ့ပြီး ထိုသို့ ပြိုကျချိန်မှာ အလုပ်သိမ်းချိန်ဖြစ်ရာ ယင်းနေရာတွင် ရေမဆေးကျောက် ရှာဖွေသူများရှိနိုင်သဖြင့်လည်းကောင်း၊ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုမှ ဇော်ထွေး(၂၁နှစ်)(ဘ)ဦးကံသိန်း၊ မောင်ထွေး(၂၁ နှစ်)(ဘ) ဦးလှငွေ၊ သိန်းဇော်(၂၈) နှစ် (ဘ) ဦးကျော်ညွန့် စုစုပေါင်း သုံးဦးမှာ ပျောက်ဆုံးနေကြောင်း နယ်မြေသတင်းများအရ *စာမျက်နှာ ၅ ကော်လံ ၅* ✻




ဖားကန့်မြို့နယ် စွန့်ပစ်မြေစာပုံပြိုကျမှုတွင် လူများပျောက်ဆုံးနေမှုကို စက်ယန္တရားများဖြင့် ရှာဖွေနေစဉ်။ (ဓာတ်ပုံ-မြဝတီ)




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS